http://www.cherrythitsar.org

မောင်ထင်

# မြန်မာဆယ့်နှစ်လအကြောင်း

ပါရမီ
စာပေ

http://www.cherrythitsar.org

# မာတိကာ


| | | |
|---|---|---|
| ၁။ | လ ဟူသည်မှာ | ၅ |
| ၂။ | ကမ္ဘာသုံးပြက္ခဒိန် | ၈ |
| ၃။ | မြန်မာပြက္ခဒိန် | ၁၆ |
| ၄။ | ရာသီအလိုက်ပွင့်သောပန်းများ | ၄၃ |
| ၅။ | တစ်ဆယ့်နှစ်ရာသီပွဲတော်များ | ၅၁ |
| ၆။ | ရာသီဖွဲ့စာဆိုများ | ၅၅ |
| ၇။ | တန်ခူးလ | ၆၁ |
| ၈။ | ကဆုန်လ | ၆၇ |
| ၉။ | နယုန်လ | ၇၀ |
| ၁၀။ | ဝါဆိုလ | ၇၃ |
| ၁၁။ | ဝါခေါင်လ | ၇၇ |
| ၁၂။ | တော်သလင်းလ | ၈၁ |
| ၁၃။ | သီတင်းကျွတ်လ | ၈၅ |
| ၁၄။ | တန်ဆောင်မုန်းလ | ၉၀ |
| ၁၅။ | နတ်တော်လ | ၉၉ |
| ၁၆။ | ပြာသိုလ | ၁၀၂ |
| ၁၇။ | တပို့တွဲလ | ၁၀၆ |
| ၁၈။ | တပေါင်းလ | ၁၁၁ |

# လ ဟူသည်မှာ

မိုးပေါ်မှာကြယ်တစ်လုံး
တိမ်ဖုံးပါလို့ လမသာ၊
သာသောခါ သာပါလိမ့်
နတ်ဒေဝါ သူဖန်ဆင်း
ဖိုးရွှေလမင်း။

ဤကဲ့သို့ သားချော့တေးကဗျာတွင် ဖွဲ့ဆိုသောလသည် ဆန်းစမှ ကွယ်သည်အထိ သာယာသောမိုးကောင်းကင်၌ ကျွန်ုပ်တို့မျက်စိဖြင့် မြင်နေကျ လမင်းကြီးဖြစ်၏။ တစ်နှစ်တာကာလကို ဆယ့်နှစ်ဖို့ပြု၍ ပိုင်းခြား သတ်မှတ်သောအခါ ယင်းတစ်ဖို့စီသောကာလကိုလည်း လဟူ၍ပင် ခေါ်သည်။ ထို့ကြောင့် ကာလအပိုင်းအခြားကိုပြသော လသည် မျက်မြင်ဒိဋ္ဌဖြစ်သော မိုးပေါ်က လကို အစွဲပြု၍ မှည့်ခေါ်သည်ဟု မှတ်သားရာသည်။

မြန်မာတို့၏နက္ခတ်ပညာအရ လကို တနင်္လာဂြိုဟ်ဟုခေါ် သည်။ ဗေဒင်ကျမ်းတို့၌ စန်းဟုပြဆိုသည်။

ကောင်းကင်ကလကို ကဗျာဆန်ဆန် ငွေစန္ဒာ၊ ငွေသော်တာ စသည်ဖြင့်လည်း ခေါ်ဆိုကြ၏။ ကာလအပိုင်းအခြားကိုပြဆိုလိုသောအခါ လကို ပါဠိဘာသာ၌ရှိသော မာသဟူသောဝေါဟာရနှင့်တွဲဖက်၍ အသုံးပြုကြသည်။

ဤကဲ့သို့ မိုးပေါ်က လကို အစွဲပြု၍ ကာလကိုလည်း လဟု

ပိုင်းခြားသတ်မှတ်၍ခေါ်ဆိုခြင်းကို ကမ္ဘာပေါ်၌ထွန်းကားသော ဘာသာစကားအချို့၌လည်း တွေ့ရသည်။ အင်္ဂလိပ်ဘာသာစကား၌ တစ်လ နှစ်လ ရေတွက်ရသောလ(မာသ)ကို month ဟုခေါ်သည်။ ယင်း ဝေါဟာရသည် မိုးပေါ်က လဖြစ်သော moon မှဆင်းသက်လာသည်။ ဥရောပ ဘာသာစကားတို့တွင် လ နှင့်ဆိုင်သောဝေါဟာရသည် လက်တင်ဘာသာ စကား mensis မှဆင်းသက်သည်။ ယင်းဝေါဟာရကို ဘာသာဗေဒ သဘောပုံစံပြောင်း၍ ကာလအပိုင်းအခြားပြဆိုသော လ အဖြစ်ဖြင့်လည်း သုံးစွဲသည်။

တစ်နှစ်တာကာလကို တစ်ဆယ့်နှစ်ပိုင်း ပိုင်းခြားသည်ဟုဆိုသော်လည်း အညီအမျှပြု၍ တစ်သမတ်တည်း ပိုင်းခြားနိုင်သည်မဟုတ်ချေ။ လသွားလမ်းကိုကြည့်၍လည်းကောင်း၊ ကြယ်သွားလမ်းကိုကြည့်၍ လည်းကောင်း၊ နေသွားလမ်းကိုကြည့်၍လည်းကောင်း တစ်လတာကာလကို သူ့စနစ်နှင့်သူ ပိုင်းခြားသည်။ စနစ်တစ်ခုနှင့်တစ်ခုမတူကြချေ။

လက ကမ္ဘာကို လှည့်ပတ်သည့်အခါ ယင်းကို ကမ္ဘာမြေပြင်မှ ကြည့်ပြီးလျှင် လဆန်းတစ်ရက်မှ နောက်လမဆန်းမီ လကွယ်နေ့အထိ ရောက်အောင် ရက်ပေါင်း ၂၉ ရက်၊ ၁၂ နာရီ၊ ၄၄ မိနစ်၊ ၂ ဒသမ ၈ စက္ကန့် ကြာသည်။ ဤကဲ့သို့တစ်ပတ်ပြည့်အောင်သွားသော လ၏လမ်းကြောင်းကိုစွဲ၍ ယင်းတစ်လကို စန္ဒရမာသဟု ခေါ်သည်။

အလွန်ဝေးသော အခြားကြယ်တစ်ခုမှကြည့်လျှင် လသည် ကမ္ဘာကို တစ်ပတ်ပတ်ရန် ရက်ပေါင်း ၂၇ ရက်၊ ၇ နာရီ၊ ၄၃ မိနစ်၊ ၁၁ ဒသမ ၅ စက္ကန့်ကြာသည်။ ဤကား ကြယ်ကိုအစွဲပြု၍ ခေါ်သော လ ပေတည်း။ ယင်းကို နက္ခတ်လဟု ခေါ်နိုင်သည်။

ကမ္ဘာသည် နေကို တစ်ပတ်ပြည့်အောင်ပတ်သောကာလသည် တစ်နှစ်ဖြစ်၏။ ယင်းကာလသည် ၃၆၅ ရက်၊ ၆ နာရီ၊ ၁၂ မိနစ်၊ ၃၇ စက္ကန့်ကြာသည်။ အကြမ်းအားဖြင့်ပြောဆိုကြသောအခါ ကမ္ဘာသည် နေကို

၃၆၅ $\frac{၁}{၄}$ ရက်လျှင်တစ်ပတ်ပတ်သည်ဟုဆိုရ၏။ ယင်း တစ်နှစ်တာ ကာလကို တစ်ဆယ့်နှစ်ပိုင်း ပိုင်းသောအခါ တစ်လလျှင်ရက်ပေါင်း ၃၀၊ ၁၀ နာရီ၊ ၂၉ မိနစ်၊ ၄ စက္ကန့်ရှိသည်။ ယင်းလကို သူရိယမာသဟု ခေါ်သည်။

ဤကား နေ၊ လ၊ နက္ခတ်တာရာအသွားအလာကိုစွဲ၍ လ၏ ကာလအခွန့်ကို တွက်ချက်ကြည့်ခြင်းဖြစ်၏။ ယေဘုယျအားဖြင့် နေသွားလမ်းနှင့် ရက်၊ လ၊ နှစ်တို့ကိုတွက်ချက်ခြင်းသည် အမှန်နှင့်နီးစပ်၏။ ထို့ကြောင့် လူမျိုးအသီးသီး နိုင်ငံအသီးသီးတို့သည် မိမိတို့နှင့်ဆိုင်ရာ ဆိုင်ရာ ခုနှစ်၊ လ၊ ရက်စသည်တို့ကို နေသွားလမ်းနှင့်ညှို၍ တွက်ချက်ပြီးလျှင် ပြက္ခဒိန်ဖွဲ့ကြသည်။ ထိုထိုသောပြက္ခဒိန်တို့၌ဖော်ပြသော လတို့သည် နိုင်ငံအသီးသီး ဆိုင်ရာဆိုင်ရာလူတို့၏ ဓလေ့ထုံးစံအရ ဆောင်ရွက်အပ်သော လူ့ကိစ္စတို့အလို့ငှာ အများက ခေါ်ဝေါ်သတ်မှတ်သောကာလနှင့်ဆိုင်သည် ဖြစ်သောကြောင့် ဝေါဟာရ လ ဟုခေါ်လေသည်။

http://www.cherrythitsar.org

# ကမ္ဘာသုံးပြက္ခဒိန်

နိုင်ငံအမျိုးမျိုးတို့သည် မိမိတို့ရိုးရာအတိုင်း နေ့၊ ရက်၊ လ၊ နှစ် အမျိုးမျိုးကို သတ်မှတ်ကြသည်ဖြစ်ရာ၊ သူတစ်မျိုး ငါတစ်ဖုံချည်း ဖြစ်၍ ပြက္ခဒိန် အမျိုးမျိုး ရှိ၏။ သို့ရာတွင် တူညီသော အချက်တစ်ချက် ရှိသည်။ ယင်းကား ခုနစ်ရက်လျှင် တစ်ပတ်၊ နှစ်ပတ်လျှင် တစ်ပက္ခ၊ နှစ်ပက္ခလျှင် တစ်လ ဟူသော အချက်ဖြစ်၏။ သာမန်အားဖြင့် တစ်လလျှင် လေးပတ် ရှိသည်ဖြစ်ရာ တစ်နှစ်လျှင် ရက်သတ္တပတ်ပေါင်း ၄၈ ရ၏။ သို့သော် နှစ်ကိုတွက်ချက်ရာ၌ နေသွားနေလာကိုမှီ၍ တွက်ချက်သည်ဖြစ်ရာ တစ်လပြီး တစ်လ လိုနေသောရက်တို့ကို သင့်ရာသင့်ရာဖြည့်စွက်ရလေရာ တစ်နှစ်လျှင် ရက်သတ္တ ၅၂ ပတ်ရှိသည်ဟုမှတ်ယူရသည်။ ဤ၌လည်း ဤနည်း အရ တွက်ကြည့်လျှင် တစ်နှစ်၌ ရက်ပေါင်း ၃၆၄ ရက်သာ ရမည်။ တစ်နှစ်ပြည့်ဖို့ ၁ ၁/၄ ရက်လိုနေသည်။ ဤလိုသောရက်ကိုင်၍ဖြည့်ယူစမြဲတည်း။ ငင်သည် ဆိုသည်မှာ လိုရာသို့ရောက်အောင်ညှိယူခြင်းဖြစ်၏။ ဤအချက်သည် ဆိုလတ္တံ့သော စကားရပ်တို့တွင် သူ့နေရာနှင့်သူ ထင်ရှားပေါ်လာပါလိမ့်မည်။ ကမ္ဘာ့ ပြက္ခဒိန်အကြောင်းကိုပြောရာ၌ ဤအခြေခံမှစ၍ ပြောရမည်ဖြစ်ခြင်းကြောင့် စကားဦးသန်း၍ဆိုလိုက်ပါသည်။

ကမ္ဘာ့ပြက္ခဒိန်အရ နေ့တို့ကို သတ်မှတ်စီစဉ်ရာ၌ မြန်မာနေ့များ အခေါ်အဝေါ်နှင့်နှိုင်းယှဉ်ကြည့်နိုင်ရန်အလို့ငှာ ကမ္ဘာသုံးနေ့များ အကြောင်းကို စကားချပ်အနေဖြင့် ဖော်ပြလိုပါသည်။

ကမ္ဘာသုံး နေ့များကို အင်္ဂလိပ်ဘာသာဖြင့် ဆန်းဒေး၊ မန်းဒေး အစရှိသည်ဖြင့် ခေါ်ဆိုသည်။ ဂျာမန်ဘာသာစကား၌ ယင်းအသံထွက်များ နှင့်ဆင်တူရိုးမှားပင် ဆွန်တက်(sontag)၊ မွန်တက် (montag) ဟူ၍ ခေါ် သည်။ ပြင်သစ်ဘာသာ၌လည်း အလားတူကဲ့သို့ပင် ဖြစ်သည်။ အဓိပ္ပာယ် မှာ နေ နေ့၊ လ နေ့ဟူ၍ဖြစ်သည်။ အောက်ပါဇယားကိုကြည့်ပါ။

| အင်္ဂလိပ်နေ့ | အမည် | အဓိပ္ပာယ် |
|---|---|---|
| Sunday | ဆန်းဒေး | နေနတ်သားကို အစွဲပြု၍ ခေါ်သော တနင်္ဂနွေနေ့။ |
| Monday | မန်းဒေး | လနတ်သမီးကိုအစွဲပြု၍ ခေါ်သော တနင်္လာနေ့။ |
| Tuesday | ကျူးစဒေး | စစ်ကိုအစိုးရသော ဂျူပီတာ (JJJupiter) နတ်မင်းကိုအစွဲပြု ၍ ခေါ်သော အင်္ဂါနေ့။ ဂရိတို့က ဇူးနတ်မင်းကြီး(Zeus) ဟုခေါ်၍ ယင်းအမည်၏ပုဒ်ရင်း မှာ Tiw ဖြစ်သည်။ |
| Wednesday | ဝင်းနဇဒေး | လေမုန်တိုင်းကိုအစိုးရသော ဝိုဒင် (Woden) နတ်မင်းကို အစွဲပြု၍ခေါ်သော ဗုဒ္ဓဟူးနေ့။ |
| Thursday | သားစဒေး | ဝိုဒင်၏သားဖြစ်သော သောရ် |

| | | |
|---|---|---|
| | | (Thor) အမည်ရှိ မိုးကြိုးနတ်ကို အစွဲပြု၍ခေါ်သော ကြာသပတေးနေ့။ |
| Friday | ဖရိုက်ဒေး | ဝိုဒင်နတ်၏မိဖုရား ဖရစ်ဂါ (Frigga) နတ်သမီးကို အစွဲပြု၍ခေါ်သော သောကြာနေ့။ |
| Saturdayday | ဆက်တာဒေး | မျိုးစေ့ကိုအစိုးရသော ဆက်တန် (Saturn) နတ်မင်းကို အစွဲပြု၍ခေါ်သော စနေနေ့။ |

ခရစ်တော်မပေါ်မီ နှစ်များစွာက အီဂျစ်ဒေသနိုင်ငံတို့တွင် တစ်လကို ရက်ပေါင်း ၃၀ ထား၍ တစ်ဆယ့်နှစ်လကို တစ်နှစ်ဟုသတ်မှတ်သော ပြက္ခဒိန်ကို ပြဋ္ဌာန်း၏။ ထိုပြဋ္ဌာန်းချက်အရ တစ်နှစ်မှာရက်ပေါင်း ၃၆၀ ရှိ၏။ နေ၏အသွားအလာကိုမှီ၍တွက်ချက်လျှင် ရက်ပေါင်း ၃၆၅ ရက် ရှိရပေလိမ့်မည်။ ထို့ကြောင့် နှစ်စဉ်လိုသောငါးရက်ကိုဖြည့်ရ၏။ သို့နှင့်လည်း မပြည့်သေးသောကြောင့် လေးနှစ်တစ်ကြိမ်ကျ ခြောက်ရက်ကို အပိုဆောင်းပေးရပြန်သည်။ ထိုရက်ပိုငါးရက်နှင့်ခြောက်ရက်တို့ကို ပွဲတော်နေ့ဟု သတ်မှတ်သည်။ သို့သော် နှစ်ပေါင်းများစွာ လွန်လေသော် ရက်ပိုများကို မေ့လျော့ခဲ့ကြသောကြောင့် ရာသီဥတုနှင့်ရက် လတို့ယွင်းကုန်ကြသည်။ ထို့ကြောင့် မိုးတွင်းဟုမှတ်သားရသောရာသီ၌ ပူလောင်သွေ့ခြောက်၍ နွေဟု မှတ်သားရသောရာသီ၌ မိုးသည်းထန်စွာရွာသည်။

ထို့ကြောင့် ဥရောပယဉ်ကျေးမှုမြစ်ဖျားခံရာ ရောမဒေသရှိ ရောမလူမျိုးတို့သည် ယင်းတို့အသုံးပြုရန် ပြက္ခဒိန်ကို တစ်မျိုးတစ်ဖုံ တီထွင်သည်။ ယင်းတီထွင်ချက်အရ တစ်နှစ်လျှင် ၁၀ လ၊ တစ်လလျှင် ၃၁ ရက်သော်

လည်းကောင်း၊ ၂၉ ရက်သော်လည်းကောင်း သတ်မှတ်သည်။ ထို့ကြောင့်

မတ်လဟုခေါ်သော ပထမလတွင် ၃၁ ရက်၊
ဧပြီလဟုခေါ်သော ဒုတိယလတွင် ၂၉ ရက်၊
မေဟုခေါ်သော တတိယလတွင် ၃၁ ရက်၊
ဇွန်ဟု ခေါ်သောစတုတ္ထလတွင် ၂၉ ရက်၊
ကွင်တီးလစ်(Quintilis) ဟု ခေါ် သော ပဥ္စမလတွင် ၃၁ ရက်၊
ဆက္ကဆတီလစ်(Sextilis)ဟုခေါ်သော ဆဋ္ဌမလတွင် ၂၉ ရက်၊
စက်တင်ဘာဟု ခေါ်သော သတ္တမလတွင် ၂၉ ရက်၊
အောက်တိုဘာဟု ခေါ်သော အဋ္ဌမလတွင် ၃၁ ရက်၊
နိုဝင်ဘာဟု ခေါ်သော နဝမလတွင် ၂၉ ရက်၊
ဒီဇင်ဘာဟု ခေါ်သော ဒသမလတွင် ၂၉ ရက်၊

အားလုံးပေါင်း ၂၉၈ ရက်ရှိသည်။

ထိုခေတ်က တစ်နှစ်ကို ၃၅၅ ရက်ဟုသတ်မှတ်သည့်အတွက် ရက်ပိုလပိုတို့ကို အလျဉ်းသင့်သလို ဖြည့်ပေးရသည်။ သို့နှင့်လည်း နှစ်ပေါင်းများစွာကြာသော် ရက်၊ လ၊ နှစ်တို့မှာ ရာသီဥတုနှင့်မကိုက်ညီချေ။ ထို့ကြောင့် ယခုခေတ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီဟုခေါ်သော လ နှစ်လကိုထပ်ဖြည့်၍ လေးနှစ်တစ်ကြိမ်ပြုပြင်သော ပြက္ခဒိန်ကိုပြဋ္ဌာန်းသည်။ ထိုအခါ တစ်နှစ်လျှင် တစ်ဆယ့်နှစ်လဖြစ်လာသည်။ ထိုပြဋ္ဌာန်းချက်အရ ပထမလေးလ၌ တစ်လလျှင် ၃၁ ရက် ရှိသည်ဟူ၍လည်းကောင်း၊ နောက်ခုနစ်လ၌ တစ်လလျှင် ၂၉ ရက် ရှိသည်ဟူ၍လည်းကောင်း၊ ကျန်တစ်လ(ဖေဖော်ဝါရီ)၌ ၂၃ ရက် ဖြစ်စေ၊ ၂၄ ရက် ဖြစ်စေ၊ ၂၇ ရက်ဖြစ်စေ၊ ၂၈ ရက်ဖြစ်စေ ဟူ၍ လည်းကောင်း နေအသွား အလာကိုတွက်ချက်၍ အမျိုးမျိုးသတ်မှတ်သည်။ သို့ပါသော်လည်းလေးနှစ်တစ်ကြိမ်တွက်လိုက်သောအခါလေးရက်ပိုနေပြန်သည်။

ထို့ကြောင့် ဘီစီ ၄၅ ခုနှစ်တွင် ရောမဧကရာဇ်ဘုရင် ဂျူးလီယပ်

ဆီဇာသည် အီဂျစ်နက္ခတ်ပညာရှင် ဆိုဆီဂျင်နီး (Sosigenes) အကြံပေးချက်အရ ဂျူလီယန်ပြက္ခဒိန်ကို တီထွင်ပြဋ္ဌာန်းသည်။ ဤ ပြဋ္ဌာန်းချက်အရ နှစ်ကို ဇန်နဝါရီနှင့်စ၍ မူလကမှည့်ခေါ်ခဲ့သော ဆဋ္ဌမ (ဇွန်) လနှင့် သတ္တမ (စက်တင်ဘာ)လအကြားတွင် ဂျူလီယပ်ဆီဇာကို ဂုဏ်ပြုသောအားဖြင့် ဇူလိုင်လဟူ၍လည်းကောင်း၊ ဩဂပ်စတပ်ဆီဇာကို ဂုဏ်ပြုသောအားဖြင့် ဩဂုတ်လဟူ၍လည်းကောင်း ယင်းနှစ်လတို့ကို ဖြည့်စွက်ထည့်သွင်းသည်။ ထိုသည်မှအစပြု၍ ယနေ့ကျွန်ုပ်တို့သိရှိနေကြပြီဖြစ်သော လ၏အမည် တစ်ဆယ့်နှစ်မျိုးကိုရသည်။ ဤစနစ်အရ ပြက္ခဒိန်ပြန်လည်ပြုပြင်သော နှစ်ဦးမှအစပြု၍ ပထမ ၃ နှစ်၌ တစ်နှစ်လျှင် ၃၆၅ ရက်ဟုရေတွက်၍ စတုတ္ထနှစ်၌ ၃၆၆ ရက်ဟုရေတွက်သည်။ ဤစနစ်ကိုလက်ခံလာရာ ခရစ်တော်ပေါ်သောအခါ၌ အေဒီဟု အတိုကောက်ခေါ်နေကြသော ခရစ်နှစ်ကို ပင်လျှင် ဂျူလီယန်ပြက္ခဒိန်အတိုင်းတွက်ချက်၍ လက်ခံလာကြသည်။ သို့ရာတွင် ပြက္ခဒိန်ဖွဲ့ရာ၌ တစ်နှစ်လျှင် ၁၁ မိနစ်လွဲမှားနေသည်။ ဤသို့လွဲမှားကြောင်းသိရသော နှစ်မှစ၍ ပြန်လည်တွက်ချက်ကြည့်ရာ နှစ်ပေါင်း ၁၆၀၀ မျှကြာသော ကာလအတွင်းဝယ် ဂျူလီယန်ပြက္ခဒိန်သည် ဆယ်ရက်မျှ မှားယွင်းနေသည်ကို တွေ့ရလေသည်။

ထို့ကြောင့် ခရစ် ၁၅၈၂ ခုနှစ်တွင် ပုပ်ရဟန်းမင်းကြီး တစ်ဆယ့်သုံးဦးမြောက် ဂရီဂိုရီ (Gregory XIII) သည် ပြက္ခဒိန်ပြန်လည်ပြုပြင်ရေးကိုဆောင်ရွက်၍ လေးနှစ်လျှင်တစ်ကြိမ်ကျ ဖေဖော်ဝါရီလတွင် တစ်ရက်ပိုဆောင်းပေးသည်။ ယင်းလေးနှစ်တစ်ကြိမ်ကား ရောက်ဆဲနှစ်ကို ၄ နှင့်စား၍ပြတ်သောနှစ်ကိုယူခြင်းဖြစ်၏။ ယနေ့ ကျွန်ုပ်တို့ သုံးစွဲနေသော ကမ္ဘာ့ပြက္ခဒိန်ကို ရဟန်းမင်းကြီးအားအစွဲပြု၍ ဂရီဂိုရီယန် ပြက္ခဒိန်ဟုခေါ်သည်။ ထိုပြက္ခဒိန်အရ လတို့၏အမည်နှင့် အစွဲပြုရာ အချက်အလက်စသည်နှင့် သတ်မှတ်သောရက်တို့ကိုအောက်တွင်ဖော်ပြပါသည်။

| အင်္ဂလိပ်လ အမည် | သတ်မှတ်ထားသော ရက်ပေါင်း | အဓိပ္ပာယ် |
|---|---|---|
| January ဇန်နဝါရီလ | ပထမလ၊ ရက်ပေါင်း ၃၁ ရက် | မျက်နှာနှစ်ဖက်ရှိသော ကောင်းကင်ဘုံ၏တံခါးဝကိုစောင့်သည့် ဂျေနပ် (Janus)နတ်ကိုအစွဲပြု၍ခေါ်သည်။ |
| February ဖေဖော်ဝါရီလ | ဒုတိယလ၊ ရက်ပေါင်း ၂၈ ရက် ရက်ငင်သောနှစ်တွင် ၂၉ ရက် | ဤလ၏အမည်သည် သန့်ရှင်းစင်ကြယ်ခြင်းဟု အဓိပ္ပာယ်ရသည်။ |
| March မတ်လ | တတိယလ၊ ရက်ပေါင်း ၃၁ ရက် | မားစ်(Mars) အမည်ရှိ စစ်ကို အစိုးရသော ရောမနတ်ကို အစွဲပြု၍ ခေါ်သည်။ ဂျူလီယန်ပြက္ခဒိန် မပြဋ္ဌာန်းရသေးမီက မတ်လသည် နှစ်အစ ပထမလဖြစ်သည်။ |
| April ဧပြီလ | စတုတ္ထလ၊ ရက်ပေါင်း ၃၀ ရက် | ထိုလတွင် လူတို့ အရူးအမူးပျော်မြူးကြသည့် April Fools' Day ကို အစွဲပြု၍ ဧပြီဟုခေါ်သည်။ |
| May မေလ | ပဥ္စမလ၊ ရက်ပေါင်း ၃၁ ရက် | မာအိယာ (Maia) အမည်ရှိ ပထဝီမြေသားနှင့် သီးပင်ဝါးပင် ဖြစ်ထွန်းခြင်းကို အစိုးရသော ရောမနတ်သမီးကို အစွဲပြု၍ ခေါ်သည်။ |
| June ဇွန်လ | ဠွန်ဟုလည်း ရေးသော ဆဋ္ဌမလ ရက်ပေါင်း ၃၀ | ဂျူနို (Juno) အမည်ရှိသော ရောမနတ်သမီးကို အစွဲပြု၍ ခေါ်သည်။ |

http://www.cherrythitsar.org

| | | |
|---|---|---|
| July<br>ဇူလိုင်လ | ဂျူလိုင်ဟုလည်းရေးသော<br>သတ္တမလ<br>ရက်ပေါင်း ၃၁ ရက် | မူလကပဉ္စမလကွင်တီးလစ်ဟုမှည့်ခေါ်ထားသည်ကို ပယ်၍ ဂျူးလီယပ် ဆီဇာကို ဂုဏ်ပြုသောအားဖြင့် အမည်သစ် ဇူလိုင် ဖြစ်လာသည်။ |
| August<br>ဩဂုတ်လ | အဋ္ဌမလ<br>ရက်ပေါင်း ၃၀ | မူလက ဆက္ကဆတီလစ် ဆဋ္ဌမလ ဟု မှည့်ခေါ်ထားသော အမည်ကို ပယ်၍ ဩဂုတ်စတပ် ဆီဇာကို ဂုဏ်ပြုသောအားဖြင့် အမည်သစ် ဩဂုတ် ဖြစ်လာသည်။ |
| September<br>စက်တင်ဘာလ | ရက်ပေါင်း ၃၀ | မူလသတ္တမမြောက်လဖြစ်၍စက်တင်ဘာလဟု မှည့်ခေါ်ထားရာမှ အစီအစဉ်သစ်အရ နဝမမြောက်ဖြစ်လာပါသော်လည်း ယင်းကို သတ္တမ စက်တင်ဘာလ ဟူ၍ပင် ဆက်၍ ခေါ်ဝေါ်သည်။ |
| October<br>အောက်တိုဘာလ | ရက်ပေါင်း ၃၁ ရက် | အထက်ကအတိုင်းပင် အဋ္ဌမမြောက် အောက်တိုဘာလကို အစီအစဉ်ပြောင်း၍ ဒသမနေရာသို့ ရွှေ့လိုက်သော်လည်း ယင်းကိုပင် အောက်တိုဘာဟု ဆက်လက် ခေါ်ဝေါ်သည်။ |
| November<br>နိုဝင်ဘာလ | ရက်ပေါင်း ၃၀ | အထက်ကအတိုင်းပင် နဝမမြောက် နိုဝင်ဘာလကို ဧကဒသမ(၁၁)နေရာသို့ ရွှေ့လိုက်သော်လည်း ယင်းကိုပင် နိုဝင်ဘာဟုဆက်လက်ခေါ်ဝေါ်သည်။ |

| | | |
|---|---|---|
| December<br>ဒီဇင်ဘာလ | ရက်ပေါင်း ၃၁ ရက် | အထက်ကအတိုင်းပင် ဒသမမြောက် ဒီဇင်ဘာလကို ဒွါဒသမ(၁၂)နေရာသို့ ရွှေ့လိုက်သော်လည်း ယင်းကိုပင် ဒီဇင်ဘာလဟု ဆက်လက်ခေါ်ဝေါ်သည်။ |

ယင်းဂရီဂိုရီယန်ပြက္ခဒိန်ကို ဥရောပတိုက် ကက်သလစ်ဂိုဏ်းဝင်နိုင်ငံတို့ကစတင်၍ တညီတညွတ်တည်း လက်ခံကြသည်။ ပရိုတက်စတင့်ဂိုဏ်းဝင် အင်္ဂလန်နိုင်ငံကား ၁၇၅၁ ခုနှစ်မှာမှစတင်၍ ဂရီဂိုရီယန် ပြက္ခဒိန်ကို လက်ခံအသုံးပြုသည်။ ရုရှားနိုင်ငံကား ၁၉၁၇ ခုနှစ်မှာမှ လက်ခံအသုံးပြုသည်။ အနည်းငယ်မျှသော ဥရောပနိုင်ငံများသည် ၁၉၂၃ ခုနှစ်မှာမှ လက်ခံအသုံးပြုသည်။ အထက်တွင် သာမန်အားဖြင့် ရောက်ဆဲနှစ်ကို ၄ နှင့်စား၍ အကြွင်းမရှိသောနှစ်များကို ရက်ငင်နှစ်ဟု သတ်မှတ်ရကြောင်းဆိုခဲ့သည်။ သို့ရာတွင် နှစ်ပေါင်း ၁၀၀ ကျရောက်သောနှစ်များတွင် ရက်ငင်ခြင်း မပြုရချေ။ ရောက်ဆဲခုနှစ်ကို ၄၀၀ နှင့် စား၍ပြတ်မှ ရက်ငင်ရမည်ဟု သတ်မှတ်သည်။ ထို့ကြောင့် ခရစ်နှစ် ၁၆၀၀ သည် ရက်ငင်နှစ်ဖြစ်သည် မှန်သော်လည်း ၁၇၀၀၊ ၁၈၀၀၊ ၁၉၀၀ ပြည့်နှစ်များကား ရက်ငင်နှစ်များ မဟုတ်ကြချေ။ ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်လျှင်မူကား ရက်ငင်ရမည်ဖြစ်သည်။

# မြန်မာပြက္ခဒိန်

## မြန်မာနေ့အမည်များ

ကမ္ဘာသုံးပြက္ခဒိန်အတွက် နေ့နှင့်လတို့၏အမည်များဖြစ်ပေါ်လာပုံကို ပြဆိုခဲ့ရာ မြန်မာပြက္ခဒိန်အကြောင်းကိုဖော်ပြရန်အတွက် မြန်မာနေ့အမည်နှင့် လအမည်တို့၏အဓိပ္ပာယ်ကိုလည်း စကားပလ္လင်ခံ၍ ဖော်ပြလျှင်သင့်လိမ့်မည်ထင်ပါသည်။

ရှေးဦးစွာ နေ့၊ ည၊ ရက် ဟူသောဝေါဟာရတို့၏အဓိပ္ပာယ်ကို တိတိကျကျနားလည်ထားဖို့လိုပေသည်။ ဝေါဟာရအလို၌ ကောင်းကင်တွင် နေထွန်းလင်းနေသမျှသောကာလကို နေ့ဟုခေါ်သည်။ နေကွယ်၍ နေကိုမမြင်ရသောကာလတစ်လျှောက်လုံးကို ညဟုခေါ်သည်။ နေ့နှင့်ညကို ပေါင်းလျှင်လည်း နေ့ဟူ၍ပင် ခေါ်ပြန်သည်။ တိကျလိုသော် ရက်ဟူသော ဝေါဟာရကိုသုံးသည်။ သို့သော် တနင်္ဂနွေနေ့၊ တနင်္လာနေ့ဟု ခေါ်ဝေါ်သုံးစွဲသည့်အခါ တနင်္ဂနွေ၊ တနင်္လာဟုသတ်မှတ်ထားသော ရက်ကိုဆိုလိုသည်ဟုမှတ်ယူရမည်။ ဂြိုဟ်သွားဂြိုဟ်လာတို့ကို တွက်ချက်ရာ၌ နေ့ဟူသောစကားကိုပင်သုံးစွဲသည်ဖြစ်ရာ ယင်းနေ့တွင် ညကာလလည်း ပါဝင်သည်ဟုမှတ်ယူရမည်။

ဤကဲ့သို့ နေ့ကိုတွက်ချက်ရာ၌ နေကိုအကြောင်းပြု၍ တွက်ချက်

သည်လည်း ရှိ၏။ နက္ခတ်တည်းဟူသော ကြယ်ကိုအကြောင်းပြု၍ တွက်ချက်သည်လည်း ရှိ၏။ နေကိုအကြောင်းပြု၍ နေ့ကိုသတ်မှတ်သောအခါ နေနေ့ဟုခေါ်နိုင်သည်။ ရှေ့တွင် ဤအခေါ်ကို တွေ့ရလိမ့်မည်။ နေနေ့ကို အင်္ဂလိပ်တို့က Solar day ဟုခေါ်သည်။ ကြယ်ကို အကြောင်းပြု၍ နေ့ကို သတ်မှတ်သောအခါ နက္ခတ်နေ့ဟုခေါ်နိုင်သည်။ နက္ခတ်နေ့ကို အင်္ဂလိပ်တို့က Sidereal day ဟုခေါ်သည်။

နေနေ့ဟူသည်ကား မြေပြင်ပေါ်မှနေ၍ နေကိုကြည့်ရှုသူတစ်ဦး၏ဦးခေါင်းတည့်တည့်၌ နေရောက်ရှိသော နေမွန်းတည့်သည့်အချိန်မှ အစပြု၍ နောက်တစ်ကြိမ် အလားတူ နေမွန်းတည့်သောအချိန်အထိဟူသော ကာလ ဖြစ်သည်။ ယင်းမှာ နေ့နှင့်ညကို တပေါင်းတည်းပြုထားသည်ဖြစ်၍ တစ်ရက်ဟုလည်း ခေါ်နိုင်သည်။ နေနေ့တစ်နေ့၏အချိန်တာသည် နက္ခတ်နေ့တစ်နေ့အချိန်၏ ၂၄ နာရီ၊ ၃ မိနစ်၊ ၂၆ ဒသမ ၅၅ စက္ကန့်နှင့်ညီမျှသည်။ နက္ခတ်နေ့ဟူသည်ကား မြေပြင်မှနေ၍ ကြယ်(နက္ခတ်)ကိုကြည့်ရှုသူတစ်ဦး၏ဦးခေါင်းတည့်တည့်၌ ကြယ်မွန်းတည့်သောအချိန်မှအစပြု၍ နောက်တစ်ကြိမ် အလားတူ ကြယ်မွန်းတည့်သော အချိန်အထိဖြစ်သည်။ ယင်းမှာလည်း နေ့နှင့်ညကို တပေါင်းတည်းပြုထားသောရက်ပင်ဖြစ်သည်။ နက္ခတ်နေ့တစ်နေ့၏အချိန်တာသည် နေနေ့အချိန်၏ ၂၃ နာရီ၊ ၅၆ မိနစ်၊ ၄ ဒသမ ၀၉ စက္ကန့်နှင့်ညီမျှသည်။

ကျွန်ုပ်တို့နေ့စဉ်ခေါ်ဝေါ်ပြောဆိုသုံးစွဲနေသော နေ့၊ ည၊ ရက်တို့မှာကား ဤသို့ဖြစ်သည်။ ရှေးလူတို့၏ဝေါဟာရ၌ နေလုံးတစ်ခြမ်းထွက်ချိန်မှ နေလုံးတစ်ခြမ်းဝင်ချိန်အထိသောကာလကို နေ့ဟုခေါ်သည်။ ထို့နောက် နေလုံးတစ်ခြမ်းဝင်ချိန်မှ နောက်တစ်ကြိမ် နေလုံးတစ်ခြမ်းထွက်ချိန်အထိသော ကာလကို ညဟုခေါ်သည်။ ဤနေ့နှင့်ည နှစ်ရပ်ပေါင်းသော် ရက်ကို ရ၏။ မြန်မာတို့သည် ဤအစဉ်ကိုလိုက်၍ နေ့ရက်သတ်မှတ်ကြစမြဲဖြစ်

သည်။ အထူးသဖြင့် လောကုတ္တရာအရေးနှင့်ဆိုင်သော ကိစ္စတို့၌ ပထမ အကြိမ် နေထွက်မှနောက်တစ်ကြိမ်နေထွက်အထိသော ကာလကို တစ်ရက်ဟု ယူသည်။ သို့ရာတွင် ကမ္ဘာ့ထုံးစံမှာကား ပထမ အကြိမ်ညသန်းခေါင်အချိန်မှစ၍ နောက်တစ်ကြိမ် ညသန်းခေါင်အချိန်အထိသော ကာလကို တစ်ရက်ဟုယူသည်။ ထို့ကြောင့် တနင်္ဂနွေနေ့ သန်းခေါင်ယံအချိန်သည် စက်နာရီအားဖြင့်သုညနာရီဖြစ်သည်။ ထိုနာရီ မှ တစ်နာရီ၊ နှစ်နာရီ စသဖြင့် ရေတွက်ခဲ့ရာ ၁၂ နာရီ (မွန်းတည့်)သို့ ရောက်သော် ယင်းပထမပိုင်းကာလကို နံနက်ပိုင်းဟုခေါ်သည်။ အင်္ဂလိပ်ဘာသာစကား၌ ယင်းနံနက်ပိုင်းနှင့်ဆိုင်သော တစ်ဆယ့်နှစ်နာရီ၏ အစိတ်အပိုင်းကို a.m. ဟူသောသင်္ကေတဖြင့် မှတ်သားရသည်။ စကား အရှည်မှာ ante-meridian ဖြစ်၏။ မွန်းလွဲအချိန်မှစ၍ နောက်သန်းခေါင်ချိန်အထိမှာကား မွန်းလွဲပိုင်း တစ်ဆယ့်နှစ်နာရီဖြစ်၍ ယင်းနာရီ အသီးသီးတို့ကို p.m. ဟူသောသင်္ကေတဖြင့် မှတ်သားရသည်။ စကားအရှည်မှာ post-meridian ဖြစ်သည်။ ထို့ကြောင့် အင်္ဂလိပ်လို 12 midnight ဟုရေးသော် ည၌သန်းခေါင်ဟုသိရသည်။ 12 noon ဟုရေးသော် မွန်းတည့်ချိန်ဟု နားလည်ရသည်။ တိတိကျကျနှင့် အများ နားလည်အောင်သုံးစွဲသောအခါ၌မူ သန်းခေါင် ၁၂ နာရီဟူ၍လည်းကောင်း၊ မွန်းတည့် ၁၂ နာရီဟူ၍လည်းကောင်း သုံးစွဲသည်။ အကြမ်းအားဖြင့် ပြောရသော် မြန်မာနိုင်ငံတွင် စက်နာရီပေါ်သောခေတ်မှစ၍ ဤနာရီအသုံးအနှုန်းကိုလိုက်ပြီးလျှင် လုပ်ငန်းဆောင်တာကိစ္စ၊ ရုံးပြင် ကန္နားကိစ္စ ဟူသော လောကီရေးရာတို့၌ ကမ္ဘာ့အသိအမှတ်ပြုသော သန်းခေါင်ယံတစ်ခုမှ သန်းခေါင်ယံတစ်ခုသို့ကူးပြောင်းသောရက်ကိုပင်လျှင် အသုံးပြုလျက်ရှိသည်။

ရှေးမြန်မာမင်းတို့သည် ရေနာရီကိုသုံးသည်။ ရေနာရီကို ပြုလုပ်ပုံမှာ ဤသို့ဖြစ်သည်။ ရတနာအတိစီခြယ်ထားသော အင်တုံထဲတွင် ရေ

အပြည့်ထည့်၍ ရေမျက်နှာပြင်ပေါ်တွင် ကြေးဖလားကို အပေါက်ဖောက်၍ တင်ရသည်။ ယင်းကြေးဖလား ရေစိမ့်၍ နစ်မြုပ်သောအခါ ယင်းနစ်မြုပ်ချိန်ကို တစ်နာရီဟု သတ်မှတ်သည်။ ကြေးဖလားသည် ကြေးနီအချိန် တစ်ဆယ်ခြောက်ကျပ်သား လေး၍ အစောက်ခုနစ်လက်သစ်၊ မျက်နှာဝ ထောင့်ဖြတ်ကိုးလက်သစ်ရှိသည်။ ဖလား၏အောက်ခြေ၌ မိန်းမပျို တစ်ဦး၏ဆံခြည်မျှင်တစ်ဆယ့်ခြောက်မျှင်ဝင်ရုံမျှအပေါက် ဖောက်ထားသည်။ ဖလားတစ်ခါနစ်လျှင် ငွေမောင်းတီးရသည်။ ဤသည်ကိုရည်၍ တစ်နာရီကို တစ်မောင်းဟုမှတ်ရသည်။ စက်နာရီနှင့်နှိုင်းသော် တစ်မောင်းခေါ် မြန်မာနာရီသည် ၂၄ မိနစ်အခွန့်ရှည်သည်။ ၄ ပါဒ်လျှင်တစ်မောင်းဟူ၍လည်း အနုစိတ်ထားသည်။

မြန်မာမင်းများလက်ထက်၌ နေထွက်(စက်နာရီ ၆ နာရီ) မှ အစပြု၍ ပဟိုရ်နာရီဖြင့် နေ့ပဟိုရ်နာရီလေးချက်၊ ညပဟိုရ်နာရီလေး ချက်၊ ပေါင်း ပဟိုရ်နာရီ ရှစ်ချက်ဖြင့် တစ်ရက်ဟုသတ်မှတ်သည်။ ဤ ပဟိုရ်နာရီစနစ်ကို စက်နာရီဖြင့်ယှဉ်ကြည့်သော် အောက်ပါအတိုင်း ဖြစ်သည်။

| စက်နာရီ | မြန်မာနာရီ | ပဟိုရ် |
|---|---|---|
| နံနက် ၉ နာရီ | ၂၂ နာရီ ၂ ပါဒ် | နေ့ပဟိုရ် ၁ ချက်တီး |
| မွန်းတည့် ၁၂ နာရီ | နာရီ ၃၀ | နေ့ပဟိုရ် ၂ ချက်တီး |
| ညနေ ၃ နာရီ | ၃၇ နာရီ ၂ ပါဒ် | နေ့ပဟိုရ် ၃ ချက်တီး |
| နေဝင် ၆ နာရီ | ၄၅ နာရီ | နေ့ပဟိုရ် ၄ ချက်တီး |
| ည ၉ နာရီ | ၅၂ နာရီ ၂ ပါဒ် | ညပဟိုရ် ၁ ချက်တီး |
| သန်းခေါင် ၁၂ နာရီ | နာရီ ၆၀ | ညပဟိုရ် ၂ ချက်တီး |
| သန်းခေါင်ကျော် ၃ နာရီ | ၇ နာရီ ၂ ပါဒ် | ညပဟိုရ် ၃ ချက်တီး |
| ၆ နာရီ (နေထွက်) | ၁၅ နာရီ | ညပဟိုရ် ၄ ချက်တီး |

ဤဇယားကား နေ့တာနှင့်ညတာ ညီမျှသော တန်ခူးလနှင့် သီတင်းကျွတ်လ နှစ်လအတွက်ဖြစ်သည်။ တစ်ဆယ့်နှစ်ရာသီပတ်လုံး နေမင်းလှည့်လည်သောလမ်းကြောင်းကိုလိုက်၍ နေထွက်နေဝင်နှင့် နေ့တာ ညတာတို့သည် အတိုအရှည် ကွဲပြားခြားနားသည်။ ထို့ကြောင့် နေ့တာ ညတာမညီမျှသောကျန်ဆယ်လအပါအဝင် အားလုံးသောလများအတွက် အလွယ်တကူတွက်ချက်နိုင်စေရန် ပတ်၊ သံ၊ တာ၊ ရှည်။ တီး၊ သံ၊ မြည်။ လက်၊ ဆည်၊ ကန်၊ စာ၊ ရေး ဟူသော သံပေါက်ကို ဖော်နည်းကား သင်္ကေတအဖြစ်ဖြင့်မှတ်သားရသည်။ ယင်းစကားလုံးတို့မှာ ကိန်းဂဏန်းကိုပြသောစကားလုံးများဖြစ်သည်။ ထိုစကားများမှ ညွှန်းသော ကိန်းဂဏန်းကို တစ်ဆယ်နှင့် ပေါင်း၍ ရလဒ်ကို နှစ်နှင့်မြှောက်လျှင် နေ့နာရီ၏အခွန့် (အရှည်)ကိုရသည်။ အောက်ပါတွက်ပုံကို လေ့လာကြည့်ပါ။

| သက်ဆိုင်ရာလ | တွက်နည်း | နေ့နာရီ | ညနာရီ |
|---|---|---|---|
| တန်ခူး | ပတ်(၅+၁၀)× ၂= ၃၀ | ၃၀ | ၃၀ |
| ကဆုန် | သံ (၆+၁၀)× ၂ =၃၂ | ၃၂ | ၂၈ |
| နယုန် | တာ (၇+၁၀)× ၂= ၃၄ | ၃၄ | ၂၆ |
| ဝါဆို | ရှည်(၈+၁၀)× ၂ = ၃၆ | ၃၆ | ၂၄ |
| ဝါခေါင် | တီး (၇+၁၀)× ၂= ၃၄ | ၃၄ | ၂၆ |
| တော်သလင်း | သံ (၆+၁၀)× ၂ = ၃၂ | ၃၂ | ၂၈ |
| သီတင်းကျွတ် | မြည်(၅+၁၀)× ၂ = ၃၀ | ၃၀ | ၃၀ |
| တန်ဆောင်မုန်း | လက်(၄+၁၀)× ၂= ၂၈ | ၂၈ | ၃၂ |
| နတ်တော် | ဆည်(၃+၁၀)× ၂= ၂၆ | ၂၆ | ၃၄ |
| ပြာသို | ကန် (၂+၁၀)× ၂= ၂၄ | ၂၄ | ၃၆ |
| တပို့တွဲ | စာ (၃+၁၀)× ၂ = ၂၆ | ၂၆ | ၃၄ |
| တပေါင်း | ရေး(၄+၁၀)× ၂ = ၂၈ | ၂၈ | ၃၂ |

မြန်မာနာရီ ၆၀ သည် စက်နာရီ ၂၄ နာရီနှင့်ညီမျှသောကြောင့် မြန်မာတစ်နာရီ၌ စက်နာရီ ၂၄ မိနစ်ရှိကြောင်း အထက်၌ဆိုခဲ့ပြီ။ ဤအချက်ကိုအခြေပြု၍ လစဉ်လစဉ် နေထွက် နေဝင်တို့ကို မြန်မာနာရီမှ စက်နာရီသို့ကူးပြောင်း၍တွက်ချက်ကြည့်လျှင် အောက်ပါအတိုင်းရသည်။ မြန်မာနိုင်ငံ မိုးလေဝသဌာနမှ မျက်မြင်ဒိဋ္ဌကိုကြည့်၍ အစီရင်ခံသော နေထွက် နေဝင်ဇယားနှင့် တစ်နှစ်ပတ်လုံး တိကျစွာကိုက်ညီလိမ့်မည်ဟု မဆိုသာသော်လည်း ပျမ်းမျှအားဖြင့် အမှန်နှင့်နီးစပ်ပါသည်။

| | | |
|---|---|---|
| တန်ခူးလ | နေထွက် | နံနက် ၆ နာရီ |
| | နေဝင် | ညနေ ၆ နာရီ |
| ကဆုန်လ | နေထွက် | နံနက် ၅ နာရီ ၃၆ မိနစ် |
| | နေဝင် | ညနေ ၆ နာရီ ၂၄ မိနစ် |
| နယုန်လ | နေထွက် | နံနက် ၅ နာရီ ၁၂ မိနစ် |
| | နေဝင် | ညနေ ၆ နာရီ ၄၈ မိနစ် |
| ဝါဆိုလ | နေထွက် | နံနက် ၄ နာရီ ၄၈ မိနစ် |
| | နေဝင် | ညနေ ၇ နာရီ ၁၂ မိနစ် |
| ဝါခေါင်လ | နေထွက် | နံနက် ၅ နာရီ ၁၂ မိနစ် |
| | နေဝင် | ညနေ ၆ နာရီ ၄၈ မိနစ် |
| တော်သလင်းလ | နေထွက် | နံနက် ၅ နာရီ ၃၆ မိနစ် |
| | နေဝင် | ညနေ ၆ နာရီ ၂၄ မိနစ် |
| သီတင်းကျွတ်လ | နေထွက် | နံနက် ၆ နာရီ |
| | နေဝင် | ညနေ ၆ နာရီ |
| တန်ဆောင်မုန်းလ | နေထွက် | နံနက် ၆ နာရီ ၂၄ မိနစ် |
| | နေဝင် | ညနေ ၅ နာရီ ၃၆ မိနစ် |

| | | |
|---|---|---|
| နတ်တော်လ | နေထွက် | နံနက် ၆ နာရီ ၄၈ မိနစ် |
| | နေဝင် | ညနေ ၅ နာရီ ၁၂ မိနစ် |
| ပြာသိုလ | နေထွက် | နံနက် ၇ နာရီ ၁၂ မိနစ် |
| | နေဝင် | ညနေ ၄ နာရီ ၄၈ မိနစ် |
| တပို့တွဲလ | နေထွက် | နံနက် ၆ နာရီ ၄၈ မိနစ် |
| | နေဝင် | ညနေ ၅ နာရီ ၁၂ မိနစ် |
| တပေါင်းလ | နေထွက် | နံနက် ၆ နာရီ ၂၄ မိနစ် |
| | နေဝင် | ညနေ ၅ နာရီ ၃၆ မိနစ် |

အထက်ပါဇယားအရ ဝါဆိုလသည် နေ့တာအရှည်ဆုံးလဖြစ်၍ ပြာသိုလကား ညတာအရှည်ဆုံးလဖြစ်ကြောင်း တွေ့ရလိမ့်မည်။

နေ့၊ ရက်၊ ညတို့၏ အခြေခံအကြောင်းများကို ပြဆိုပြီးသော် မြန်မာနေ့၏အမည်များအကြောင်းကို ပြဆိုပါမည်။ မြန်မာနေ့အမည်များ၏ဗျုပ္ပတ်ကိုဖော်ပြရာ၌ ရှေးမြန်မာတို့၏အယူအဆနှင့် ယခုခေတ် သုတေသနပညာရှင်တို့၏အယူအဆကိုယှဉ်၍ ဖော်ပြပါမည်။ ရှေးက အယူအဆဆိုသည်မှာ ရာဇမတ္တဏ်စသော နက္ခတ်ဗေဒင်ကျမ်းတို့၏ အဆိုကို လိုက်နာသူတို့၏အယူအဆဖြစ်သည်။ ယခုခေတ် သုတေသန ပညာရှင်တို့၏ အယူအဆမှာကား မြန်မာမှုနှင့်စပ်လျဉ်း၍ သုတေသနပြုသူ ဦးဖိုးလတ်နှင့်တကွ ယင်း၏အယူအဆကိုလက်ခံနေကြသော ပုဂ္ဂိုလ်တို့၏အာဘော်ဖြစ်သည်။

ရာဇမတ္တဏ်ကျမ်း၌ တနင်္ဂနွေဟူသောအမည်သည် တနင်္ဂနွေဂြိုဟ်ကို စွဲ၍ မှည့်ခေါ်သောအမည်ဖြစ်သည်။ တနင်္ဂနွေဂြိုဟ်သည် အင်္ဂတိုင်းသားကဿပရသေ့၏ဇနီး အဒိတိတွင်မြင်သော သားဖြစ်သည်။ ဒိနက်ရဟူသော ပါဠိမှ ပုဒ်ပျက်၍ တနင်္ဂနွေဖြစ်လာသည်။ အလားတူပင် တနင်္လာဟူသော အမည်မှာ ပါဠိလို သသလဉ္ဆနောမှ အဆင့်ဆင့်ပုဒ်ပျက်၍ ယဝနတိုင်း

ရှိ ခီရောဒခေါ် နို့ရည်သမုဒ္ဒရာမှဖြစ်ထွန်းသော တနင်္လာဂြိုဟ်ကိုအစွဲပြု၍ ခေါ်သောအမည်ဖြစ်သည်။ ဤကဲ့သို့အဆိုရှိ၏။

ဦးဖိုးလတ်ကမူ ပုဂံကျောက်စာအရေးအသား၌ တန်နှင်ကုနုယ်၊ တန်နှင်ကုနွေ၊ တန်နှင်ကနွေဟုရှိသည်။ တန်နှင်ကို မြန်မာဘာသာနှင့် နီးနွယ်သော ရောင်းရင်းဘာသာစကားတို့နှင့်ချင့်ချိန်၍ အဓိပ္ပာယ် ကောက်သောအခါ နေ့ဟု အဓိပ္ပာယ်ရသည်။ ကုနုယ်၊ ကုနွေ၊ ကနွေ ဟူသည်ကား နေကိုဟောသည်။ နေ့နေဟုအဓိပ္ပာယ်ရသည်။ တစ်နည်း နေနေ့ဖြစ်သည်။ နေမင်းကို အစွဲပြု၍ ခေါ်ခြင်းဖြစ်၏။ တနင်္လာဟူသော ဝေါဟာရမှာ ပုဂံရေးရေး တန်နှင်လာမှလာသည်။ "လာ" ဟူသောပုဒ် မှာ အလွန်ရှေးကျသော "လ" ဟောပုဒ်ဖြစ်သည်။ ထို့ကြောင့် တနင်္လာ ဆိုသည်မှာ နေ့လ (ဝါ) လနေ့ဖြစ်သည်။ လကိုအစွဲပြု၍ခေါ်သောနေ့ ပေတည်း။ ဤကား ယခုခေတ်လက်ခံလာကြသောအဆိုဖြစ်သည်။

ကျန်သောနေ့များ၏အမည်တို့သည် မြန်မာအခေါ်မဟုတ်ဘဲ သက္ကတဘာသာစကားကို လိုက်၍ခေါ်ကြောင်း ဦးဖိုးလတ်က ဝန်ခံသည်။ ရှေးကျောက်စာတို့၌ အင်္ဂါ၊ အင်ကာ၊ အင်္ဂါဟူ၍တွေ့ရသည်။ အင်္ဂါရ ဟူသော သက္ကတမှလာသောစကားဖြစ်၍ မီးကျီးမီးခဲဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် အင်္ဂါဟူသည်မှာ မီးကျီးကဲ့သို့နီသော အဆင်းရှိသည့် အင်္ဂါဂြိုဟ်ကို အစွဲပြု၍ ခေါ်ခြင်းဖြစ်သည်။

ဗုဒ္ဓဟူးနေ့ကို သက္ကတဘာသာဖြင့် ဗုဒ္ဓဒိနဟူ၍ လည်းကောင်း၊ ဗုဒ္ဓ ဝါရဟူ၍လည်းကောင်း ခေါ်သည်။ ဗုဒ္ဓ၏အနက်မှာ နိုးကြားခြင်း၊ ပညာရှိခြင်း၊ သောမဂြိုဟ်ဖြစ်သော လမင်း၏သားဟူ၍ဖြစ်သည်။ ရာဇမတ္တဏ်စသောကျမ်းတို့၌ တနင်္လာဂြိုဟ်(လ)မင်း၏မိဖုရား တာရာဒေဝီတွင် ဖွားမြင်သောသားဟုဖော်ပြသည်။ ဒိနနှင့်ဝါရတို့၏ အနက်မှာ နေ့ဖြစ်သည်။ ဗုဓ ဟူသောပုဒ်ကို ပါဠိနှင့်သက္ကတတို့၌ ဗုဒ္ဓ ဟူ၍လည်း လဲလှယ်၍ ရေးသား

ခေါ်ဝေါ်ကြသည်။ မွန်တို့ကား ဖုဒ္ဓဝါရ တွင် "ရ" ကိုချေ၍ ဖုဒ္ဓဝါဟု ခေါ်သည်။ မြန်မာတို့ကမူ ဗုဒ္ဓဟူးဟုခေါ် သည်။ ယင်းဝေါဟာရ၏ ဇာစ်မြစ်ကို လိုက်ကြည့်သောအခါ ကျောက်စာ၌ ပုတ္တဟူ ဟူသော အရေးအသားကို တွေ့ရသည်။ ရှေးမြန်မာတို့သည် ဗုဒ္ဓကိုပင် လှီးလွှဲ၍ မြန်မာလို ပုတ္တ ရေးကြသည်။ ထို့ကြောင့် ပုတ္တမှာ ဗုဒ္ဓပင်ဖြစ်သည်။ "ဟူ" ဟူသောပုဒ်ကို ဦးဖိုးလတ်က ကြံဆရာ၌ ပါဠိနှင့် သက္ကတတွင် "ဟူ" သည် ပင့်ခေါ်ခြင်းအနက် ရှိသည်ဟု ဆိုသည်။ ထို့ကြောင့် ပုတ္တဟူ၊ ဗုဒ္ဓဟူး ဟူသည် ဘုရားရှင်ကို ပင့်ခေါ်သောနေ့ ဖြစ်သည်ဟု အဓိပ္ပာယ်ကောက်သည်။

ရာဇမတ္တဏ်စသည်တို့၏အလိုအရ ကြာသပတေးသည် သိဒ္ဓတိုင်း အင်္ဂီရသအနွယ် ကျာသပတေးကို အစွဲပြု၍ ခေါ်သည်ဟု ဆိုသည်။ ပုဂံကျောက်စာတို့၌ ကြာသပတိယ် ဟူသောအရေးအသားနှင့်ဆင်တူ အရေးအသားတို့ကိုတွေ့ရသည်။ ယင်းပုဒ်သည် ဗြိဟသ္သတိမှသော် လည်းကောင်း၊ ယင်းနှင့်အနက်တူ ဝစသံပတိ(ဝါ)ဝကျသံပတိမှသော်လည်းကောင်း လာဟန်ရှိကြောင်း ဦးဖိုးလတ်က ဆိုသည်။ ယင်းပုဒ်နှစ်ခုစလုံး၏အနက်မှာ (ဝစသာ = စကား + ပတိ = အရှင်) စကား၏အရှင်ဟု အဓိပ္ပာယ်ရသည်။ မြန်မာကျောက်စာ၌ရေးသောပတိယ်သည်ခေတ်ရေးပတိနှင့်အတူတူဖြစ်သည်။

တောဇကေဂ္ဂတိုင်းသား၊ သေတဗျအမျိုး၊ ဘဂုရသေ့၏မယား ဖြစ်သူ သုဇိတာမှဖွားမြင်သော သောကြာကိုအစွဲပြု၍ သောကြာဟုခေါ် ကြောင်း ရာဇမတ္တဏ်ကျမ်းစသည်တို့က ပြဆိုသည်။ သုကြာဟူသော အရေးကို ပုဂံကျောက်စာများတွင် တွေ့ရသည်။ သုကြာဟူသောပုဒ်မှာ သက္ကတဘာသာ သုကြမှဆင်းသက်လာသောပုဒ်ဖြစ်သည်ကို မငြင်းသာချေ။ သုကြာမှ သောကြာဖြစ်လာပုံကို ဦးဖိုးလတ်က အဆင့်ဆင့်ပြဆိုသည်။ သုကြာ၏ အဓိပ္ပာယ်မှာ ဖြူစင်တောက်ထွန်းခြင်းဖြစ်သည်။

ရာဇမတ္တဏ်စသောကျမ်းတို့၌ စနေကို သနေဟုပြသည်။ သော

ရဋ္ဌတိုင်း ကာရအနွယ် တနင်္ဂနွေဂြိုဟ်မင်း၏ မယား ယသိဆာယာတွင် ဖွား မြင်သောသား ဇပ္ပကိုအစွဲပြု၍ခေါ်ကြောင်းလည်း ဆိုသည်။ ပုဂံ ကျောက်စာ တို့၌ စနေကို စနိဟ်ဟုရေးသည်။ ယင်းမှာသက္ကတဘာသာ ဂနိ(ရှနိဟုဖတ်) မှ ဆင်းသက်လာသည်ကို ဦးဖိုးလတ်က ရှင်းပြသည်။ အဓိပ္ပာယ်မှာ ဖြည်း ညင်းစွာသွားခြင်းဖြစ်သည်။ ရှေးရိုးကျမ်းဂန်တို့၌ စနေနှင့်စပ်လျဉ်း၍ သနေ စရ ဖြည်းဖြည်းသွားသည်ဟုဆိုကြသည်နှင့်လည်း နှိုင်းယှဉ်ကြည့်နိုင်သည်။

## မြန်မာလအမည်များ

မြန်မာတစ်ဆယ့်နှစ်လအမည်များကို ရှေးပုဂံခေတ်ရေးသားပုံနှင့် ယခုခေတ်ရေးသားပုံတို့ကိုယှဉ်၍ အောက်တွင်ဖော်ပြပါသည်။ ယခုခေတ် ရေးသားပုံမှာ ၁၉၈၆ ခုနှစ်တွင်ထုတ်ဝေသော "မြန်မာစာလုံးပေါင်း သတ်ပုံ ကျမ်း" နှင့်အညီ ရေးသားခြင်းဖြစ်ပါသည်။

| ပုဂံခေတ်ရေးသားပုံ | ယခုခေတ်ရေးသားပုံ |
|---|---|
| ၁။ တန်ခူ | တန်ခူး |
| ၂။ ကုဆုန်၊ ကဆုန် | ကဆုန် |
| ၃။ နံယုန်၊ နံမျုန် | နယုန် |
| ၄။ မယ်တာ၊ မြွယ်တာ | ဝါဆို |
| ၅။ နံကာ | ဝါခေါင် |
| ၆။ တော်သလင် | တော်သလင်း |
| ၇။ သန်တူ၊ သန္တူ | သီတင်းကျွတ် |
| ၈။ တန်ဆောင်မှုန်း | တန်ဆောင်မုန်း |
| ၉။ နတ်တော် | နတ်တော် |
| ၁၀။ ပ္လသိုဝ်၊ ပ္လာသိုဝ်<br>ပြသိုဝ်၊ ပြာသိုဝ် | ပြာသို |

၁၁။ တပိုတွယ်၊ တပိုအတွယ် တပို့တွဲ
၁၂။ တပေါင် တပေါင်း

တန်ခူးလကို တန်းခူးဟူ၍ရေးသည်လည်း ရှိ၏။ တစ်ခါတစ်ရံ ပျို့ ကဗျာတို့၌ တာကူးလဟူ၍ရေးသည်ကိုလည်း တွေ့ရ၏။ တာကူး ဟူသောအရေးအသားမှာ မိန်ရာသီမှ မိဿရာသီသို့ တနင်္ဂနွေဂြိုဟ် ပြောင်းခြင်းကို စွဲ၍ ရေးသားကြောင်း ဝေါဟာရလိနတ္ထဒီပနီကျမ်းပြုစုသူ လေ့သင်းအတွင်းဝန်မင်းက ဆိုသည်။ ဤအဆိုကိုလိုက်၍ ဝေါဟာရ၏ ဇာစ်မြစ်ကို ရှာဖွေသူတို့က တာကူးမှ တန်ခူးသို့ရွေ့လျားသည်ဟုကြံဆကြ၏။ သို့ရာတွင် ပုဂံကျောက်စာ၏အရေးအသားတို့ကို အခြေခံ၍ သုတေသနပြုသော ဦးဖိုးလတ်ကမူ တာကူးဟူသောအသုံးအနှုန်းနှင့် တန်ခူးဟူသောအသုံးအနှုန်းသည် သူ့အဓိပ္ပာယ်နှင့်သူ တခြားစီဖြစ်သည်ဟုဆိုသည်။ "တာ" သည် အချိန်အခါ၊ ရာသီဥတု၊ နှစ်စသည်တို့ကိုဟောရာ ဤတာကူးဟူသော ဝေါဟာရ၌ နှစ်ကိုရည်ရွယ်သည်။ ထို့ကြောင့် တာကူးလသည် နှစ်ကူးသောလဟုအဓိပ္ပာယ်ရသည်ဟုဆိုသည်။ တန်ခူးဟူသောဝေါဟာရ၌ တန်(ဝါ) တန်းသည် ပါဠိ ကာလနှင့်အနက်တူသော ထန်း ဖြစ်သည်။ "ခူး" ကား ဆွတ်ခူးသည်ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် တန်ခူးလဆိုသည်မှာ ထန်းသီးဆွတ်ခူးသောလဟု မှတ်ယူရမည်ဆိုသည်။ ဤနည်းတူ တပို့တွဲ တပေါင်းတည်း ဟူသောဝေါဟာရတို့၌ပါသော "တ" ပုဒ်ကို "ထန်း"မှပျက်လာသော ပုဒ်ဟုဆိုကြောင်းကို ရှေ့၌တွေ့ရဦးမည်။

ဆိုလတ္တံ့တို့၌ ဦးဖိုးလတ်၏အာဘော်ကိုအရင်းခံထား၍ဆိုပါမည်။ လေ့သင်းအတွင်းဝန်မင်းနှင့်ကွဲလွဲချက်ရှိသည်ကိုလည်း ယှဉ်၍ပြပါမည်။

ပုဂံကျောက်စာတို့တွင် ကုဆုန်ဟူသောအရေးအပြင် ကုဆုန်၊ ခုဆုန်၊ ခုဆုန်ဟူသောကွဲလွဲချက်များကို တွေ့ရသော်လည်း သဘောမှာ အတူ

တူချည်းဖြစ်၍ ကုဆုန်ကို အရင်းခံထား၍ ဆိုပါမည်။ ကုဆုန်ဟူသော စကား၌ ကုသည် ရေကိုဟော၏။ ဆုန်ကား စုန်ဆင်းခြင်း၊ စီးဆင်းခြင်း၊ သွန်းလောင်းခြင်းကိုဟောသည်။ ကု မှ က သို့ ရွေ့လျောသည်။ အဓိပ္ပာယ်ကား ရေသွန်းလောင်းသောလဟူ၏။ လေ့သင်းအတွင်းဝန်မင်းကမူ ကဆုန်ကို ဝိဂြိုဟ်ပြုသောအခါ၊ "ဥဒကံ ရေကို၊ ဆိန္ဒတိ ဖြတ်တတ်၏" ဟုဆို၍ ယင်းလကို ရေပြတ်သောလဟု အဓိပ္ပာယ်ဖွင့်သည်။ သို့ရာတွင် ဆယ့်နှစ်လရာသီပွဲ့များတွင် ကဆုန်ညောင်ရေသွန်းခြင်းကို ပဓာနပြု၍ ဖွဲ့ဆိုကြသောကြောင့် ရေသွန်းလောင်းခြင်းဟူသည် ညောင်ရေသွန်းခြင်းပင်ဖြစ်သည် ဟူ၍ မှတ်ယူခြင်းသည် သဘာဝကျလိမ့်မည်။

နယုန်လဟူသောဝေါဟာရ၏အနက်ကိုကြံဆရာ၌ "နံ"သည် အချိန်ကာလကိုဟောသောပုဒ်ဖြစ်သည်။ "ယုန်" ဟူသောဝေါဟာရ၏ ဇာစ်မြစ်ကို မြန်မာစကားနှင့်အနွယ်တူသော တိုင်းရင်းဘာသာစကားထဲတွင် လိုက်လံ ရှာဖွေကြည့်သောအခါ "ယုန်"ဟူသည် မိုးကို လည်းကောင်း၊ စီးဆင်းခြင်းကိုလည်းကောင်း ဟောသည်ကိုတွေ့ရသည်။ ထို့ကြောင့် နယုန်လဟူသည် မိုးရွာသောလကို ဆိုလိုသည်။ ဝေါဟာရလိနတ္ထဒီပနီကျမ်း၌ နရယုဂမှ နယုန်ဖြစ်သည်ဟုဆိုသည်မှာ ယုတ္တိမတန်ဟု ဦးဖိုးလတ်က ယူသည်။ နရယုဂ အဓိပ္ပာယ်မှာ ယောကျ်ား မိန်းမအစုံဟူလေသည်။ သို့သော် နရယုဂသည် ပါဠိဘာသာစကားအရင်း မဟုတ်ချေ။

ဝါဆိုလဟူသောအမည်၌ ရှေးနှင့်နှောင်းပညာရှင်တို့ဝိဝါဒကွဲပြားခြင်း မရှိချေ။ ဝါ ဆိုသည်မှာ ပါဠိဝါသမှတိုက်ရိုက်လာသောစကား ဖြစ်၍ နေခြင်းဟုအဓိပ္ပာယ်ရသည်။ "ဆို" ဟူသည်မှာ ရွတ်ဆိုခြင်း အနက်ရသည်။ မိုးတွင်းသုံးလအတွင်း ရဟန်းတော်များ ကျောင်း၌နေပါမည်ဟု အဆိုပြုသော လကို ဝါဆိုလဟုခေါ်သည်။

ပုဂံကျောက်စာအဦးပိုင်းတွင် ဝါဆိုလကို မ္လယ်တာဟူ၍လည်း

ကောင်း၊ မြွယ်တာဟူ၍လည်းကောင်း ရေးသည်။ နှောင်းပိုင်းတွင် နွယ်တာဟူ၍လည်းကောင်း၊ နွေတာဟူ၍လည်းကောင်း ရေးလာကြသည်။ သို့သော် မ္လယ်တာသည်သာလျှင် အရင်းခံစကားဖြစ်သည်။ “မ္လယ်” ကား လယ်ယာမိုးမြေကိုဟောသည်။ “တာ” ကား တိုင်းတာခြင်းပင်ဖြစ်သည်။ လယ်ယာမြေတို့ကို တိုင်းတာသောလဟူလေသည်။

ကျောက်စာတို့၌ ဝါခေါင်လအရေးအသားကိုတွေ့ရန် ခဲယဉ်းသည်။ ထို့ကြောင့် ဝါခေါင်လကို ယခုခေတ်သုံးစကားနှင့်ပင် ကြံဆ၍ ရနိုင်သည်။ “ခေါင်” ဟူသောဝေါဟာရသည် အထက်၊ အလယ်၊ ဗဟို၊ အတွင်း ဟူ၍ အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ဝါတွင်းသုံးလ၏ အလယ်ဟု အဓိပ္ပာယ်ကောက်ယူနိုင်သည်။ ဝါခေါင်လသည် ဝါလယ်လပင်ဖြစ်သည်။

လှေသင်းအတွင်းဝန်မင်းကမူ “ခေါင်” ကို “မိုးခေါင်သည်” (မိုးမရွာ) ဟူသောအနက်ကဲ့သို့ကောက်၍ ဝါခေါင်ဆိုသည်မှာ ဝါမဆို၊ ဝါမကပ်၊ ဝါနှင့်ဝေးသည်ဟု အဓိပ္ပာယ်ရကြောင်း ဖွင့်ဆိုသည်။ ဤလ၌ ဝါမကပ်ဟူသောသဘောသို့သက်ရောက်သည်။ စင်စစ် ဝါခေါင်လပြည့်ကျော်တစ်ရက်နေ့၌ ရဟန်းတော်တို့သည် ပစ္ဆိမဝါကို ကပ်နိုင်သည်။

ဝါခေါင်လကိုကျောက်စာ၌ နံကာဟုအရေးများသည်။ “နံ” ဟူသောပုဒ်မှာ နယုန်၌တွေ့ရသောပုဒ်အတိုင်းပင် အချိန်ကာလကိုပြသည်။ “ကာ”ကိုကြံဆသောအခါ လယ်လုပ်ငန်းဟူ၍ပြဆိုသည်။ ထို့ကြောင့် နံကာကား လယ်လုပ်ချိန် လယ်ထွန်ချိန်နှင့်ဆိုင်သောလဟု အဓိပ္ပာယ်ရသည်။ ဝေါဟာရလိနတ္ထဒီပနီ၌ကား နံကာသည် နိက္ခမနိယဟူသော ပါဠိမှ လာသည်ဟုဆိုသည်။ အဓိပ္ပာယ်မှာ နေသည် အတွင်းခရီးမှ အပြင်ခရီးသို့ ထွက်ခြင်းဖြစ်သည်။ မျက်မှောက်ခေတ်တွင် ဤကြံဆပုံ ကြံဆနည်းကို အတွေးခေါင်သည်ဟုဆိုကြလိမ့်မည်။

တော်သလင်း၏ဇာစ်မြစ်ကို သဏ္ဍတ၊ ပါဠိ၊ တိဗက်၊ တရုတ်

ဘာသာစကားထဲ၌ လိုက်လံရှာဖွေရန်မလိုတော့ချေ။ မြန်မာစကားသက်သက်နှင့်ပင် အဓိပ္ပာယ်ထွက်သည်။ "တော်" ဆိုသည်မှာ မြင့်မြတ်သည်၊ အထွတ်အထိပ် ဖြစ်သည်၊ အထက်ကောင်းကင် ဖြစ်သည်ဟူ၍ လည်းကောင်း၊ "သလင်း"ဆိုသည်မှာ "သာလင်း" မှ လာ၍ သာယာထွန်းလင်းဟူသော အဓိပ္ပာယ်ရှိသည်ဟူ၍လည်းကောင်း ကြံဆကြသည်။ သို့သော်အင်းဝခေတ်နှောင်းပိုင်းတွင် သစ်ဆင်းလဟူသောအရေးအသားကို ပို့ကဗျာများ၌တွေ့ရပြန်သည်။ ယင်းကို အချို့သောပညာရှင်တို့က သစ်ဖောင် ဝါးဖောင်များ စုန်ဆင်းသောလဟု အဓိပ္ပာယ်ကောက်ကြသည်။ သို့ရာတွင် စာဆို ဦးအောင်ကြီး၏လူးတားတွင် တိုင်လေးစင်၏ ထိပ်ဖျားမှ ပိုက်ခင်းထားသော ရေပြင်ပေါ်သို့ခုန်ဆင်းသည့် ပျော်ပွဲသဘင်ကို အခိုင်အမာ ဖော်ပြထားခြင်းကြောင့် "ပန်းလုသဘင်၊ သစ်ဆင်းရင်" သော ပွဲတော်ကိုအစွဲပြု၍ သစ်ဆင်းလဟု ခေါ်ကြောင်း အဆိုကို အများက လက်ခံကြသည်။ အကျယ်ကို ရှေ့တွင် ဆိုလတ္တံ့သော ပွဲသဘင်များ အကြောင်း၌ တွေ့ရလိမ့်မည်။ ဤအချက်ကို လှေသင်းအတွင်းဝန်မင်းက သဘောမတူသည့်အပြင် တော်သလင်း ၏ဇာစ်မြစ်ကို ကြံဆရာ၌ "ကောသိတုံအလံ"ဟူသော ပါဠိမှ ဆင်းသက်၍ တော်သလင်းဟူသော စကားဖြစ်လာသည်ဟု ဆိုသည်။ တော်သလင်းကို ရာသီအားဖြင့် ကန်ရာသီဟုခေါ်သည်။ ကန်ရာသီကား ကညာကို စွဲ၍ ခေါ်ခြင်းဖြစ်သည်။ ကညာသည် ယောကျ်ားကို နှစ်သက်စေတတ်သည်။ ယင်းသို့ ယောကျ်ားကိုနှစ်သက်စေခြင်း သဒ္ဒါသည် ပါဠိ၌ တောသဟူ၍လည်း ရှိသည်။ တောသမှ တော်သလင်းသို့ ရွေ့လျားသည်ဟု လှေသင်း အတွင်းဝန်က မိန့်ဆိုသည်။ ဤအဆိုကိုလည်း ခေတ်လူတို့က အထက်က အတိုင်းပင် အတွေးခေါင်၍ ပါဠိဘက်သို့လိုက်လွန်းသည်ဟု ယူဆကြပေလိမ့်မည်။

သီတင်းကျွတ်လကို ပုဂံကျောက်စာတို့၌ သန်တူလ၊ သန္တူလ

ဟူ၍ ပြသည်။ သီတင်းကျွတ်ဟူသောဝေါဟာရကို မတွေ့ရချေ။ အင်းဝခေတ် ကျောက်စာတို့တွင် သီတင်းကျွတ်ကို သတင်းကျွတ်ဟူ၍လည်း ရေးသားသည်။ လေ့သင်းအတွင်းဝန်မင်းက "သတင်းကျွတ်လဟုခေါ်ဆိုသည်မှာ ဝါဆိုလပြည့်နေ့မှစ၍ သတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့အထိ သတင်းဝါလကျွတ်သောကြောင့်" ခေါ်သည်ဟုရေးသားခဲ့၏။ ယင်းကို ဦးဖိုးလတ်ကထောက်ခံ၍ သတင်းဟုဆိုသော ဝေါဟာရ၏ အနက်မှာ နေထိုင်ခြင်းဖြစ်သည်။ ယင်းအနက်မှ "သီလကိုကျင့်သုံး ဆောက်တည်နေထိုင်ခြင်း" ဟူသောအနက်သို့ထပ်မံရွေ့လျောလာသည်ဟုဆိုသည်။ ဤအနက်သည် ဝါကျွတ်ဟူသောအနက်နှင့်ကိုက်ညီသည် ဟူ၍လည်း ဆိုသည်။ ရဟန်းတော်တို့ သီတင်းသုံးနေထိုင်ကြသည်မှာ အကျင့်သီလနှင့် တကွ နေထိုင်ကြသည်ဖြစ်ရာ သီတင်းသုံးခြင်းကိုစွဲယူခြင်းမပြုဘဲ သီလကို စွဲယူခြင်းပြု၍ သီတင်းကျွတ်ဟူသောအရေးအသား ကို ယခုအခါ အတည်ပြုလာကြသည်။

ပုဂံကျောက်စာ၌ရေးသားသော သန်တူ၌ရှိသော သန်ကို ကောက်ပင်ဟုအဓိပ္ပာယ်ကောက်သည်။ တူကိုမူ မြန်မာစကားနှင့်နီးနွယ်သော အခြားဘာသာစကားတို့နှင့်အရင်းအမြစ်ကိုလိုက်၍ "ထူသည်၊ ထောင်သည်၊ ပေါက်ပွားသည်" ဟူသောအနက်ကို ယူသည်။ ထို့ကြောင့် သန်တူလ ဆိုသည်မှာ ကောက်ပင်များထွက်၍ ထောင်မတ်လာသောလဟုအဓိပ္ပာယ်ကောက်သည်။ လေ့သင်းအတွင်းဝန်မင်းကမူ "သန်"သည် ဝသန္တမှလာ၍ "မိုး" ကို ဟောသည်။ တူကား တူရာသီကိုရည်ညွှန်းသည်။ အဓိပ္ပာယ်မှာ ဝသန္တဥတု တူရာသီဖြစ်သည်။ ဤအဆိုကို ဦးဖိုးလတ်က လက်မခံချေ။

တန်ဆောင်မုန်းလကို ရေးက တန်ဆောင်မှုန်းဟုရေးသားကြသည်မှာ မီးရှူးမီးတိုင်ထွန်းလင်းတောက်ပသည်ကို အကြောင်းပြု၍ ရေးသားကြသည်ဟုဆိုသည်။ တန်ဆောင်ကား မီးရှူးမီးတိုင်တို့မှပေးသော

အလင်းရောင်ဖြစ်သည်ကို သိသာပါသည်။ မုန်းနှင့်မှုန်း ဝေါဟာရက အဘယ်သို့နည်း။ ဤအချက်ကို မြန်မာနှင့်ရောင်းရင်းဖြစ်သောဘာသာ စကားများနှင့်ညှိနှိုင်း၍ မှုန်းသည် ထွန်းလင်းတောက်ပစေသည်ဟု အဓိပ္ပာယ် ရကြောင်း ဦးဖိုးလတ်ကဖွင့်ဆိုသည်။ ရှေးခေတ်နှင့်နှောင်းခေတ်ကြဲ ဆပုံများ၌ ဆန့်ကျင်သောသဘောမရှိချေ။

နတ်တော်လကား နတ်ကိုပူဇော်သောလပင်တည်း။ ဤ၌လည်း စကားဇာစ်မြစ်တို့ကိုစစ်ဆေးရာတွင် ရှေးနှင့်နှောင်းသဘောထား ကွဲပြား သည်ကိုမတွေ့ရချေ။ သို့ရာတွင် မည်သည့်နတ်ကို ကိုးကွယ်သည်ဟူသော အချက်၌ကား အယူအဆနှစ်မျိုးရှိသည်။ လေ့သင်း အတွင်းဝန်မင်းက နတ် တော်လတွင် မဟာပိန္နဲနတ်မင်းအား ပူဇော်ပသသည်ဟု ပထမဆို၏။ တဖန် မဟာဂီရိနတ်မောင်နှမအား ပူဇော်ပသသည်ဟု ဒုတိယစကားကို ဆိုပြန် သည်။ ဤအချက်ကိုဝိဝါဒကွဲပြားအောင် ဦးဖိုးလတ်က ရှင်းလင်းပြသည်မှာ မင်းမဟာဂီရိနတ်မောင်နှမကို ပူဇော်သည်ကား အရင်းခံဖြစ်သည်။ ယင်းသို့ ပူဇော်သည့်အခါ လူတို့ ကနှစ်စဉ် ကြက် ဝက် ဆိတ် နွား တို့၏အသက်ဖြင့် သတ်ဖြတ်ပူဇော်လေ့ ရှိသည်။ ဟံသာဝတီဆင်ဖြူရှင်လက်ထက်သို့ ရောက် သောအခါ ယင်းကဲ့ သို့ပူဇော်ခြင်းသည် သာသနာနှင့်ဆန့်ကျင်ဘက်ဖြစ် သည်ဟုဆို၍ ပိတ် ပင်သည်။ ထိုအခါ မဟာပိန္နဲနတ်ကို ရထားတင်ဆွဲငင်၍ ပူဇော်စေသည် ဟူ၍ဖြစ်လေသည်။

ပြာသိုလကို အဘယ်ကြောင့် ပြာသိုလဟုခေါ်သနည်းဟူ၍ အရင်း အမြစ်ကိုစိစစ်သော်၊ ပ္လသိုဝ်၊ ပ္လာ သိုဝ်မှ ပြသိုဝ် ပြာသိုဝ်၊ ပြာသိုဝ် ဟူသော စကားတို့မှာ ပြာသိုသို့ ဆင်းသက်လာသည်ကို အလွယ်နှင့်ပြဆိုနိုင်သော် လည်း ယင်းဝေါဟာရကိုဓာတ်ခွဲကြည့်ရာ၌ လွန်စွာခက်ခဲသည်။ ပ ၁သို၌ ပါသော"ပ္လ ၁"သဒ္ဒါကို မြန်မာ့နွယ်တူသောဘာသာစကား တို့တွင် လိုက်လံ ရှာဖွေရာ ပျားဖယောင်းဟောသောပုဒ်ရင်းကိုရသည်။ "သို" ၏အနက်ကား

သိုလှောင်ခြင်းဖြစ်သည်။ ထို့ကြောင့် ပြာသိုလဟူသည် ပျားဖယောင်းကိုစု၍ အရဆုံးလဟုအဓိပ္ပာယ်ရကြောင်း ဦးဖိုးလတ်ကဆိုသည်။ လေ့သင်း အတွင်း ဝန်မင်း၏အလိုကား ပြာသိုလသည် သက္ကတ ပေါဿျမှလာသည်။ ပေါဿျ ကား ဖုသျှနက္ခတ်ဖြစ်သည်။ ပြာသိုလ မကာရ ရာသီတွင် ဖုသျှနက္ခတ်နှင့် ယှဉ်၍ လပြည့်သည်ကို အကြောင်းပြု၍ ပြာသိုဟုခေါ်ကြောင်းဖွင့်ဆိုသည်။

တပို့တွဲဟူသော ဝေါဟာရ၌ပါသည့် တ မှာ ထန်းကို ဟော ကြောင်း ပြခဲ့ပြီ။ ဦးဖိုးလတ်က "တပို့" မှာ ထန်းပို့ဖြစ်၍ ထန်းဖူး ထန်းခိုင် ဟုအဓိပ္ပာယ်ရသည်။ "တွဲ" ကား မြန်မာစကားသက်သက်တွဲကျခြင်းကို ဟောသည်။ တပို့တွဲလဟူသည် ထန်းဖူး ထန်းခိုင်တို့ကို အောက်သို့ တွဲကျ အောင်ပြုလုပ်ခြင်းဖြစ်၍ ထန်းရည်နှင်းလဟုအဓိပ္ပာယ်ရကြောင်း ဖွင့်ဆို သည်။ ဝေါဟာရတ္ထပကာသနီကျမ်း၌ ဒုတိယကျော်အောင်စံထား ဆရာ တော်က တပို့တွဲမှာ လယ်ယာလုပ်သားတို့ ထမ်းပိုး ကိုဆွဲထားသည် ဟူ သော အနက်မှလာသည်ဟုဆိုသည်။ လေ့သင်းအတွင်းဝန်မင်းကမူ ဤ အဆိုကို ပယ်၍ တပို့တွဲသည် ပါဠိသက္ကတ၌ရှိသော ပူပန်ခြင်းအနက် ရှိ သည့် "တပါ" သဒ္ဒါမှလာသည်ဟူ၍လည်းကောင်း၊ "တပံသူရိယာ တ ပဥ္စာ နံ ဓာဝယတိ ပလာယတိ" ဟူသော ဝိဂြိုဟ်ကိုထောက်၍ တပဓာဝယ ပုဒ်မှ လာ၍ "နေပူရာ နေရောင်ပျိုးရာ အရပ်သို့ပြေးသွားစေတတ်" ခြင်းကို အစွဲပြု၍ ခေါ်သည်ဟူ၍လည်းကောင်း ဖွင့်ဆိုသည်။ ဒုတိယကျော်အောင် စံထားဆရာတော်က ဝေါဟာရ၏ဗျုပ္ပတ်ကိုရှာရာ၌ မြန်မာစကား သက် သက်ကိုအ ခြေခံ၍ကြံဆဘိသကဲ့သို့ လေ့သင်းအတွင်းဝန်မင်းက သက္ကတ နှင့်ပါဠိဂတိကိုလိုက်၍ ကြံဆသည်။

တပေါင်းလဟူသည်မှာ ထန်းရည်ကိုကျို၍ ထန်းလျက်ချက် သောလဟူ၍ ဦးဖိုးလတ်ကဆိုသည်။ "တ" သဒ္ဒါကိုသိကြပြီးဖြစ်သည်။ "ပေါင်း" ဟူသည်ကား မြန်မာစကား ရိုးရိုး ပေါင်းသည်။ ကျိုသည်။ ချက်

သည်ဟူ၍အဓိပ္ပာယ်ရသည်။ လေ့သင်းအတွင်းဝန်မင်းကမူ ပါဠိကို လိုက်တတ်သည့်အတိုင်း "တပေါင်း" ဆိုသည်မှာ "တပဿျား" မှလာ၍ ပူပန်ခြင်းကောင်းသောလ (ပြင်းထန်သောလ) ဖြစ်သည်ဟုဆိုသည်။ ဝန်ကြီး ပဒေသရာဇာ၏ ထန်းတက်သမားဘွဲ့၌ နွေဦးကာလ (တပေါင်းလ)တွင် ထန်းတက်၍ ထန်းရည်သိမ်းဆည်းပြီးလျှင် ထန်းလျက်ချက်သည်ကို ဖွဲ့ဆိုထား သည်။ ဤကိုကောက်၍ ထန်းချက်သော လဟူသောအဆိုက ပို၍ယုတ္တိတန်ဟု မှတ်ယူရန်ရှိသည်။

# လနှင့်ရာသီ

ဤကမ္ဘာမြေကြီးက နေကိုတစ်ပတ်ပြည့်အောင်လှည့်သော အချိန်ကာလကို တစ်နှစ်ဟုယူသည်။ ယင်းတစ်နှစ်တာကာလကို ၁၂ ပိုင်း ပိုင်းခြားသောအခါ တစ်ပိုင်းတစ်ပိုင်းကို လူတို့ဝေါဟာရဖြင့် လ ဟုခေါ်သည်။ သို့သော် နက္ခတ်ဗေဒင်ကျမ်းများ၏ အလိုမှာ ယင်းကို ရာသီဟုခေါ်သည်။ ရာသီတို့ကို ရုပ်ပုံခွဲ၍ သက္ကတနှင့်ပါဠိလိုအမည်ပေးသည်။ ရုပ်ပုံမှာ ကောင်းကင်တွင်မြင်ရသောကြယ်စုတို့၏ ပုံသဏ္ဌာန်ကို ဆိုလိုသည်။ ယင်းပုံသဏ္ဌာန်များမှာ လူ့စိတ်ထဲတွင်ထင်မြင်စိတ်ကူး၍ ရသောပုံသဏ္ဌာန်ဖြစ်သည်။ ဗေဒင်နှင့်စပ်ဆိုင်သောအကြောင်းအရာတို့နှင့် ပို့ကဗျာတို့တွင် ယင်းရာသီများကို ဖော်ပြလေ့ရှိရာ ယင်းတို့ကို နားလည်လွယ်အောင် မြန်မာ ဆယ့်နှစ်လနှင့်တွဲ၍ ပါဠိအခေါ်၊ မြန်မာအခေါ်နှင့် သရုပ်ဆောင်သောပုံများကို အောက်တွင်ပြဆိုလိုက်ပါသည်။ ပါဠိအခေါ်အပြင် သက္ကတအခေါ်လည်း ရှိသေးသည်။ ယင်းတို့မှာ ပါဠိနှင့်မတိမ်းမယိမ်းဖြစ်၍တကြောင်း၊ သာကတအမည်ကို မြန်မာအက္ခရာဖြင့် တီထွင်ရေးပြလျှင် စာဖတ်သူတို့ အလွယ်တကူ သိလိမ့်မည်မဟုတ်သောကြောင့်တစ်ကြောင်း ယင်းတို့ကိုပြဆိုခြင်း မပြုလိုက်ပါ။ သို့ရာတွင် ဗဟုသုတစုံလင်အောင် လက်တင်အခေါ်ကိုမူကား ပြဆိုလိုက်ပါသည်။

| မြန်မာလအမည် | ရာသီအမည် | | | ရုပ်ပုံ |
|---|---|---|---|---|
| | ပါဠိ | မြန်မာ | လက်တင် | |
| ၁။ တန်ခူး | မေသ | မိဿ | အေးရီးစ် (Aries) | ဆိတ်ထီး၊သိုးထီး |
| ၂။ ကဆုန် | ဥသဘ | ပြိဿ | တောရပ်(စ) (Taurus) | နွားသိုး |
| ၃။ နယုန် | မေထုန | မေထုန် | ဂျင်မီနိုင် (Gemini) | ကျား မစုံတွဲ အမွှာပူးလူ |
| ၄။ ဝါဆို | ကက္ကဋ | ကရကဋ် | ကင်ဆာ (Cancer) | ပုစွန်လုံး၊ ကနန်း |
| ၅။ ဝါခေါင် | သီဟ | သိဟ် | လီယို(Leo) | ခြင်္သေ့ |
| ၆။ တော်သလင်း | ကညာ | ကန် | ဗာဂို(Virgo) | အပျိုကညာ |
| ၇။ သီတင်းကျွတ် | တုလ | တူ | လစ်ဗရာ (Libra) | ချိန်ခွင် |
| ၈။ တန်ဆောင်မုန်း | ဝိစ္ဆိက | ဗြိစ္ဆာ | စကော်ပီယို (Scorpio) | ကင်းမြီးကောက် |
| ၉။ နတ်တော် | ဓနု | ဓနု | ဆက်ဂျီတေးရီးယပ် (Saggitarius) | လေးသမား မြင်းခြေနှင့် လူ့ကိုယ် လေးစွဲသူ |
| ၁၀။ ပြာသို | မကာရ | မကာရ | ကက်ပရီကောနပ်စ် (Capricornus) | သမင်မျက်နှာရှိသော မကန်းငါး၊ ဆိတ်ချို |
| ၁၁။ တပို့တွဲ | ကုမ္ဘ | ကုံ | အကွာရီးယပ် (Aquarius) | အိုးထမ်း ယောက်ျား |
| ၁၂။ တပေါင်း | မီန | မိန် | ပစ်ဆီးစ်(Pisces) | ငါးနှစ်ကောင် |

# လပြည့်စန်းယှဉ်နက္ခတ်များ

သက္ကတနှင့်ပါဠိဘာသာတို့၌ လ ကို ရာသီရုပ်ဖြင့် ခွဲ၍မခေါ်။ စန်းယှဉ်နက္ခတ်ကိုသာစွဲ၍ခေါ်သည်။ နက္ခတ်မှာ ၂၇ လုံးရှိသည်။ တစ်ဆယ့်နှစ် ရာသီခွင်တွင် နက္ခတ်တို့ကို ဝေပုံကျခွဲဝေလိုက်သောအခါ တစ်ရာသီလျှင် နက္ခတ်လုံးရေ ၂ ၁/၄ ရ၏။ နက္ခတ်တစ်လုံး၌ လေးပါဒ်ရှိသောကြောင့် တစ်ရာသီလျှင် နက္ခတ်နှစ်လုံးတစ်ပါဒ်ရှိသည်ဟုဆိုရ၏။ ဤစနစ်အတိုင်း ဝေကြည့်လျှင် ပထမရာသီ၌ အဿဝဏီနက္ခတ်တစ်လုံး၊ ဘရဏီနက္ခတ်တစ်လုံးနှင့်ကြတ္တိကာနက္ခတ်တစ်ပါဒ်ကိုမြင်လိမ့်မည်။ ဒုတိယရာသီ၌ ကြတ္တိကာ နက္ခတ်သုံးပါဒ်နှင့်ရောဟဏီနက္ခတ်တစ်လုံး အပြင် မိဂသီနက္ခတ် နှစ်ပါဒ် ကိုလည်း မြင်လိမ့်မည်။ တတိယရာသီ၌မူ မိဂသီနက္ခတ်နှစ်ပါဒ်၊ အဒြနက္ခတ်တစ်လုံးနှင့် ပုဏ္ဏဗသုနက္ခတ်သုံးပါဒ်ကို မြင်ရလိမ့်မည်။ စတုတ္ထရာသီသို့ရောက်သော် ပုဏ္ဏဗသု(ပုဏ္ဏ ဗသျှ)နက္ခတ်တစ်ပါဒ်၊ ဖုသျှနက္ခတ် တစ်လုံးနှင့်အဿလိဿနက္ခတ် တစ်လုံးကို မြင်ရလိမ့်မည်။ ဤကဲ့သို့ နက္ခတ်များကို ၁၂ ရာသီခွင်တွင် ကပ်၍ကြည့်သော် နောက်ဆုံး ၁၂ ရာသီ ပြည့်သောအခါ ယင်းနောက်ဆုံးရာသီ၌ ပြုဗ္ဗဘဒြပိုဒ်နက္ခတ်တစ်ပါဒ်၊ ဥတ္တရ ဘဒြပိုဒ်နက္ခတ်တစ်လုံးနှင့် ရေဝတီနက္ခတ်တစ်လုံးကို မြင်ရလိမ့်မည်။ လိုရင်းမှာ စန်းယှဉ် နက္ခတ်ကိုညွှန်ပြရန်ဖြစ်သောကြောင့်၊ ရာသီခွင်တွင် နက္ခတ်များ ဝေပုံကျ တည်နေဟန်ကိုအမြွက်မျှသာဆိုလိုက်ပါသည်။ အောက်ပါ ဇယားကို လေ့လာလျှင် အမှတ်စဉ်ဂဏန်းနှင့်ပြထားသောနက္ခတ်များနှင့်သက်ဆိုင်ရာလများ တွေ့ရလိမ့်မည်။ တုံးတားထားသောနက္ခတ်ကား လပြည့်စန်းယှဉ်နက္ခတ်ဖြစ်သည်။

| | |
|---|---|
| တန်ခူး | ၁၄။ <u>စိတြ</u> |
| | ၁၅။ သွာတိ |
| ကဆုန် | ၁၆။ <u>ဝိသာခါ</u> |

| | | |
|---|---|---|
| | ၁၇။ အနုရာဓ | |
| နယုန် | ၁၈။ ဇေဋ္ဌ | |
| | ၁၉။ မူလာ | |
| ဝါဆို | ၂၀။ ပြုဗ္ဗာသာဠ် | |
| | ၂၁။ ဥတ္တရာသာဠ် | |
| ဝါခေါင် | ၂၂။ သရဝဏ် | |
| | ၂၃။ ဓနသိဋ္ဌ | |
| တော်သလင်း | ၂၄။ သတဘိသျှ | |
| | ၂၅။ ပြုဗ္ဗာဘဒြပိုဒ် | (နှစ်ခုပေါင်း၍ဘဒြ |
| | ၂၆။ ဥတ္တရဘဒြပိုဒ် | ဟု ပြလေ့ရှိသည်) |
| သီတင်းကျွတ် | ၂၇။ ရေဝတီ | |
| | ၁။ အဿဝဏီ | |
| | ၂။ ဘရဏီ | |
| တန်ဆောင်မုန်း | ၃။ ကြတ္တိကာ | |
| | ၄။ ရောဟဏီ | |
| နတ်တော် | ၅။ မိဂသီ | |
| | ၆။ အဒြ | |
| ပြာသို | ၇။ ပုဏ္ဏဖသု | |
| | ၈။ ဖုသျှ | |
| တပို့တွဲ | ၉။ အသလိဿ | |
| | ၁၀။ မာဃ | |
| တပေါင်း | ၁၁။ ပြုဗ္ဗာဖလဂုဏီ | |
| | ၁၂။ ဥတ္တရဖလဂုဏီ | |
| | ၁၃။ ဟဿတ | |

ဤဇယားတွင် အဓိက မြင်ရသောနက္ခတ်နှစ်လုံးကိုသာ အများအားဖြင့် ပြထားသည်။ အစွန်အဖျား၌ တစ်ပါဒ်မျှသာမြင်ရသောနက္ခတ်၏အမည်ကို မဖော်ပြချေ။ အချို့သောလများ၌ကား နက္ခတ်သုံးလုံးယှဉ်၍ဖော်ပြထားသည်။ ထိုအဓိပ္ပာယ်မှာ ယင်းလတွင် နက္ခတ်သုံးလုံးစလုံး ထင်ရှား၍ သုံးလုံးစလုံးကို အဓိကထားပြီး ဖော်ပြခြင်းဖြစ်သည်ဟူသော အဓိပ္ပာယ်တည်း။

ယင်းနက္ခတ်တို့ကို ကြယ်စုကိုးစုဟုခွဲခြား၍ တာရာအဖြစ်ဖြင့်လည်း ပြဆိုသည်။ ယင်းတာရာကိုးလုံးမှာ ၁။ ကျီးတာရာ၊ ၂။ ဟင်္သာတာရာ၊ ၃။ ပုစွန်တာရာ၊ ၄။ ချိန်တာရာ၊ ၅။ ဆံကျင်တာရာ၊ ၆။ တံငါတာရာ၊ ၇။ ဆင်တာရာ၊ ၈။ မြင်းတာရာနှင့် ၉။ ဖျိုင်းတာရာဖြစ်သည်။

ကျီးတာရာ၌ အသဝဏီ၊ ဘရဏီ၊ ကြတ္တိကာတို့သည်လည်းကောင်း၊ ဟင်္သာတာရာ၌ ရောဟဏီ၊ မိဂသီ၊ အဒြတို့သည်လည်းကောင်း၊ ပုစွန်တာရာ၌ ပုဏ္ဏဗသု၊ ဖုသျှ၊ အသလိဿတို့သည်လည်းကောင်း၊ ချိန်တာရာ၌ မာဃ၊ ပြုဗ္ဗာဘရဂုဏီ၊ ဥတ္တရဖလဂုဏီတို့သည် လည်းကောင်း၊ ဆံကျင်တာရာ၌ ဟဿတ၊ စိတြ၊ သွာတိတို့သည်လည်း ကောင်း၊ တံငါတာရာ၌ ဝိသာခါ၊ အနုရာဓ၊ ဇေဋ္ဌတို့သည်လည်းကောင်း၊ ဆင်တာရာ၌ မုလာ၊ ပြုဗ္ဗာသဠ်၊ ဥတ္တရာသဠ်တို့သည်လည်းကောင်း၊ မြင်းတာရာ၌ သရဝဏ်၊ ဓနသိဋ္ဌ၊ သတ္တဘိသျှတို့သည်လည်းကောင်း၊ ဖျိုင်းတာရာ၌ ပြုဗ္ဗာဘဒြပိုဒ်၊ ဥတ္တရာဘဒြပိုဒ်၊ ရေဝတီတို့သည်လည်းကောင်း အသီးသီး ပါဝင်ကြ၏။

## ဝါထပ်ရက်ငင်

ဤအထိ မြန်မာနေ့ရက်လအမည်များကို မည်သို့မှည့်ခေါ်သည်ကို လည်းကောင်း၊ ယင်းတို့ကိုတဖန် ရာသီအလိုက်၊ နက္ခတ်အလိုက် စီစဉ်

ပြီးလျှင် ပါဠိသက္ကတတို့ကိုနှယ်၍ မည်သို့ခေါ်ဆိုသည်ကို လည်းကောင်း ပြဆိုခဲ့ပြီ။ ထို့ပြင် အီဂျစ်ဒေသ ရောမဒေသတို့၌ ပြက္ခဒိန် စီရင်၍ ပြဋ္ဌာန်းသော ဝေါဟာရ နေ့ရက်လနှင့်နှစ်တို့သည် နှစ်ပရိစ္ဆေဒများစွာကြာသောအခါ နေသွားနေလာကိုစွဲ၍ မှတ်သားသောအချိန်ကာ လတို့နှင့် မကိုက်ညီ၍ ဂျူလီယန်ပြက္ခဒိန်၊ ဂရီဂိုရီယန်ပြက္ခဒိန်တို့ဖြင့် ပြန်၍ညှိရသည်ကိုလည်း ပြဆိုခဲ့ပြီးဖြစ်သည်။ ဤကဲ့သို့ ဝေါဟာရ (ပြက္ခဒိန်)နှစ်နှင့် နေလ နက္ခတ် တာရာကို စွဲ၍ တွက်ချက်သောနှစ်တို့ မကိုက်ညီသည့်သဘောမှာ ကမ္ဘာအရပ်ရပ်၌ ဖြစ်ရိုးဖြစ်စဉ်ဖြစ်သည်။

ဆိုခဲ့ပြီးသောစကားစဉ်များကို ပြန်၍သုံးသပ်လျှင် မြန်မာ ပြက္ခဒိန်သည် သူရိယမာသ (နေစွဲနှစ်) နှင့် စန္ဒရမာသ (လစွဲနှစ်)တို့ကို အခြေခံပြီးလျှင် အများလူတို့သုံးစွဲရန် ဝေါဟာရနှစ်ကိုပြဋ္ဌာန်းကြောင်းကိုလည်း တွေ့မြင်ကြရလိမ့်မည်။ သူရိယမာသနှစ်၌ ၃၆၅ ရက်၊ ၆ နာရီ၊ ၁၂ မိနစ်၊ ၃၇ စက္ကန့်ရှိသည်။ (ဤသင်္ချာကိန်းကား သူရိယသိဒ္ဓန္တကျမ်းအရ တွက်၍ ရသော သင်္ချာကိန်းဖြစ်သည်။ အနောက်နိုင်ငံ ခေတ်သစ် နက္ခတ်ပညာကျမ်းများအရမှာ တစ်နှစ်လျှင် ၃၆၅ ရက်၊ ၅ နာရီ၊ ၄၉ မိနစ်၊ ၄၆ စက္ကန့်ရှိသည်) စန္ဒရမာသနှစ်ကား ၃၅၄ ရက်၊ ၈ နာရီ၊ ၄၈ မိနစ်၊ ၃၄ စက္ကန့်ရှိသည်။ ယခုအခါ ကျွန်ုပ်တို့က တန်ခူးရက် မစုံ ၂၉၊ ကဆုန်ရက်စုံ ၃၀ ဟုမှတ်သားကြသောဝေါဟာရနှစ်ကား သင်္ချာ ကိန်းအစွန်းထွက်တို့ကိုနုတ်ပယ်၍ ၃၅၄ ရက်တိတိရှိသည်။ ဤအချက်ကို ဆက်၍ လေ့လာတွက်ချက်ကြည့်ပြန်လျှင် သူရိယမာသနှစ်နှင့် စန္ဒရမာသနှစ်သည် ၁၀ ရက်၊ ၂၁ နာရီ၊ ၂၄ မိနစ်၊ ၃ စက္ကန့်ကွာခြားလျက်ရှိကြောင်းတွေ့ရလိမ့်မည်။ ဝေါဟာရမာသနှစ်ကို သူရိယမာသနှစ်နှင့်ယှဉ် ကြည့်လျှင်၊ ၁၁ ရက်၊ ၆ နာရီ၊ ၁၂ မိနစ်၊ ၃၇ စက္ကန့်ကွာခြားနေသည်ကို တွေ့ရမည်။ ပြက္ခဒိန်ကိုစီရင်သောအခါ ယင်းကွာခြားချက်တို့ကို နည်းနိုင်သမျှနည်းအောင် စီရင်ရသည်။

ဤကဲ့သို့ ညှိနှိုင်းစီရင်သောသဘောကို ရိပ်မိရုံမျှဖော်ပြလိုက်ပါသည်။ အကြမ်းအားဖြင့်ပြောရလျှင်၊ တစ်နှစ်လျှင် ၁၀ ရက်ကွာခြား နေသည်ဆိုပါက၊ သုံးနှစ်ပြည့်လျှင် ရက်ပေါင်း ၃၀ (တစ်လ) ကွာခြားလိမ့်မည်ဟုဆိုရလိမ့်မည်။ ထိုအခါ သုံးနှစ်တစ်ကြိမ် ရက်ပေါင်း ၃၀(တစ်လ) တိုး၍ ဖြည့်ပေးလိုက်လျှင် သူရိယမာသနှစ်နှင့် ဝေါဟာရနှစ်တို့ကိုက်ညီလာလိမ့်မည်။ ဤသဘောကိုယူ၍ညှိလိုက်သောအခါ သူရိယမာသနှစ်၏ ရက်ပေါင်း ၉၉၀၊ ၇ နာရီ၊ ၄၅ မိနစ်၊ ၃၇ စက္ကန့်ဟူသော ကာလသည် တစ်လလျှင် ရက်ပေါင်း ၂၉ ရက်၊ ၁၂ နာရီ၊ ၄၄ မိနစ်၊ ၃ စက္ကန့်သာရှိသော စန္ဒရမာသနှစ်နှင့်နှိုင်းကြည့်လျှင် စန္ဒရမာသနှစ်ထက် တစ်လကျော်ပိုနေသည်ကို တွေ့ရလေသည်။ တစ်နည်းဆိုသော် ထိုရက်ပေါင်း ၉၉၀ ကာလသို့ ရောက်လျှင် သူရိယမာသတစ်နှစ်သည် စန္ဒရမာသ ၁၃ လနှင့်ညီမျှ၏ဟု အကြမ်းဆိုရမည်။ (အတိအကျပြောရလျှင် သူရိယမာသ သုံးနှစ်ပြည့်သောအခါ စန္ဒရမာသရက်ပို ၃၁ ရက်၊ ၄ နာရီ၊ ၁၂ မိနစ်၊ ၉ စက္ကန့်ဖြစ်သည်။) ထို့ကြောင့် အထက်အဆိုပါရက်ပေါင်း ၉၉၀ ပြည့်မြောက်သောနှစ်၌ ရက်ပေါင်း ၃၀ ရှိသောတစ်လကို တိုးပေးရသည်။ ဤကဲ့သို့တိုးခြင်းကို လထပ်သည်ဟုခေါ်သည်။ ကျွန်ုပ်တို့နိုင်ငံသည် ဗုဒ္ဓဘာသာနိုင်ငံဖြစ်သည့်အားလျော်စွာ ယင်းလထပ်ခြင်း ကိစ္စကို ရဟန်းတော်များ ဝါဆိုသောကာလ၌ ပြဋ္ဌာန်းပေးလေ့ရှိသည်။ ထို့ကြောင့် လထပ်ခြင်းကို ဝါထပ်သည်ဟုပင် ခေါ်ဆိုကြသည်။

ဤ၌ သုံးနှစ်တစ်ကြိမ်လထပ်ခြင်းဖြင့် ညှိနှိုင်းပေးသည်ဖြစ်သော်ငြားလည်း တစ်နှစ်လျှင် ရက်ပိုတစ်ရက်မျှပင်ရှိနေသေးသည်ဖြစ်ရာ ထပ်မံဆက်လက်တွက်ချက်ပြီးလျှင် သင့်မြတ်သောနှစ်တွင် ဝါထပ်သည့်အပြင် တစ်ရက်အပိုဖြည့်ပေးရသည်လည်း ရှိ၏။ ယင်း အပိုတစ်ရက်ကိုဖြည့်ပေးသောအခါ ရက်ငင်သည်ဟုခေါ်သည်။ ရက်ငင်သော နှစ်ကို ဝါကြီးထပ်

သောနှစ်ဟု ခေါ်သည်။ ဝါကြီးထပ်သောအခါ နယုန်လကို ရက် ၃၀ ပြုရသည်။ ထို့ကြောင့် မြန်မာပြက္ခဒိန်၌ သာမန်နှစ်၊ ဝါငယ်ထပ်နှစ်၊ ဝါကြီးထပ်နှစ်ဟူ၍ နှစ်သုံးမျိုးရှိလေသည်။ ဝါငယ်ထပ်နှစ်နှင့် ဝါကြီးထပ်နှစ်များ၌ ရက်သတ်ပုံကို အောက်တွင်ဖော်ပြလိုက်ပါသည်။

| | ဝါငယ်ထပ်နှစ် | ဝါကြီးထပ်နှစ် |
|---|---|---|
| တန်ခူး | ၂၉ | ၂၉ |
| ကဆုန် | ၃၀ | ၃၀ |
| နယုန် | ၂၉ | ၂၉ |
| ပထမဝါဆို | ၃၀ | ၃၀ |
| ဒုတိယဝါဆို | ၃၀ | ၃၁ |
| ဝါခေါင် | ၂၉ | ၂၉ |
| တော်သလင်း | ၃၀ | ၃၀ |
| သီတင်းကျွတ် | ၂၉ | ၂၉ |
| တန်ဆောင်မုန်း | ၃၀ | ၃၀ |
| နတ်တော် | ၂၉ | ၂၉ |
| ပြာသို | ၃၀ | ၃၀ |
| တပို့တွဲ | ၂၉ | ၂၉ |
| တပေါင်း | ၃၀ | ၃၀ |
| | ၃၈၄ | ၃၈၅ |

ယခုပြဆိုသည်မှာ သဘောကိုနားလည်ရုံမျှ ပြဆိုခြင်းဖြစ်သည်။ ဝါထပ်ရက်ငင်နှင့်ဆိုင်ရာအခြေခံမူမျှသာဖြစ်၏ဟုဆိုနိုင်သည်။ စင်စစ် ယင်း ဝါထပ်ရက်ငင်တို့ကိုတွက်ချက်ရသည့်အရာမှာ ကျွမ်းကျင် သူ နက္ခတ်ဗေဒင်

ပညာရှင်တို့၏အရာသာ ဖြစ်သည်။

ဝါထပ်ရက်ငင်အကြောင်းနှင့်စပ်လျဉ်း၍ မြန်မာပြက္ခဒိန် ပညာရှင် ဦးအုန်းကြိုင်၏အဆိုအမိန့်ကိုဖော်ပြလိုသည်။ ကျွန်ုပ်တို့နိုင်ငံတွင် ကဆုန်လပြည့်ဗုဒ္ဓနေ့ကို ဆင်ယင်ကျင်းပသောအခါ အခြားအခြား သော ဗုဒ္ဓ ဘာသာဝင်နိုင်ငံတို့ကကျင်းပသော နေ့နှင့်တိုက်ဆိုင်ခြင်းမရှိ။ တစ်လခန့်ကွာလျက်ရှိသည်။ ဤသို့ဖြစ်ရခြင်းမှာ ပြက္ခဒိန်ပြဋ္ဌာန်းရာ၌ ရှေးအခါမှစ၍ စည်းကမ်းအမျိုးမျိုး၊ ဝါဒအမျိုးမျိုးကွဲပြားခြင်းကြောင့် ဖြစ်သည်။ ဤကွဲပြားခြားနားချက်ကိုပပျောက်အောင် မြန်မာပြက္ခဒိန် စနစ်ကို ပြန်လည်ပြုပြင်၍ မြန်မာသက္ကရာဇ် ၁၃၁၇ ခုနှစ်တွင် ရက်လွန် ၂၃ ရက်သာရှိသော်လည်း ရက်လွန်ရက်ပေါင်း ၃၀ ရှိသည့်ပမာ ဝါထပ်ခဲ့လေသည်။ ဤကဲ့သို့ဝါထပ်လိုက်သည်မှစ၍ ကဆုန်လ၌ သင်္ကြန်မကျတော့ဘဲ ကဆုန်လပြည့်ဗုဒ္ဓနေ့သည်လည်း ကမ္ဘာ့ပြက္ခဒိန်အရ မေလ၌ ကျရောက်၍ အခြားကမ္ဘာ့ဗုဒ္ဓနေ့များနှင့်ကိုက်ညီလာလေသည်။ စွယ်စုံကျမ်းတွင် ဦးအုန်းကြိုင်က ဤကဲ့သို့ရေးသားခဲ့လေသည်။

အထက်ပါ ဦးအုန်းကြိုင်၏အဆိုအမိန့်ကိုကြည့်ခြင်းအားဖြင့် ရှေးအခါက သင်္ကြန်အကျ၊ အတက်၊ နှစ်သစ်ကူးနေ့ဆိုင်ရာအမှတ် အသားတို့၌ မညီမညွတ်ရှိခဲ့ဖူးလိမ့်မည်။ သာဓကပြရလျှင် ခရစ် ၁၈၆၄ ခုနှစ်၌ မြန်မာသက္ကရာဇ် ၁၂၂၆ ခုနှစ်သည် ဧပြီလ ၁၃ ရက်နေ့၌စတင်ခဲ့လေသည်။ ၁၉၆၄ ခုနှစ်၌မူကား ၁၃၂၆ ခုနှစ်အတွက် မြန်မာသက္ကရာဇ်သည် ဧပြီလ ၁၅ ရက်နေ့တွင်စတင်လေသည်။ ၁၉၆၆ ခုနှစ်တွင် ၁၃၂၈ ခုနှစ်အတွက် မြန်မာသက္ကရာဇ်သည် ဧပြီလ ၁၇ ရက်နေ့တွင်စတင်သည်။ သည့်အရင်က မြန်မာနှစ်သစ်ကူးနေ့သည် ဧပြီလအတွင်း၌ မဟုတ်ဘဲ မတ်လ၌ပင် ကျခဲ့သော သာဓကများရှိကြောင်း ဗေဒင်ကျွမ်းကျင်သူတို့က ဆိုလေ့ရှိကြ၏။ ဤကဲ့သို့သောဝေါဟာရမာသနှင့်သူရိယာမာသတို့မကိုက်ညီ၍ နေ့ကြီး ရက်

ကြီးများ တစ်သမတ်တည်းမရှိခဲ့သည့် အခြင်းအရာများပပျောက်အောင် နိုင်ငံတော်သည် ပြက္ခဒိန်အကြံပေးအဖွဲ့ကို ဖွဲ့စည်း၍ဆောင်ရွက်ခဲ့သောကြောင့် ယခုအခါ နှစ်သစ်ကူးရက်နှင့် ဝါထပ်ရက်ငင်ကိစ္စများသည် ကမ္ဘာ့ပြက္ခဒိန်နှင့် ယှဉ်ကြည့်လျှင် လွဲမှားခြင်းမရှိသလောက်ပင်ဖြစ်သည်။ ဦးအုန်းကြိုင်၏ အာဘော်မှာ "မြန်မာ ဝေါဟာရတန်ခူးလသည် မြန်မာ့ပြက္ခဒိန်တွင် နှစ်ဦး ပထမလဖြစ်၍ ယင်း နှစ်ဦးတန်ခူးလ၌သာ သင်္ကြန်အတာတက် နှစ်ဆန်းတစ်ရက်ကျစေရမည်၊ ကဆုန်လသည် ဒုတိယလဖြစ်၍ အစဉ်အမြဲသင်္ကြန် ကင်းစေရမည်" ဟူလေသည်။ ယခုအခါ ဤလိုအင်ဆန္ဒအတိုင်း မြန်မာပြက္ခဒိန် ဖြစ်ပေါ်လျက်ရှိသည်။

# ရာသီအလိုက်ပွင့်သောပန်းများ

မြန်မာ့ပထဝီဝင်သွင်ပြင်အနေအထားသည် မြစ်ချောင်း၊ အင်း အိုင်၊ တောမြိုင် လျှိုမြောင်၊ ကုန်းခေါင်ချိုင့်ဝှမ်း၊ တောင်တန်း တောင်စွယ် အသွယ်သွယ် တို့ကို သူ့နေရာနှင့်သူ အလိုက်သင့်နေရာချထားဘိသကဲ့သို့သော အနေ အထား ဖြစ်သည်။ နွေ၊ မိုး၊ ဆောင်းဟု ဥတုသုံးပါး ပိုင်းခြားထားသည်တွင် သက်ဆိုင်ရာဥတု၌ အကျုံးဝင်သောရာသီများဝယ် ကောက်ပဲသီးနှံ၊ ပန်း မန် သစ်ဝါး စသည်တို့သည် သူ့လနှင့်သူ မပြတ် မလပ် ဖြစ်ထွန်းသည်။ ဥပမာလျှင် မြန်မာနိုင်ငံသည် တစ်နှစ်ပတ်လုံး သီးပွင့်နေသော ဥယျာဉ်ကြီးနှင့် များစွာတူလှပေသည်။ ထွန်ယက်စိုက်ပျိုးခြင်းလုပ်ငန်းကို အဓိကထားသော မြန်မာတို့သည် ထိုပတ်ဝန်းကျင်ရှိ တောတောင်ရေမြေ သဘာဝအလှနှင့် အမြဲတစေထိတွေ့နေကြသည် ဖြစ်ရာ ဆယ့်နှစ်ရာသီအကြောင်းကို စကား ပြေဖြင့်ဖြစ်စေ၊ ကဗျာလင်္ကာဖြင့်ဖြစ်စေ ဖွဲ့နွဲ့ပြောဆို စရာရှိလျှင် မည်သည့် ရာသီ၌ မည်သည့်ပန်းပွင့်သည်ဟူသောအချက်ကို အဓိကထား၍ ဖွဲ့နွဲ့ ပြော ဆိုလေ့ရှိသည်။

ရာသီ၏အမည်ကို ပွင့်သောပန်းနှင့်ယှဉ်၍စပ်ဆိုကြသော ကဗျာ လင်္ကာတို့တွင် အောက်ပါကင်းဝန်မင်းကြီး၏ ဆယ့်နှစ်ရာသီပန်း လေးဆစ် သည် မှတ်သားဖွယ် အလွန်ကောင်းသည်။

ပန်း ကံ့ကော် ရွှေ စံကား
ငွေသားနှ စံပယ် မှန်။
မုလေး၊ ခတ္တာ နှင့်
ရွှေရင်းမာ၊ ကြာ ခဝဲ
ဖွဲ့ စ နှင်းလျှံ၊
သဇင် ကျန်
ခွာတန် နှင့် ပေါက်လဲ။
ပွင့်ဝတ်ကယ် ရွှေ ဖီမင်း
သင်းထုံနံ့ကဲ။

တုံးတားထားသောပန်းအမည်များကို ဆိုင်ရာတန်ခူး ကဆုန် ဟူသောလတို့နှင့်ယှဉ်တွဲ၍ယူလျှင် မည်သည့်လမှာ မည်သည့်ပန်းပွင့်သည် ကို သိနိုင်သည်။

ဘိုးသူတော် ဦးမင်းက မုလေးပန်း (မြတ်လေးပန်း)ကို နယုန်လမှာ ပွင့်သောပန်းဟုပြသည်။ အထက်ပါ ကဗျာအရ ကင်းဝန်မင်းကြီးကမူ ဝါဆို လဟုပြသည်။

ယင်းကဲ့သို့ စာဆိုတစ်ဦး၏ အာဘော်နှင့် တစ်ဦး မတူသည်တို့ လည်း ရှိ၏။ အချို့က ဝါဆိုလ၌ သရဖီပန်းဟုပြဆိုရာ အချို့ကလည်း သရဖီပန်းကို တပေါင်းလ၌ပွင့်သည်ဟုဆိုသည်။ အလားတူပင် တော် သလင်းလနှင့်တပေါင်းလ နှစ်လအတွက် အင်ကြင်းပန်းဟူ၍ချည်းဖော်ပြ သည်လည်းရှိ၏။ သို့သော် ယေဘုယျအားဖြင့် မှတ်သားရန်ကား အောက်ပါ အတိုင်းဖြစ်၏။

၁။ တန်ခူး – ကံ့ကော်ပန်း၊ ရင်ခတ်ပန်း
၂။ ကဆုန် – စံကားပန်း၊
၃။ နယုန် – စံပယ်ပန်း၊ မုလေးပန်း

၄။ ဝါဆို – ပုန်းညက်ပန်း
၅။ ဝါခေါင် – ခတ္တာ
၆။ တော်သလင်း – ရင်းမာပန်း
၇။ သီတင်းကျွတ် – ကြာမျိုးငါးပါး
၈။ တန်ဆောင်မုန်း – ခဝဲပန်း
၉။ နတ်တော် – သဇင်ပန်း
၁၀။ ပြာသို – ခွာညိုပန်း
၁၁။ တပို့တွဲ – ပေါက်လဲပန်း
၁၂။ တပေါင်း – ပိတောက်ပန်း၊ သရဖီပန်း၊ အင်ကြင်းပန်း

ကံ့ကော်ပန်းသည် ထင်ရှားသောပန်းဖြစ်သည်။ ရှေးက တက္ကသိုလ်နယ်မြေတွင် မလေးကျွန်းဆွယ်မှရသော ပိတောက်ကို အနှံ့အပြားစိုက်သည်။ နှောင်းခေတ်၌မူ ကံ့ကော်ပင်ကိုစိုက်ပျိုးလာကြသည်။ ကံ့ကော်သည် မူလဖြစ်ထွန်းရာ အထက်မြန်မာနိုင်ငံနှင့် တနင်္သာရီနယ်တို့တွင် အမြင့်ပေရှစ်ဆယ်၊ လုံးပတ်ဆယ်ပေအထိရှိသော အရိပ်အာဝါသ ကောင်းသည့်သစ်ပင်မျိုးဖြစ်သည်။ ကံ့ကော်ပန်းသည် အလွန်မွှေး၍ ဆေးဖက်လည်းဝင်သည်။ ရင်ခတ်ပင်ကား အမြင့်ပေ လေးငါးဆယ်၊ လုံးပတ် လေးပေရှိသစ်ပင်မျိုးဖြစ်၍ သွေ့ခြောက်သောလွင်ပြင်သစ်တောများတွင် ပေါက်ရောက်သည်။ ရင်ခတ်ကြီး၊ ရင်ခတ်လေးဟု နှစ်မျိုးရှိသည်။

စံကားပင်သည် အမြင့်ပေ ရှစ်ဆယ်အထိ တက်သော အမြဲစိမ်းလန်းသည့်အပင်မျိုးဖြစ်သည်။ အရွက်မှာ သရက်ရွက်ပုံသဏ္ဍာန်ဖြစ်လေသည်။ အသားထူသည်။ ဤစံကားမျိုးမှာ စံကားဝါမျိုးဖြစ်၍ စပ္ပာဟုလည်းခေါ်ကြသည်။ ထို့ကြောင့် ရက္ခဗေဒအမည်၌ ချပ်ပါကာဟူသော စကားကိုတွေ့ရသည်။ စာပေကျမ်းဂန်တို့၌ စံကားဝါ၊ စံကားဖြူ၊ စံကားနီ၊ စံကား

စိမ်းဟု လေးမျိုးပြဆိုရာ စံကားစိမ်းအား အခြား စံကားများနှင့် မျိုးမတူချေ။ တရုတ်စံကားဟုခေါ်ကြသော စံကားပင်မှာလည်း စံကားဝါ၊ စံကားဖြူ၊ စံကားစိမ်းမျိုးရင်းအထဲတွင် မပါဝင်ချေ။ စံကားဝါမျိုးရင်း ဖြစ်သော စံကားပင်သည် သမိုင်းဝင်ဖြစ်သည်။ ပန်းပဲမောင်တင့်တယ်ကို ကားတင်၍ စီရင်ရာ၌ စံကားပင်တွင် စီရင်သည်။ စံကားသားကို မောင်တင့်တယ်တို့ နတ်မောင်နှမအရုပ်ထုလုပ်၍ ပုပ္ပားတောင်၌စံစေသည်။

ကင်းဝန်မင်းကြီးက စပယ်ဟုရေးသော်လည်း ယခုအခါ စံပယ်ဟူသောအရေးအသားကို အတည်ယူကြသည်။ စံပယ်ပန်းသည် ရှေးကနန်းတွင်းသူတို့မြတ်နိုးကြသောပန်းဖြစ်ဟန်တူသည်။ ဖြူဆွတ်၍ လှပပြီးလျှင် ရနံ့သင်းသောကြောင့် စာဆိုတို့သည် ယင်းကို ခုံခုံမင်မင် ဖွဲ့နွဲ့ကြသည်။ ယနေ့တိုင်အောင်လည်း စံပယ်ပန်းကိုအမြတ်တနိုးသုံးစွဲလျက်ပင်ရှိသည်။ စံပယ်ပန်းမှ စံပယ်ဆီကိုထုတ်ယူ၍ အမွှေးအကြိုင် ပစ္စည်းများကို ပြုလုပ်ကြသည်။ စံပယ်ပင်မှာ ချုံပင်ဖြစ်သည်။

စံပယ်ပန်းထက် မုလေးပန်းက မြတ်သည်ဟုလည်း ဆိုကြ၏။ ထို့ကြောင့် မြတ်လေးပန်းဟူ၍လည်း ရေးသားပြောဆိုကြသည်။ မုလေးအဖြူ အနီဟူ၍ရှိရာ မုလေးအဖြူသည်သာလျှင် စံပယ်နှင့်မျိုးရင်းတူသည်။ မြတ်လေးအနီကို ရုက္ခဗေဒသဘောဖြင့်စိစစ်ကြည့်ရာ ယင်းသည် ကန်စွန်းနှင့်အမျိုးနွယ်သည်ဟုဆိုသည်။

ပုန်းညက်ပင်သည် အမြင့်ပေရှစ်ဆယ်၊ လုံးပတ်ဆယ်ပေအထိကြီးမားသောပင်ဖြောင့်မျိုးဖြစ်သည်။ ပုန်းညက်ပန်းသည် အဖြူရောင် ဖြစ်၍ ဖယောင်းကဲ့သို့ညက်ညောသည်။ ဝတ်ဆံမှာ အဝါဖြစ်သည်။ အခိုင်လိုက်ပွင့်၍ မွှေးကြိုင်သည်။ ပုန်းညက်ဟူသောစကားမှာ ပါဠိသဒ္ဒါ ပုန္နာဂမှ ဆင်းသက်သည်ဟု အချို့ကဆိုသည်။ ကံ့ကော်၏ပါဠိအမည်မှာ နာဂဖြစ်၍ ကံ့ကော်နှင့်ပုန်းညက်အမျိုးနီးစပ်သည်ဟုလည်း ယူဆကြသည်။ တနင်္သာရီ

တောင်ပိုင်း မြိတ်နယ်တွင် ပင်လယ်ကမ်းတလျှောက် ပုန်းညက် ပေါက်ရောက်သည်။

ခတ္တာသည် ဂမုန်းမျိုးတွင်ပါဝင်သောကြောင့် ယင်းကို ဂမုန်း ခတ္တာ ဟုလည်းခေါ်သည်။ လက်ဝါးခန့်ရှည်ဝန်းသောအရွက်ရှိ၍ အရွက်နား လက်တစ်လုံးခန့်နီသည်။ ဆွေးမြည့်သောမြေနှင့်ကျောက်မြေတို့တွင် ပေါက်၍ ဥမှာ ကြက်ဥအရွယ်ခန့်ရှိသည်။ အကြောင်၊ အနီ၊ အနက်၊ အဖြူ၊ အရွှေ ဟူ၍ အရောင်ကိုလိုက်၍ အမျိုးမျိုးခေါ်ကြသည်။ ကိုယ်ရံကြီးနှင့်လည်း ကောင်း၊ လေးကျွန်းကြာခိုင်နှင့်လည်းကောင်း တူသည်ဟု ဆိုသည်။

ရင်းမာသည် ခြောက်သွေ့၍ မိုးပါးသောအရပ်၌ ပေခြောက်ဆယ် အမြင့်အထိပေါက်သော အပင်ကြီးမျိုးဖြစ်သည်။ ရင်းမာရွက်၌ ငှက်မွေး သဏ္ဍာန်အရွက်များရှိသည်။ ရင်းမာပန်းသည် အခိုင်လိုက်ပွင့်သောပန်းဖြစ် သည်။ နံ့သာရောင် အဖြူရောင်ဟူ၍နှစ်မျိုးရှိရာ အဖြူ၌ စိမ်းလဲ့လဲ့ အရောင် သန်းသည်ဟုဆိုသည်။ ရင်းမာကို ကသာနှင့်မြစ်ကြီးနားခရိုင်တို့၌သာ အများဆုံးတွေ့ရသည်။ အောက်ပြည်အောက်ရွာ၌ တွေ့ရန်ခဲယဉ်းသည်။ ကင်းဝန်မင်းကြီးက ယင်းမာဟုရေးသော်လည်း ယခုအခါ ရင်းမာ ဟူသော အရေးအသားသည် အတည်ဖြစ်နေလေပြီ။

ကြာမျိုးငါးပါးကား ၁။ ကြာဖြူ၊ ၂။ ကြာနီ၊ ၃။ ကြာညို၊ ၄။ ကြာပုဏ္ဍရိက်၊ ၅။ ကြာပဒုမ္မာ (ပဒုမာ) ဟု ငါးမျိုးရှိသည်။ ကြာညို ဟူသော ဝေါဟာရ၌တွေ့ရသည့် ညိုဟူသောပုဒ်သည် အပြာကိုဟောသည်။ တစ်ခါ တစ်ရံ "အသားတော် ညိုပြာညက်ကယ်၊ နန်းတော်ထက် ဖွား" ဟူသော ကဗျာကို တွေ့ဖူးကြလိမ့်မည်။ ယင်း ညိုပြာညက်ကို ထောက်ရှု၍ အပြာဟု သိနိုင်ပါသည်။ သို့သော် ယခုခေတ်၌ အညိုရောင် ဟုဆိုလျှင် အင်္ဂလိပ် ဝေါဟာရ brown ၏အနက်နှင့်တူသည်ဟု ထင်မှတ်နေကြသည်။ဦးပုည ၏ ကြာတောအဖွဲ့ကို ဆဒ္ဒန်ဆင်မင်းဝတ္ထု၌ တွေ့နိုင်သည်။ ယင်း အဖွဲ့တွင်

"ငှက်ခါးတောင်ဖြန့်သကဲ့သို့၊ စိမ်းဖန့်ဖန့်အလျှံ၊ ရွှေဝတ်ဆံမှ၊ ကုက်ံမံရည်၊ ကြည်ကြည်အေးချို၊ ပန်းရက်ယိုသော ကြာညိုတောတစ်ထပ်" ဟု စပ်ဆိုထားရာ စိမ်းဖန့်ဖန့်အရောင်ကို အတည်ယူရန်ရှိသည်။ ယင်း စိမ်းဖန့်ဖန့်အရောင်သည် အပြာဘက်သို့ နွယ်သည်ကိုလည်း သတိပြုရန် ရှိသည်။

ခဝဲပန်းကို အထူးဖွဲ့ရန်ပင်မလိုချေ။ ယနေ့တိုင် ခဝဲသီးကို ခုံခုံမင်မင်ချက်ပြုတ်စားသောက်လျက်ရှိသည်။ ခဝဲပန်း၏အဝါရောင်သည် အခြား မည်သည့်အဝါရောင်နှင့်မျှမတူ။ အလွန်ထူးခြားသည်။ ခဝဲကို အယဉ်၊ အရိုင်းဟူ၍ နှစ်မျိုးခွဲခြားကြသည်။ ခဝဲယဉ်ကို ဥယျာဉ်ခြံမြေတို့တွင် စနစ် တကျ စိုက်ပျိုးကြရာ အလွန်ပူပြင်းသောရာသီမှအပ ရာသီမရွေးတွေ့ရှိနိုင် သည်။ ခဝဲရိုင်းကား မိုးမှဆောင်းအကူးရာသီတွင် ပေါက်ရောက်၍ တန် ဆောင်မုန်းလတွင်ဖြိုင်ဖြိုင်ပွင့်သည်။ တောထဲ၌ ပေါက်သော ခဝဲရိုင်း၏ ရနံ့သည် ထုံသင်းလျက်ရှိသည်ဟုလည်း ဆိုကြသည်။

သဇင်ပန်းကား အမျိုးသမီးတို့အလွန်မြတ်နိုးသော ပန်းဖြစ်သည်။ ရာမရကန်ဆရာဦးတိုးသည် သဇင်ကိုတခမ်းတနားဖွဲ့ဆိုသည်။ သဇင်ပန်းကို ဂမုန်းနှင့်ယှဉ်တွဲဖော်ပြလေ့ရှိသည်။ ဂမုန်းဟုဆိုသည်မှာ ထုံးစံအားဖြင့် သစ်ကိုင်းခွများတွင်ပေါက်သော ဥပါသည့်ပန်းမျိုးဖြစ် သည်။ ယခုခေတ်၌ အချို့သောဂမုန်းတို့ကို မြေသို့ချ၍ပင် စိုက်ပျိုးနိုင်ကြသည်။ ရက္ခဗေဒအလို၌ အချို့သောဂမုန်းတို့သည် မြေမှာပင်ပေါက်ကြသည်ဟုဆိုသည်။ မြေကြီးထဲတွင် ပွင့်၍ အပွင့်ကိုလိုလျှင် တူးဖော်ယူ ရသောဂမုန်းမျိုးလည်း ရှိသည်ဟု ဆိုသည်။ သဇင်ပန်းကား သစ်ခွ၌ ပေါက်သောပန်းဖြစ်၍ အများအားဖြင့် သစ်ခွပန်းမျိုးထဲတွင်ထည့်သွင်း ဖော်ပြလေ့ရှိသည်။ သဇင်သည် တစ်နှစ် တစ်ခါ နတ်တော်လတွင် ပွင့်သည်။ ဆောင်းဥတုပန်းဖြစ်၍ အအေးဓာတ်များသောလများတွင် ပွင့်သည်ဟုလည်း ယူဆနိုင်သည်။ ယခုအခါ သဇင်ပန်းကို ရန်ကုန်မြို့၌ပင်လျှင် ဥယျာဉ်ခြံမြေတွင်ပြုစုစိုက်ပျိုးလျက်ရှိရာ ပြာသို

တပို့တွဲလများ ၌လည်း စျေးမှာဝယ်ယူရရှိနိုင်ပါသည်။ သဇင်ဝါကို အများဆုံး စိုက်ပျိုး ထုတ်လုပ်နိုင်သည်။ သဇင်မှာ သဇင်ဖြူ သဇင်နီ၊ သဇင်ဝါ၊ သဇင်နက် ဟူ၍ရှိသည်။ သဇင်နီကား ပန်းရောင်ရင့်ဖြစ်၍ တောင်ငူနယ်၌ အများဆုံးပေါက်ရောက်သည်။ သို့သော် တွေ့ရန်ခဲယဉ်း၏။ သဇင်နက်ကို ပြင်ဦးလွင်တစ်ဝိုက် ကျေးလက်များ၌ တွေ့ရတတ်သည်ဆိုသော်လည်း သဇင်နီထက်ပင် တွေ့ရခဲဖြစ်သည်။ သဇင်နက်မှာ မီးသွေးခဲကဲ့သို့နက်မှောင်သည်ဟုဆိုသည်။

သဇင်ကို သန့်ပြန့်သောနေရာ၌သာ ပေါက်တတ်သည်ကို အစွဲပြု၍ သန့်စင်ပန်းဟူ၍လည်း ရေးကြသည်။ နတ်တော်လမှာပွင့်သောသဇင်ပန်းကို အမြတ်တနိုးနှင့် နတ်တင်ရသောကြောင့် နတ်ပန်းဟုလည်း ခေါ်သည်။ ရေးမြန်မာဘုရင်များလက်ထက်က သဇင်ပန်းကို ဘုရင်နှင့်မိဖုရား တို့ကသာ ဦးဦးဖျားဖျား ပန်ခွင့်ရသောကြောင့် တော်ဝင်ပန်းဟူ၍လည်း ခေါ်သည်။

ခွာညိုသည် နှစ်ကြာကြာခံသော နွယ်ပင်မျိုးဖြစ်၍ ယင်းကို တောမှ ယူလာပြီးလျှင် အုတ်နံရံ၊ ခြံစည်းရိုး စသည်တို့၌အလှစိုက်ကြသောကြောင့် လူသိများသည်။ ခွာညိုဟုဆိုခြင်းကြောင့် အပြာရောင်ရှိလိမ့်မည်။

"တပို့တွဲ၊ ပေါက်လဲရယ်တဲ့ငုံစီစီ" ဟူသောကဗျာကို အများပင်ကြားဖူးကြသည့်အပြင် ယခုခေတ်ကာလ၌ ပေါက်လဲပင်ကို မြို့ကြီးပြကြီးတို့၌ပင် တမင်တကာစိုက်ပျိုးလာကြပြီဖြစ်၍ အထူးဖွဲ့နွဲ့ရေးသားရန် မလိုပါ။ ရက္ခဗေဒသဘော၌ ပေါက်လဲနှင့်လက်ပံသည် မျိုးတူဖြစ်သည်။ အချို့သော ကဗျာတို့တွင် ပေါက်နှင့်လက်ပံနှစ်မျိုးစလုံးကိုပင် ကဗျာဖွဲ့၍ တပို့တွဲလ အကြောင်းကိုစပ်ဆိုကြသည်။ လက်ပံကား နီနီရဲရဲအပွင့်ကို ပွင့်သည်။ ပေါက်ကား အရောင်ဖျော့၍ အဖြူဘက်ကိုလုသဖြင့် ပန်းရောင်သာသာရှိသည်။ ပေါက်လဲသည် လုံးပတ်နှစ်ပေသုံးပေ ရှိ၍ အမြင့်မှာ ပေ လေးဆယ် အထိ မြင့်သည်။ လက်ပံကား လုံးပတ် ၁၂ ပေ၊ အမြင့်ပေ ၁၃၀ အထိရှိသည်။

"ပန်း ရွှေဖီကြိုင်လှောက်လို့၊ ပိတောက်ကယ်တဲ့သင်းချို" ဟူသော တပေါင်းလဘွဲ့အရ ရွှေဖီနှင့်ပိတောက်သည် တပေါင်းလ၏ အထိမ်း အမှတ်ဖြစ်သည်ဟုဆိုရသည်။ ရွှေဖီမှာ သရဖီနှင့်အဓိပ္ပာယ်အတူတူဟု ယူဆကြသည်။ သရဖီပန်းနှင့်ပုန်းညက်ပန်းတို့သည် အမျိုးတူသည်။ ထို့ကြောင့် အရွက်နှင့်အပွင့်တို့သည် ဆင်တူရိုးမှားဖြစ်သည်။ သရဖီသည် ပင်စည်ဖြောင့်မတ်သောအပင်ကြီးမျိုးဖြစ်၍ လုံးပတ် ၇ ပေ၊ အမြင့်ပေ ၇၀ အထိ ရှိတတ်သည်။ ပုန်းညက်သည် အခိုင်လိုက်ပွင့်၏။ သရဖီကား အကိုင်းမှ တစ်ပွင့်ချင်းပွင့်သောအပင်မျိုးဖြစ်၏။ အဝါရောင်ဝတ်ဆံနှင့် အပွင့်ဖြူသောကြောင့် ကံ့ကော်ပန်းနှင့်ဆင်ဆင်တူသည်။ သရဖီကို ရွှေဖီနှင့် တွဲ၍ ပြဆိုဘိသကဲ့သို့ ရွှေဖီကိုအင်ကြင်းနှင့်လည်း တွဲ၍ပြကြသည်။ အင်ကြင်းသည် လုံးပတ် ၆ ပေ၊ အမြင့်ပေ ၈၀ အထိရှိ၍ ယင်းကို အင်တော မျှား၌တွေ့ရတတ်သည်။ အပွင့်မှာ အဝါရောင်ဖြစ်၍ ကြက်ငှက်တို့၏ တောင်ပံနှင့်တူသည်။ လှပသည့်အပြင် ရနံ့မှာလည်းသင်းသည်။

ပိတောက်ပန်းကို သင်္ကြန်ပန်းဟူ၍ အများသိကြသည်။ ပိတောက်သုံးကြိမ်ပွင့်လျှင် မိုးဥတုသို့ရောက်တော့မည်ဟု အမှတ်သညာပြုကြသည်။ ပိတောက်သည် အခိုင်လိုက် အဆုပ်အခဲနှင့်ပွင့်လေ့ရှိသောကြောင့် အပွင့်ပွင့်လျှင် တစ်ပင်လုံးရွှေရောင်ကဲ့သို့ဝင်းထိန်၍နေသည်။ အမြင့်ပေမှာ ရှစ်ဆယ်အထိ၊ လုံးပတ် ရှစ်ပေအထိရှိသည်။ ပိတောက်သားကို အိမ်ဆောက်ရန်အတွက်သာမက အိမ်ထောင်ပရိဘောဂပြုလုပ်ရန်အတွက်လည်း သုံးသည်။ အလွန်အရိပ်အာဝါသကောင်းသောအပင် ဖြစ်၍ မြန်မာတစ်နိုင်ငံလုံးရှိ မိုးကောင်းရာဒေသတို့၌ ပိတောက်ပင်ကို လမ်းဘေးများ၌ အကိုင်းထိုး၍ စိုက်လေ့ရှိသည်။ အကိုင်းထိုးခြင်းမှာ အစေ့ကိုစိုက်ရသည်ထက်လျင်မြန်စွာ ကြီးလွယ်သောကြောင့်ဖြစ်သည်။

# တစ်ဆယ့်နှစ်လရာသီပွဲတော်များ

ကမ္ဘာပေါ်ရှိ နိုင်ငံ အသီးသီးတို့သည် စိုက်ပျိုး မွေးမြူရေးလုပ်ငန်း တို့ကို အကြောင်းပြု၍ဖြစ်စေ၊ ကိုးကွယ်ရာအယူဝါဒတို့ကိုအကြောင်းပြု၍ ဖြစ်စေ၊ နေ လ နက္ခတ်တာရာတို့ကိုအကြောင်းပြု၍ဖြစ်စေ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံကို အကြောင်းပြု၍ဖြစ်စေ ရာသီအလိုက် ပွဲတော်အမျိုးမျိုးကို ကျင်းပစမြဲဖြစ်သည်။ မြန်မာတိုင်းရင်းသားတို့သည်လည်း ဤကမ္ဘာ့နိယာမအတိုင်းပင် ပွဲတော်များကိုကျင်းပကြရာ တစ်ဆယ့်နှစ်လ တစ်ဆယ့်နှစ်ရာသီ အတွက် ပွဲတော် တစ်ဆယ့်နှစ်မျိုးမျှမကရှိသည်။ ဤကဲ့သို့ ဆယ့်နှစ်ရာသီ ပွဲတော်များ အကြောင်းကို ဖွဲ့နွဲ့သည့်အခါ၊ မည်သည့်လ၊ မည်သည့်ရာသီ၌ မည်သည့် နက္ခတ်သည် မည်သည့်စန်းနှင့်ယှဉ်ကြောင်း၊ ရာသီဥတု အပြောင်းအလဲ မည်သို့ရှိကြောင်း၊ မည်သည့်ရာသီ၌ မည်သည့်ပန်းများပွင့်ကြောင်း စသည့် အချက်အလက်တို့ကို အခြေခံ၍ဖွဲ့နွဲ့ကြသည်။ ထို့ကြောင့် ဆယ့်နှစ်ရာသီဘွဲ့တို့၏ စကားအသွားအလာကိုလေ့လာလျှင် တန်ခူးလ မိဿရာသီ၌ စိတြနက္ခတ်စန်းနှင့်ယှဉ်သောအခါ ပိတောက်ပန်းများပွင့်ကြ၍ လူထု တစ်ရပ်လုံး အတာသင်္ကြန်ကို ဆင်ယင် ကျင်းပကြသည်ဟူသော အချက်တို့ကို တွေ့ကြရလိမ့်မည်။ ဤအချက်မှာ သူလည်းသိ၊ ငါလည်းသိ၊ အများသိကြပြီးသော အချက် ဖြစ်သည်။ ထိုအများသိပြီးသောအချက်ကိုပင်လျှင် စာဆိုတော် များ

က အဓိကထား၍ ရာသီဖွဲ့များကို ဖွဲ့ဆိုကြသည်။ ထို့ကြောင့် စပ်ဆိုသော အကြောင်းအရာချင်းထပ်နေသောကြောင့် ရာသီဖွဲ့ ဆိုသည်မှာ တစ်ခါ လာလည်း မဲပြာပုဆိုးကဲ့သို့ဖြစ်လေမည်လောဟု ထင်တွေးဖွယ်ရာ ရှိသည်။ သို့ရာတွင် စာဆိုတော်တို့သည် အဓိကအချက်တို့၌ အကြောင်းအရာချင်း ထပ်၍ စပ်ဆိုသည်ပင်ဖြစ်သော်ငြားလည်း ယင်းတို့၏ဖွဲ့နွဲ့ပုံ၊ သရုပ်ဖော်ပုံ၊ စိတ်ကူးပုံ၊ စိတ်ခံစားပုံ၊ တွေးခေါ်ပုံတို့မှာကား တစ်ဦးနှင့်တစ်ဦး မတူ၊ မိမိအာဘော်နှင့်မိမိ ထူးခြားသည်ဖြစ်သောကြောင့် ရာသီဖွဲ့၏အရသာကို ခံစားသောသူတို့သည် ငြီးငွေ့ဖွယ်ဟု မယူဆနိုင်ကြချေ။ တစ်မျိုးစီတစ်မျိုးစီ နှစ်သက်ဖွယ်ကောင်း၏ဟူ၍သာ ယူဆကြစမြဲ ဖြစ်သည်။

ယခုအခါ ရှေးခေတ် အတွေ့အကြုံ ဗဟုသုတနှင့် နှောင်းခေတ် အတွေ့အကြုံဗဟုသုတတို့သည် များစွာကွဲပြားခြားနားလာကြပြီ။ ထို အခါ ရှေးဗဟုသုတတို့ကို မကြားဖူးသော ခေတ်လူတို့သည် အချက်အလက်တို့ကို နားမလည်ကြလျှင် အရသာကိုရှာ၍တွေ့နိုင်ဖို့ရာ ခဲယဉ်းပေလိမ့်မည်။ အနုပညာအရသာကို ခံစားလိုသူမှန်သမျှတို့သည် အနုပညာ၏ သဘောသရုပ်ကို နားလည်မှသာ အရသာကိုရှာ၍တွေ့နိုင်လိမ့်မည်။ ထို့ကြောင့် ရှေးစာဆိုတို့၏ ရာသီဘွဲ့များတွင် တွေ့ရှိရသော အချက်တို့ကို တစ်ဆင့်ပြီး တစ်ဆင့် ရှင်းလင်းပြဆိုလိုက်ပါသည်။ ဆယ့်နှစ်ရာသီပွဲတော်အမျိုးအမည်များကို နှောင်းလူတို့ အမှတ်ရလွယ်အောင် လက်ဝဲသုန္ဒရ အမည်ရသော အမတ်ကြီးသရေသင်္ခယာသည် သာဓိနပျို့၌ အောက်ပါအတိုင်းစပ်ဆိုခဲ့သည်။ ယင်းပွဲတော်များကို ဆိုင်ရာ ဆိုင်ရာလနှင့်ယှဉ်၍ ဖော်ပြလိုက်ပါသည်။

| | |
|---|---|
| ၁။ သင်္ကြန်တာကူး | တန်ခူး |
| ၂။ နှစ်ဦးညောင်ရေ | ကဆုန် |
| ၃။ စာပလွှေခင်း | နယုန် |

၄။ ပဥ္စင်းတော်ခံ ဝါဆို
၅။ စာရေးတံနှင့် ဝါခေါင်
၆။ မြစ်ယံပွဲကြီး တော်သလင်း
၇။ ဆီမီးထွန်းချိန် သီတင်းကျွတ်
၈။ ကထိန် တန်ဆောင်မုန်း
၉။ နတ်ကျင်း နတ်တော်
၁၀။ မြင်းခင်းထွက်ဝင် ပြာသို
၁၁။ သဘင်မီးဖုန်း တပို့တွဲ
၁၂။ ဂူလုံးသဲပုံ တပေါင်း
စေ့စုံစီလျှဉ်
ဤသို့ယှဉ်သား
လစဉ်အမြဲ
ဆယ့်နှစ်ပွဲ။

ဆိုလတ္တံ့သောအကြောင်းအရာများအတွက် ဤပွဲတော်အမည်များသည် မာတိကာပင်ဖြစ်ပါသည်။ ယင်းအမည်များ၏ အနက် အဓိပ္ပာယ်ကို ယေဘုယျအားဖြင့် အများသိပြီးဖြစ်ပါလိမ့်မည်။ သို့ရာတွင် ရှေးခေတ်က ထွန်းကားခဲ့သောသဘင်များသည် အချို့နေရာဌာနတို့၌ တိမ်ကောစပြုနေပြီ။ ထို့ကြောင့် ယင်းတို့ကိုထုတ်ဖော်ရန်အတွက် သိသာရန်အနက်တို့ကို အကျဉ်းအားဖြင့်ဖွင့်ဆိုပေးလိုက်ပါသည်။ ကဗျာ၌ စာပလွေခင်းဟု ဆိုသည်မှာ စာပြန်ပွဲဖြစ်သည်။ စာရေးတံကား သလာ ကဘတ္တဟူသော စာရေးတံဆွမ်းကပ်ပွဲဖြစ်သည်။ ခေတ်စကားနှင့် နားလည်လွယ်အောင် ပြောရလျှင် မဲချ၍ဆွမ်းစသော လှူဖွယ်ဝတ္ထုတို့ကို ကပ်သောပွဲဖြစ်သည်။ မြစ်ယံပွဲမှာ လှေပြိုင်ပွဲ သစ်ဆင်းပွဲဖြစ်သည်။ ဆီမီးထွန်းချိန်ဟူသည်ကား မြင်းမိုရ်ပွဲ မီးထွန်းပွဲကိုရည်၍ဆိုခြင်းဖြစ်သည်။ နတ်ကျင်းကား နတ်ပွဲ၊ သဘင် မီးဖုန်း

ကား မီးဖုန်းယာဂုလှူပွဲ၊ ဂူလုံး သဲပုံကား သဲပုံစေတီဟူ၍ အသီးသီးဖြစ်သည်။ ယင်း ပွဲတော်များကို သက်ဆိုင်ရာလနှင့်ယှဉ်၍ အကျယ်ပြဆိုပါဦးမည်ဖြစ်ပါ သည်။

http://www.cherrythitsar.org

# ရာသီဖွဲ့စာဆိုများ

ဆယ့်နှစ်ရာသီဆယ့်နှစ်လအကြောင်းကို ဖွဲ့ဆိုသော ထင်ရှားသော စာဆိုတော်များသည် မြန်မာ့စာပေသမိုင်းတွင် အလွန်များပြားလှပါသည်။ ယင်းတို့ကို စုံစေအောင်ဖော်ပြရန် မရည်ရွယ်ပါ။ သို့ရာတွင် လူသိများ၍ မှတ်သားဖွယ် ကောင်းသော စာဆိုကြီးများ၏အကြောင်းကို အသင့်အတင့် ဖော်ပြပါမည်။ များသောအားဖြင့် ထိုစာဆိုအသီးသီးတို့သည် ဆယ့်နှစ်ရာသီပြည့်အောင် ဖွဲ့ဆိုကြသဖြင့် ထင်ရှားပါသည်။ သို့သော် အချို့စာဆိုတို့ကား မိမိတို့နှစ်သက်ရာ ရာသီတစ်ခုတည်းကို အထူးပြု၍ စပ်ဆိုကြရာ ယင်းသို့စပ်ဆိုသော ကဗျာအဖွဲ့အနွဲ့များသည်လည်းအလွန်ကျော်ကြားပါသည်။ တပေါင်းလရာသီ တစ်ခုတည်းကို အလေးဂရုပြု၍စပ်ဆိုသော ရှင်အုန်းညို (သက္ကရာဇ် ၈၁၅ – ၈၅၅)မှာ ဂါထာခြောက်ဆယ်ပျို့တစ်ခုတည်း ဖြင့် အထူးကျော်ကြားသည့် ပုဂ္ဂိုလ်ဖြစ်ပါသည်။ ယင်း ဂါထာခြောက်ဆယ်ကား ဗုဒ္ဓဝင်နှင့် အပါဒါန် ကျမ်းတို့ကို မှီငြမ်းပြု၍ စပ်ဆိုသော ပျို့ဖြစ်သည်။ ဗုဒ္ဓဝင်အဋ္ဌကထာ၌ ဂါထာပေါင်း ၆၄ ဂါထာရှိ၍ အပါဒါန် အဋ္ဌကထာ၌ ဂါထာပေါင်း ၆၃ ဂါထာရှိသည်။ ယင်းတို့ကို မှီငြမ်းပြု၍ ဂါထာ အရေ အတွက်အစုံအလင်ကို ရေးသားစီရင်သော်လည်း အစွန်းထွက်ဂါထာ ပုဒ်ရေတို့ကို ဖျောက်၍ ဂါထာ ၆၀ ဟူ၍ပင်ခေါ်သည်။ ယင်းဂါထာတို့မှာ တပေါင်းလရာသီ၏ သာယာပုံ

ကို ဖွဲ့ဆိုသောဂါထာများဖြစ်သည်။ မြတ်စွာဘုရားသည် ဘုရား ပွင့်တော်မူပြီးသည့်နောက် ဒေသစာရီကြွချီ၍ တရားဓမ္မက္ခန်တို့ကို ဟောပြောရာ ရာဇဂြိုဟ်ပြည်ကိုသာလျှင် မကျွိုင်ပြု၍ စံတော်မူသည်။ ဖခမည်းတော် သုဒ္ဓေါဒနမင်းရှိရာ ကပိလဝတ်ပြည်သို့ကြွချီတော်မူခြင်း မပြုနိုင်သေးချေ။ ထိုအခါ ခမည်းတော်က သားတော်ဘုရားအား မိမိထံသို့ကြွရောက်ပါရန် တမန်တော်များကို စေလွှတ်၍ အဖန်ဖန်ပင့်လျှောက်ခဲ့လေသည်။ သို့သော် စေလွှတ်လိုက်သောတမန်တော်တို့အား မြတ်စွာဘုရား၏အဆုံးအမခံ၍ ရဟန်းဘောင်သို့ဝင်ကြလေသည်။ ထို့ကြောင့် သုဒ္ဓေါဒနမင်းက ကာဠုဒါယီအမတ်အား မြတ်စွာဘုရားကို ကပိလဝတ်ပြည်သို့ပါအောင် ပင့်လျှောက်ချေဟု အမိန့်တော်ရှိလေသည်။ ထိုအခါ ကာဠုဒါယီအမတ်ကြီးသည် သာယာလှသော တပေါင်းလ အချိန်အခါတွင် မြတ်စွာဘုရားသည် ဖခမည်းတော်ရှိရာသို့ကြွချီသင့်ပါကြောင်း ဂါထာပေါင်း ခြောက်ဆယ်ကျော်ဖြင့် ဖွဲ့နွဲ့ တင်လျှောက်လေရာ မြတ်စွာဘုရားလည်း ကပိလဝတ်ပြည်သို့ ရောက်လာတော်မူလေသည်။

ရှင်အုန်းညိုသည် တောင်တွင်းကြီးမြို့တွင် ပေလေးပင် ရှင် လေးပါး အပါအဝင် စာဆိုတော်အကျော်အမော်ဖြစ်သည်။ ယင်းရှင်လေးပါး၌ ပါဝင်သော ရှင်အုန်းညိုသည် ရှင်ဥတ္တမကျော်နှင့်သက်တူရွယ်တူ ဖြစ်သည်။ ရှင်အုန်းညိုသည် အခြား အခြားသော ပျို့ကဗျာအမျိုးမျိုးတို့ကို စပ်ဆိုလိမ့်မည်ဟု ခန့်မှန်းရသော်လည်း ဤဂါထာခြောက်ဆယ်ပျို့သည်သာလျှင် ထင်ရှား၍ ဤပျို့တစ်ခုတည်းနှင့်ပင် မြန်မာ့စာပေသမိုင်းတွင် မှတ်တမ်းတင်ခြင်းခံရသည်။

အလားတူပင် ရှင်ဥတ္တမကျော် (သက္ကရာဇ် ၈၁၅ – ၉၁၄ ခန့်) သည် "စက်ဆယ့်နှစ်လီ၊ ဒွါဒသီဝယ်" ချီ တောလားကဗျာရှစ်ပုဒ်နှင့် ဘုရားဆုပန်ကြောင်းပြဆိုသော ရတုတစ်ပုဒ်၊ ပေါင်းကိုးပုဒ်ဖြင့် မြန်မာစာပေသမိုင်း

တွင် မှတ်တမ်းဝင်သော ပုဂ္ဂိုလ်ဖြစ်သည်။ ရှင်ဥတ္တမကျော်သည် အခြား အခြားသော ပိဋကတ်စာပေကျမ်းဂန်တို့ကို ပြုစုခဲ့သည်ဟု ပညာရှင်တို့က ဆိုကြသည်။ သို့ရာတွင် ယခုပြဆိုသော ကဗျာကိုးပုဒ်သည်သာလျှင် အထင် ရှားဆုံးဖြစ်သည်။ တစ်ဆယ့်နှစ်လ တစ်ဆယ့်နှစ်ရာသီကိုဖွဲ့ဆိုရာ၌ တော တောင်ရေမြေသဘာဝတို့ပြောင်းလဲပုံကို အခြေခံ၍ ဖွဲ့ဆိုသည်ဖြစ်ရာ များစွာ နှစ်သက်ဖွယ်ဖြစ်သည်။

ဝန်ကြီး ပဒေသရာဇာကား ထန်းတက်သမားတျာချင်းနှင့် လယ် သမားတျာချင်းတို့ကြောင့် ယခုခေတ်ကာလလူငယ်အများပင်လျှင် နှစ်သက် မြတ်နိုးခြင်းခံရသော ပုဂ္ဂိုလ်ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် သက္ကရာဇ် ၁၀၃၄ ခုနှစ်၌ နန်းတက်သော အင်းဝဘုရင် အင်္ဂါမင်းလက်ထက်တွင် ဖွားမြင်သည် ဟုအမှတ်အသားရှိသော်လည်း ကွယ်လွန်သော ခုနှစ်သက္ကရာဇ်ကို ကျွန်ုပ်တို့ အတိအကျမသိကြပေ။ ထိုပုဂ္ဂိုလ်သည် စနေမင်း၊ တနင်္ဂနွေမင်းနှင့် ဟံသာ ဝတီပါ မင်းတရားကြီးလက်ထက်တိုင်အောင် အမှုတော်ထမ်းရွက်ခဲ့သည်။ ဟံသာဝတီပါ မင်းတရားကြီးလက်ထက်တွင် ပဒေသရာဇာဘွဲ့ကိုရရှိသည်။ ထိုမင်းတရားကြီးကို မွန်တို့က စစ်နိုင်သဖြင့် အောက်ပြည် အောက်ရွာသို့ ခေါ်ဆောင်သွားသောအခါ ပဒေသရာဇာသည် မင်းတရားကြီးနှင့်အတူ သန်လျင်မြို့ကို လိုက်ပါလာ၍ သန်လျင်မြို့၌ပင် အနိစ္စရောက်လေသည်။ ယနေ့တိုင် ပဒေသရာဇာ၏ အုတ်ဂူသည် သန်လျင်မြို့၌ရှိသည်။ ထိုစာဆို တော်ကြီးသည် စာပေအဖွဲ့အနွဲ့၌ ဇာတ်နိပါတ်ရာဇဝင်အကြောင်းအရာတို့ကို များစွာ ပဓာနမပြုဘဲ သာမန်လူတို့၏ အဖြစ်အပျက်အကြောင်းအရာတို့ကို အထူးပြု၍ ဖွဲ့နွဲ့သီဆိုလေ့ရှိသောကြောင့် ယခုခေတ်စာပေပညာရှင်တို့က သူ့အား အင်းဝခေတ် တော်လှန်ရေးစာဆိုတော်ဟူ၍ပင်လျှင် ပြောဆိုလေ့ရှိကြ သည်။ ဝန်ကြီး ပဒေသရာဇာရေးသားသော သူဇာပျို့၊ မနော်ပျို့၊ နုအူပျို့ စသည့် အမည်တို့ကို ထောက်ရှုလျှင်ပင် ထိုပုဂ္ဂိုလ်၏ စာပေဆိုင်ရာ ဥယျော

ဇော်ကို ခန့်မှန်းနိုင်ပါသည်။ ထိုပုဂ္ဂိုလ်ကြီး၏ ဆယ့်နှစ်ရာသီဖွဲ့တို့ကို ယခုခေတ် လူများလည်း နှစ်သက်မြန်နှစ်သက်နေကြသည်။

စိန္တကျော်သူ ဦးညိုသည် သက္ကရာဇ် ၁၁၁၃ ခုနှစ် အသက် ၁၅ နှစ် အရွယ်တွင်ပြုစုသော ကဝိလက္ခဏာသတ်ပုံကျမ်းနှင့် ၁၁၂၂ ခုနှစ် တွင်ပြုစုသော ညဝါဒထူးပျို့ဟူသည့် ကျမ်းနှစ်စောင်အတွက် မြန်မာစာပေသမိုင်းတွင် ထင်ရှားကျော်စောသည်။ ထိုပုဂ္ဂိုလ်သည် ၁၀၉၈ ခုနှစ်တွင် ဖွားမြင်သည်။ ကွယ်လွန်သောသက္ကရာဇ်အမှတ်အသားကိုမူကား မသိကြရချေ။ စိန္တကျော်သူ ဖွဲ့ဆိုသော ဆယ့်နှစ်ရာသီဖွဲ့များသည်လည်း အလွန်သာယာနာပျော်ဖွယ် ရှိသည်။

ဆယ့်နှစ်ရာသီဖွဲ့များနှင့်စပ်လျဉ်း၍ အလွန်လူသိများသော အဖွဲ့တို့မှာ လှူဦးမင်းနှင့်ဖိုးသူတော်ဦးမင်းတို့ စပ်ဆိုကြသောဖွဲ့များဖြစ်သည်။ ထိုပုဂ္ဂိုလ်နှစ်ဦးမှာ နာမည်တူသောကြောင့် လူဝတ်ကြောင်ဘဝ၌နေထိုင်သောပုဂ္ဂိုလ်ကို လှူဦးမင်းဟူ၍လည်းကောင်း၊ ဖိုးသူတော်အဖြစ်ဖြင့် ရဟန်းတော်တို့၏ထံပါး၌ ဆည်းကပ်နေထိုင်သောပုဂ္ဂိုလ်ကို ဖိုးသူတော်ဦးမင်းဟူ၍ ခွဲခြားခေါ်ဆိုကြ၏။ လှူဦးမင်းကား သက္ကရာဇ် ၁၁၃၆ တွင်ဖွားမြင်၍ ၁၂၀၉ တွင် ကွယ်လွန်သည်။ စာဆိုတော်လှူဦးမင်းသည် ဘိုးတော်ဘုရား၊ ဘကြီးတော်၊ ရွှေဘိုမင်းနှင့်ပုဂံမင်းတို့၏လက်ထက်များတွင် အမှုတော်ကို ထမ်းရွက်ရသည်။ ထိုပုဂ္ဂိုလ်သည် ဆယ့်နှစ်ရာသီဖွဲ့လေးချိုးကို တစ်ရာသီလျှင် တစ်ပိုဒ်ကျခွဲ၍ ဆယ့်နှစ်ပိုဒ်ပြည့်အောင် စပ်ဆိုခဲ့လေသည်။ ထိုလှူဦးမင်းနှင့်ခေတ်ပြိုင် ဖိုးသူတော်ဦးမင်းကား ဘကြီးတော်ဘုရားလက်ထက်နှင့် ကုန်းဘောင် ရွှေဘိုမင်းလက်ထက်တွင်ထင်ရှားသည်။ ယင်းသည် ရှင်ဣန္ဒောဘာသဓဇဘွဲ့ဖြင့် ဖိုးသူတော်ဝတ်ခဲ့ဖူးသောကြောင့် ဖိုးသူတော်ဦးမင်းဟု ထင်ရှားသည်။ ဖိုးသူတော် ဦးမင်းစပ်ဆိုသော ဆယ့်နှစ်ရာသီဖွဲ့များမှာ ယခုခေတ်တွင် အများတကာနှစ်ခြိုက်စွာရွတ်ဆိုနေကြသော ကဗျာများပင်

ဖြစ်သည်။ ရာသီဘွဲ့များကို လေးဆစ်ပုံစံနှင့်တစ်မျိုး၊ လွမ်းချင်းပုံစံနှင့်တစ်မျိုး အမျိုးမျိုးဖွဲ့ဆိုသည့်အပြင် နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီဖွဲ့ကို လေးချိုးကြီး သုံးပုဒ်ဖြင့် ဖွဲ့ဆိုရာ ကဗျာဆရာအများသည် ထိုပုဂ္ဂိုလ်ကြီး၏ လေးချိုးများကို စံပြုကြရလေသည်။

မြန်မာစာပေသမိုင်းတွင် ပြဇာတ်စာဆိုဦးကြင်ဥဟု ထင်ရှား သော ပုဂ္ဂိုလ်ကား ဘကြီးတော်ဘုရား၊ ရွှေဘိုမင်းနှင့်ပုဂံမင်းတို့၏ လက် ထက်တွင် ထင်ရှားသောပုဂ္ဂိုလ်ကြီးဖြစ်သည်။ ထိုပုဂ္ဂိုလ်ကြီး၏ မွေးသက္ကရာဇ်နှင့် ကွယ် လွန်သောသက္ကရာဇ်အမှတ်အသားများကို ကျွန်ုပ်တို့မသိရလေ။ စလေဆရာ ဦးပုညနှင့်ခေတ်ပြိုင်ဖြစ်၍ ဦးပုည၏ပြဇာတ်နှင့် ဦးကြင်ဥ၏ပြဇာတ်များကို စာပေသုတေသီတို့က ယှဉ်ပြိုင်၍ လေ့လာ မှတ်သားကြသည်။ အကြမ်းပြော ရလျှင် ဦးကြင်ဥ၏ကဗျာလင်္ကာတို့သည် တည်တည်ခန့်ခန့်နှင့် ဗဟုသုတ အနှစ်သာရရှိသည်။ ဦးပုည၏ မေတ္တာစာအပါအဝင် ကဗျာလင်္ကာတို့မှာ ကား အလွန်ရွှင်သည်။ ဦးကြင်ဥ၏ဆယ့်နှစ်ရာသီဖွဲ့တို့ကား ယနေ့တိုင် အောင် မရိုးနိုင်သော ရာသီဖွဲ့များဖြစ်လေသည်။

ပြဇာတ်အရေးအသားတွင် ဆရာတစ်ဆူဟုမှတ်ယူရသော စာဆို တော် စလေဦးပုည၏မွေးသက္ကရာဇ်ကို ၁၁၇၄ ခုနှစ်ဟူ၍ ယေဘုယျ မှတ် သားရပေသည်။ အမှတ်အသားဝါဒကွဲအမျိုးမျိုးရှိသည်။ ထိုပုဂ္ဂိုလ်သည် ၁၂၂၉ ခုနှစ်တွင် မြို့ဝန်ဦးသာအိုး၏အမိန့်ဖြင့် အဆုံးစီရင်ခြင်းကို ခံရသည်။ ဤကိစ္စကို မင်းတုန်းမင်းတရားကြီးသိသောအခါ "လူကို ခွေးသတ်လေရဲ့" ဟု အမိန့်တော်ရှိကြောင်း မှတ်သားရပေသည်။ စလေ ဆရာသည် ဇဝန ဉာဏ်ထက်သန်သူဖြစ်သည့်အလျောက် ဟာသဂုဏ် မြောက်သောစာပေ အဖွဲ့အနွဲ့အမျိုးမျိုးကို စီရင်ရေးသားခဲ့သည်။ နဘော အရာ၌ စလေဆရာသည် သူမတူလက်စွမ်းထက်သည်ဟူ၍လည်း အမှတ်အသားပြုရသည်။ အလျဉ်း သင့်ရာသင့်ရာ ဆယ့်နှစ်ရာသီဖွဲ့ အမျိုးမျိုးကို စပ်ဆိုခဲ့ရာ ယင်းဖွဲ့များမှာ

အလွန်ထင်ရှားလှပေသည်။

မယ်ခွေသည် ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်တွင် အလွန်ထင်ရှားသော အမျိုးသမီးစာဆိုတော်တစ်ဦးဖြစ်သည်။ ဖွား သက္ကရာဇ်၊ ကွယ်လွန်သောသက္ကရာဇ်အမှတ်အသားများကား မရှိချေ။ သက္ကရာဇ် ၁၁၈၀ ပြည့်နှစ်တွင် မယ်ခွေသည် အဲချင်းအမျိုးမျိုးတို့ကို စပ်ဆိုခဲ့ရာ အများ နှစ်သက်ကြသည်။ အဲချင်းပုံစံဖြင့် ရာသီဖွဲ့အမျိုးမျိုးတို့ကို ဖွဲ့နွဲ့ရာ ထိုပုဂ္ဂိုလ်၏ ရာသီဖွဲ့များမှာ ယနေ့တိုင်အောင် ထင်ရှားလျက်ရှိလေသည်။

ယခုပြဆိုခဲ့သောစာဆိုများအပြင် ဆယ့်နှစ်ရာသီဖွဲ့တို့ကို စပ်ဆိုခဲ့သော အခြားပုဂ္ဂိုလ်တို့မှာ မဟာအတုလမင်းကြီးနှင့် လူးတားဆရာ ဦးသာ၊ ဦးအောင်ကြီးတို့အပြင် များစွာသောစာဆိုများရှိကြပါသည်။ ထင်ရှားသော စာဆိုကျော်များကိုသာ အကျဉ်းမျှပြဆိုနိုင်ပါသည်။ ယခု ၂၀ ရာစုနှစ် ဒုတိယ ပိုင်းလောက်မှစ၍ ထင်ရှားခဲ့သောစာဆိုတော် မဟာဂီတဦးပြုံးချိုသည်လည်း နှောင်းလူတို့မှတ်သားဖွယ်ကောင်းလေက်အောင် ဆယ့်နှစ်ရာသီဖွဲ့များကို စပ်ဆိုခဲ့ပါသည်။ ယင်းတို့ကို ဆိုင်ရာ ဆိုင်ရာ ရာသီဖွဲ့နှင့် ဘုရားပွဲတော် များအကြောင်းကို ရေးသားရာ၌ ထိပ်တွင် နိဒါန်းသဘောအားဖြင့် ဖော်ပြသွားပါမည်။

# တန်ခူးလ

ဤမှအစပြု၍ ဆယ့်နှစ်ရာသီပွဲတော်များကို လ အလိုက်ဖော်ပြမည်။ ဤသို့ ဖော်ပြရာ၌ မဟာဂီတဦးပြုံးချို ရေးသားခဲ့သော ရာသီဖွဲ့လေးချိုးများကို ဆိုင်ရာဆိုင်ရာတွင် နမူနာအဖြစ်ဖြင့် နိဒါန်းသွယ်ပါမည်။ ထိုပုဂ္ဂိုလ်၏ တန်ခူးလဖွဲ့လေးချိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

နှစ်လုံးရယ်တဲ့ ပါဒ်မှီ။
ရေသွန်း စံပျော်လို့
ငွေကံ့ကော် ပိတောက်ပန်းရယ်
လန်းတဲ့ရာသီ။
စိတ်ဟာ ရွှေကြယ်မြတ်ကယ်နှင့်
စန်းသမသတ်ပြည့်ခါမှီ
ညဉ့်နာရီနေခင်း။
မျှမပို
လအလို အခါထူးပါတဲ့
တန်ခူးသည် ဂိမ္ဟေ၌
ရဝိန်နေ မဇ္ဈေနန်းမှာ
မြန်းမည့် အတွင်း။

ဦးပြုံးချိုကို "မဟာဂီတ" ဟူသောဝိသေသဖြင့်ခေါ်ဆိုကြခြင်းမှာ "မဟာဂီတပေါင်းချုပ်"ကို စုဆောင်းပြုစုစီရင်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် ဂီတ၌ ပါရမီထူးသောကြောင့် အသက် ၁၆ နှစ်မပြည့်မီ အရွယ်ကပင်လျှင် ဇာတ်သဘင်အတွက် တေးသီချင်းများကို စပ်ဆိုရာ သဘင်ပညာရှင်တို့က ကြိုက်နှစ်သက်ကြသည်။ အသက် ၁၆ နှစ်အရွယ် ရောက်သော် စောင်းပညာကို ပေါက်မြောက်စွာတတ်ကျွမ်းသောကြောင့် မင်းပွဲသဘင်တို့၌ မကြာခဏပါဝင်ဆင်နွှဲခဲ့ရာ ကျော်ကြားလာသည်။ ကြီးပြင်းလာသောအခါ ပညာအလင်းသတင်းစာ၊ မြန်မာ့အလင်း သတင်းစာ၊ မြန်မာ့ရီဗျူးဂျာနယ်တို့တွင် ပင်တိုင်ဆောင်းပါးရှင်အဖြစ်ဖြင့် ရေးသားခဲ့သည်။ ထိုခေတ်တွင်ရေးသားသော "ကျိုက်ထီးရိုး နတ်လမ်းညွှန်" ကဗျာလင်္ကာမှာ အလွန်လူကြိုက်များသော လင်္ကာဖြစ်သည်။ ထို့နောက်"တေဘုမ္မာ"အမည်ရှိသော သီချင်းကြီးကို ရေးသားစပ်ဆိုလိုက်ရာ တမုဟုတ်ချင်း ထင်ရှား ကျော်စောလာသည်။ ထိုသီချင်းကြောင့်ပင်လျှင် သူရိယ သတင်းစာ၌ အယ်ဒီတာအဖွဲ့ဝင်တစ်ဦးဖြစ်လာ သည်။ သူရိယတိုက်၌ အလုပ်လုပ်ရင်းနှင့် လူ့သဘာဝ အဖွဲ့ဖြစ်သော အတ္ထုပ္ပတ္တိတစ်ခုကို"နေဇလိမ်နည်း"အမည်ဖြင့် ဝတ္ထုသွားဆန်ဆန်နှင့် ရေးသား ထုတ်ဝေလိုက်သောအခါ ပို၍ လူသိများလာသည်။

ဦးပြုံးချိုသည် စာပေ၊ ဂီတ၊ အနုပညာတို့၌သာ ကျွမ်းကျင်သည် မဟုတ်။ ပန်းချီဆေးရေးအတတ်၌လည်း ထူးချွန်သည်။ ဇာတ်ပွဲများအတွက် မျက်နှာဖုံးပန်းချီကားများကိုလည်း ရေးဆွဲသည်။ ထို့ပြင် သံထည်ကို ထွင်းဖောက်၍ ပန်းဖော်ရသော ပန်းတဉ်းလုပ်ငန်း၌လည်း လက်ရာမြောက်သည်။ စက်မှုလက်မှု၌လည်း ဝါသနာထုံသောကြောင့် ဘွိုင်လာအိုးတပ်ဆင်သောသင်္ဘောငယ်တစ်စင်းကို တည်ဆောက်ရာ သက်ဆိုင်ရာ အာဏာပိုင်တစ်ဦးက လွန်စွာချီးကျူးသော်လည်း ဘွိုင်လာ အက်ဥပဒေအရ ဘွိုင်လာအိုးတပ်ဆင်သောစက်ကို မတည်ဆောက်ရဟု တားမြစ်လေသည်။

ဦးပြုံးချိုသည် မြန်မာသက္ကရာဇ် ၁၂၄၀ ပြည့်တွင် ကျိုက်လတ်မြို့၌ မွေးဖွား၍ ၁၂၈၉ ခုနှစ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

တန်ခူးလသည် နှစ်၏အစ၊ နှစ်ဦးလဖြစ်သည်။ ထုံးစံအားဖြင့် မြန်မာနှစ်သစ်သည် တန်ခူးလမှအစပြုသည်။ သို့ရာတွင် မြန်မာနှစ်ဆန်းတစ်ရက်သည် အခါခပ်သိမ်း တန်ခူးလအတွင်း၌သာကျရောက်သည် မဟုတ်ချေ။ ဤအကြောင်းကို ရှေးက ဆိုခဲ့ပြီးဖြစ်သည်။ နှစ်ဆန်းတစ်ရက်သည် တန်ခူးလတစ်ရက်ရက်၌လည်း သတ်သတ်မှတ်မှတ် ကျရောက်သည် မဟုတ်ချေ။ ထို့ကြောင့် နှစ်သစ်မကူးမီ တန်ခူးလ၏ရက်တို့ကို နှောင်းရက်၊ နှစ်သစ်ကူးပြီးနောက် နှစ်ဆန်းစတန်ခူးလ၏ရက်တို့ကို ဦးရက်ဟု သတ်မှတ်၍ နှောင်းတန်ခူး၊ ဦးတန်ခူးဟူ၍ခေါ်ဝေါ်ကြသည်။ တန်ခူးလသည် အင်္ဂလိပ် ဧပြီလနှင့်တိုက်ဆိုင်သည်။ မြန်မာနှစ်ဆန်းတစ်ရက်သည် ဧပြီလ ၁၃ ရက်မှ ၁၇ ရက်အတွင်းကျရောက်တတ်သည်။

တန်ခူးလတွင် သင်္ကြန်ကျရောက်၍ နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းလေရာ ထိုလတွင် တစ်နိုင်ငံလုံး၌သင်္ကြန်ပွဲတော်ကိုကျင်းပကြသည်။ မြန်မာနှင့်ယဉ်ကျေးမှုချင်းဆက်စပ်နေသော လောနိုင်ငံ၊ ကမ္ဘောဒီးယား နိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် အလားတူပင် ဧပြီလ၌ သင်္ကြန်ပွဲတော်ကို ဆင်နွှဲကြသည်။ သို့ရာတွင် မြန်မာနိုင်ငံ၏သင်္ကြန်ပွဲတော်သည် ယင်းပွဲတော်တို့ထက် ကြီးကျယ်၍ ရှေး အင်းဝခေတ်ကပင်လျှင် အင်္ဂလိပ် စသော တိုင်းတစ်ပါးသားတို့က နှစ်သက်ဖွယ်ရာမှတ်တမ်းတင်ခဲ့ကြသည်။

သင်္ကြန်ဟူသောစကားသည် သင်္ကန္တဟူသော ပါဠိမှဆင်း သက်၍ ရွတ်ဆိုသောအခါ သင်္ကတင်၌ရှိသော ရရစ်သံဖြင့်ရွတ်ဆိုရသော စကားဖြစ်သည်။ အဓိပ္ပာယ်မှာ ကူးပြောင်းခြင်းဖြစ်၏။ ဤကမ္ဘာမြေကြီးသည် နေကိုဗဟိုပြု၍ မိဿရာသီမှစ၍ ပြိဿ၊ မေထုန်၊ ကရကဋ်၊ သိဟ်၊ ကန်၊ တူ၊ ဗြိစ္ဆာ၊ ဓနု၊ မကာရ၊ ကုမ်၊ မိန်ဟူသောရာသီခွင်တို့သို့ အစဉ်လိုက် ကူး

ပြောင်းလှည့်လည်ပြီးနောက် သူရိယသိဒ္ဓန္တကျမ်းအလို ၃၆၅ ရက်၊ ၆ နာရီ၊ ၁၂ မိနစ်၊ ၃၇ စက္ကန့်ပြည့်သောအခါ၊ တနင်္ဂနွေ ရဝိဖုဋ္ဌဂြိုဟ်စင်သည် မိဿရာသီအစ သုည အသင်္ချာသို့ဝင်၏။ ဤကဲ့သို့ ဝင်စအချိန်တွင် သင်္ကြန်ကျသည်။ သို့ရာတွင် နှစ်မကူးသေးချေ။ ဗေဒင်တွက်ရိုးကျမ်းများ၌ ရဝိဖုဋ္ဌဂြိုဟ်စင်နှင့် ရဝိမဇ္ဈဂြိုဟ်သွမ်းဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားပြသည်။ ထို့ကြောင့် မိဿရာသီသို့ ထိုဂြိုဟ်နှစ်မျိုးနှစ်စား ရောက်သော အချိန်ကာလသည်လည်း ကွဲပြားသည်။ မိဿရာသီသို့ တနင်္ဂနွေ ရဝိဖုဋ္ဌဂြိုဟ် ဝင်ရောက်ရှိပြီး၍ ၂ ရက်၊ ၄ နာရီ၊ ၄ မိနစ်၊ စက္ကန့် ၄၀ ကြာမှ တနင်္ဂနွေ ရဝိမဇ္ဈဂြိုဟ်သွမ်းရောက်ရှိ၏။ ထိုကဲ့သို့ကွာခြားသောနှစ်ရက်ကျော်ကာလသို့ ဝင်သောအခါကျမှသာ အတာတက်၍ နှစ်သစ်ကူးပြီဟု အသိအမှတ်ပြုကြ၏။

ဤသင်္ကြန်ပွဲတော်တွင် မြန်မာတိုင်းရင်းသားတို့သည် ပျော်ရွှင်စွာ ရေပက်ကစားကြသည်။ သင်္ကြန်ရေပက်ဖျန်းခြင်းသည် လေးနက်မွန်မြတ်သောအဓိပ္ပာယ်ရှိသည်။ ရေသည် မေတ္တာဓာတ်ကိုတင်စားသည်။ ရေကစားကြသည်မှာ 'ရေလိုအေး၍ ပန်းလိုလန်းပါစေ' ဟူသောမေတ္တာဓာတ်ဖြင့် ကစားခြင်းဖြစ်သည်။ ရှေးက ဤအနက်အဓိပ္ပာယ်ကို ဝိသေသ ထူးစေခြင်းငှာ "ထုံသင်း နံ့သာ၊ ရေသီတာဝယ်၊ စမ္ပာကရမက်၊ ပန်းပေါင်းဖက်" သော အမွှေးအကြိုင်တို့ကို ဖလားတွင် ထည့်၍ ငွမ်းဆွတ်ပြီးလျှင် ရေလောင်းကြသည်။ ဤကဲ့သို့ရေကစားခြင်း၌ ကလေးလူကြီး မရွေး အလွန်ရွှင်ပျော်ကြသည်။

သို့သော် လူကြီးများကား သင်္ကြန်နှစ်သစ်ကူးအခါတော်တွင် ကိုယ်နှုတ်နှလုံးသုံးပါးစုံ စင်ကြယ်စေသည်ဟူသောအထိမ်းအမှတ်ဖြင့် ဦးခေါင်းကို ဆေးကြလျှော်ကြသည်။ မြန်မာမင်းတို့၏လက်ထက်တွင်မူ ဘုရင်မင်းမြတ်တို့ကိုယ်တိုင် ဦးခေါင်းဆေးမင်္ဂလာကိုကြီးမှူး၍ ကျင်းပသည်။ ထို ဦးခေါင်းဆေးမင်္ဂလာနှင့်စပ်လျဉ်း၍ လူငယ်တို့က လူကြီးတို့၏ဦးခေါင်း

ကို တရော်ကင်ပွန်းတို့ဖြင့် ဆေးလျှော်ပေး၍ ကုသိုလ်ယူကြသည်။ ဤမင်္ဂလာ အမှုနှင့်တဆက်တည်း ဂါရဝ နိဝါတတရားကို ရည်မှန်း၍ လူငယ်တို့ အသက်ကြီးရွယ်ကြီးတို့ကို ကန်တော့ကြသည်။

သင်္ကြန်သည် တစ်နှစ်ပြီးတစ်နှစ် ကာလရွှေ့လျားပြောင်းလဲလာခြင်းကို သတိရစေသည်။ ဤရွှေ့လျားခြင်း သင်္ခါရဓမ္မကို ဆင်ခြင်သောလူကြီးများသည် ဥပုသ်သီတင်းတည်ဆောက်၍ ဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းလေ့ရှိကြသည်။ တရားဓမ္မဦးဆောင်လမ်းပြဖြစ်သော လူကြီးများသည် မိမိတို့၏သားသမီးမြေးမြစ် ငယ်ရွယ်သူတို့ကို ဘုန်းကြီးကျောင်းသို့ ခေါ်ဆောင်၍ သီတင်းသီလဆောက်တည်စေသည်။ အချို့ကလည်း ကုသိုလ်တရားပွားများလေအောင် သင်္ကြန်ကာလအတွင်း၌ပင် ပဋ္ဌင်းခံရှင်ပြုအလှူအတန်းတို့ကို ဆောင်ရွက်လေ့ရှိကြသည်။

သို့ရာတွင် ပုထုဇဉ်တို့၏ဓမ္မတာမှာ ပျော်ရွှင်လိုကြသော ဓမ္မတာဖြစ်၏။ ထို့ကြောင့် ရှေးက ရန်ကုန်မြို့၊ မန္တလေးမြို့၊ မော်လမြိုင်မြို့တို့ တွင် သင်္ကြန်ပွဲတော်ကို အတီးအမှုတ်အကအခုန်တို့ဖြင့် ဆင်နွှဲကြ၏။ အလှကားအလှယာဉ်တို့ဖြင့် မြို့တွင်းသို့လှည့်လည်ကြ၍ မြန်မာ့ယဉ်ကျေးမှုအနုပညာတို့ကို ထုတ်ဖော်ပြသကြသည်မှာ လွန်စွာကြည်နူးဖွယ်ရာဖြစ်ပေသည်။ သို့သော် တစတစနှင့် ပျော်ရင်းပါးရင်း အကျီစားသန်လာကြလေရာ သင်္ကြန်ပွဲသည် အတန်ငယ်ကြမ်းလာလေသည်။ လွတ်လပ်ရေးခေတ်သို့ ရောက်သောအခါ သင်္ကြန်ပွဲတော်သည် ကြီးကျယ်လာရုံမျှမက ယဉ်ကျေးမှုကိုထိခိုက်လောက်အောင် မဖွယ်မရာဖြစ်လာခဲ့သည်။ နောက်ပိုင်းတွင် မြန်မာ့ယဉ်ကျေးမှုထိန်းသိမ်းရေးအစီအစဉ်တို့ဖြင့် သင်္ကြန်ပွဲတော်ကို ကြီးကြပ်ကျင်းပလာသောအခါ များစွာ ကွာခြေးရလာလေသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ငယ်ရွယ်စဉ်ကာလက မစ္စတာ မောင်မှိုင်းအမည်ဖြင့် ဋီကာအမျိုးမျိုးကိုရေးသားခဲ့သည်။ ဆရာကြီး

သည် သင်္ကြန်ပွဲတော်၌ အကျီစားသန်သဖြင့် ဝမ်းနည်းကြေကွဲစရာ အဖြစ်တို့နှင့်ရင်ဆိုင်ခဲ့ရသည်ကို မျောက်ဠီကာ၌ ရေးသားသတိပေးခဲ့ဖူးသည်။ ပုဂံပြည့်ရှင် ဘုရင် နရသီဟပတေ့လက်ထက်၌ မိဖုရားစောလုံသည် ဘုရင်မင်းမြတ်က အလွန်ချစ်ခင်မြတ်နိုးသောမိဖုရားတစ်ပါးဖြစ်သည်။ နရသီဟပတေ့သည် မိဖုရားစောလုံကို ကျီစယ်လိုသောကြောင့် မောင်းမမိသံတို့အား "မိဖုရား စောလုံ တစ်ကိုယ်လုံး စိုရွှဲအောင်ရေပက်ကြစေ" ဟု အမိန့်ရှိတော်မူသည်။ ထိုအခါ မိဖုရားစောလုံသည် သင်္ကြန် ရေအပက်ကြမ်းလှသောကြောင့် ဘုရင့်အပေါ်၌စိတ်ခုပြီးလျှင် ဘုရင်အား အဆိပ်ပါသော ပွဲတော်ကို တည်ခင်းကျွေးမွေးလေသည်။ သို့ရာတွင် ကံအားလျော်စွာ ပွဲတော်မတည်မီ ဤအကြောင်းကို ဘုရင်ကသိသွားလေသည်။ ထိုအခါ ဘုရင်မင်းမြတ်သည် အချစ်ကြီး အမျက်ကြီးဟူသောသဘောဖြင့် မိဖုရားစောလုံကိုကွပ်မျက်လေသည်။ ဤကဲ့သို့ကွပ်မျက်ပြီးမှ နောင်တအကြီးအကျယ်ရ၍ "စောလုံ စောင့်ပါခလှည့်" ဟု မကြာခဏယောင်ယမ်းတမ်းတသောဟူ၏။ ဤအကြောင်းကို ပြန်လည် ရေးသားပြဆိုရာ၌ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက "ရေကစားကြသောအခါတွင် မခံချင်သော စောလုံလိုဟာများကိုမကစားကြလေနဲ့၊ အကျီစားသန် ရန်တဲ့" ဟု သတိပေးပြီးလျှင် ပုဂံရာဇဝင်လေးချိုးကြီး၌

"ဒေါပုံအလှည့်သံသရာ ရေအပြင်မှာ ကြွားသူတို့ကဖြင့်၊
သဘောမဆုံသနဲ့ မခံချင်ပါလျှင်လဲ မကစားကြလေနဲ့၊
ချောဂုဏ်နဲ့နွဲ့ရှာတဲ့၊ စောလုံရဲ့ ပုဂံရာဇဝင်တရား" ဟု စပ်ဆိုခဲ့လေသည်။

# ကဆုန်လ

နေနန်းရယ်တဲ့ ဖန်သူရိန်။
တန်ခိုး ဥဏှာဂူနှင့်
ကဆုန်ဟူ သည်မာသမှာ
ပြင်းပြပူရှိန်။
ဝိသာခါယှဉ်ပြိုင်ဝန်းပါလို့
ထွန်းလှတဲ့ ငွေတာရိန်ငယ်
ဒွတ္တိံသ နေ့စွဲ။
ပန်း စံကားဝါ
နန်းဘမယာ ကေသီဆင်လို့
ရွှေပြည်ခွင် ဗိုလ်ပါပေါင်းရယ်တို့
ငြိမ့်ညောင်းအောင် ထာဝစဉ်ဖြင့်
ခါသဘင် ညောင်ရေသွန်းကြတယ်
လွမ်းစရာ့ပွဲ။

မြန်မာတို့သည် လ တကာတွင် ကဆုန်လသည် အမြတ်ဆုံးဟု အသိအမှတ်ပြုကြသည်။ ဤသို့အမှတ်ပြုရာ၌ အကြောင်းတရားလေးပါးရှိ၏။ ပထမအကြောင်းမှာ ဂေါတမမြတ်စွာဘုရား အလောင်းတော်သည်

ဘုရား စင်စစ် ဧကန်ဖြစ်လိမ့်မည်ဟု ဒီပင်္ကရာမြတ်စွာဘုရားထံမှ နိယတဗျာဒိတ်ကိုခံယူသည်မှာ ကဆုန်လပြည့်နေ့ဖြစ်သည်ဟူသော အကြောင်းဖြစ်၏။ ထိုသို့ နိယတဗျာဒိတ်ကို ခံယူခဲ့ပြီးနောက် ဤဘဒ္ဒကမ္ဘာတွင် မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့်နေ့၌ ဂေါတမမြတ်စွာဘုရားအလောင်း သိဒ္ဓတ္ထမင်းသားသည် ဖွားမြင်တော်မူ၏။ ဤကား ဒုတိယအကြောင်း ဖြစ်သည်။ ထို့နောက် မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့်နေ့တွင် ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် ဗောဓိမဏ္ဍိုင်၌ သဗ္ဗညုတ ဉာဏ်တော်ကို ရ၍ ဘုရားဖြစ်တော်မူ၏။ ဤကား တတိယအကြောင်း ဖြစ်၏။ နောက်ဆုံး စတုတ္ထအကြောင်းကား မဟာသက္ကရာဇ် ၁၄၈ ခု ကဆုန်လပြည့်နေ့တွင် မလ္လာမင်းတို့၏ အင်ကြင်း ဥယျာဉ်ဝယ် ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူခြင်း အကြောင်းဖြစ်၏။ ဤကဲ့သို့ ကဆုန်လ၌ ထူးကဲသော အဖြစ်တော်တို့ ဖြစ်တော်မူခြင်းကြောင့် ကဆုန်လကို အမြတ်ဆုံးဟုယူမှတ်ကြပြီးလျှင် ကဆုန်လပြည့်နေ့၌ ညောင်ရေသွန်းပွဲတော်ကို ခြိမ့်ခြိမ့်သဲမျှ ကျင်းပကြသည်။

ညောင်ရေသွန်းခြင်းကား မြတ်စွာဘုရား သဗ္ဗညုတဉာဏ်တော်ရရာ ဗောဓိညောင်ပင်ကိုရည်စူး၍ ပူဇော်ခြင်းဖြစ်၏။ ထိုဗောဓိညောင်ပင်ရှိရာဌာနကို ဗောဓိမဏ္ဍလ ဗောဓိမဏ္ဍိုင်ဟုခေါ်ဆိုရသည်။ ထုံးစံအားဖြင့် ကဆုန်လသည် ရေပြတ်လပ်သောလဖြစ်သည်။ ထို့ကြောင့် သစ်ပင်ပန်းမန်တို့သည် ညှိုးနွမ်းကြသည်။ ဗောဓိပင်သည်ပင်လျှင် ရေရှားပြတ်လပ် ညှိုးလျော်သောကြောင့် ယင်းကို လန်းဆန်းစိုပြည်လေအောင် ရေသွန်းလောင်းကြသည်။ ရှေးခေတ်က ဤပွဲတော်သည် ယခုခေတ်မှာကဲ့သို့ပင် လွန်စွာ ပျော်ရွှင်ကြည်နူးဖွယ်ရာပွဲတော်ဖြစ်ခဲ့ပေလိမ့်မည်။ နတ်သျှင်နောင်သည် သူ၏စစ်ချီရတုပိုဒ်စုံ၌

ပေါ်နွေလလျှင်

တောင်က ခြိမ့်မြူး

မင်းလွင်ဦးနှင့်
ပျံ့ပူးချုပ်ဆိုင်း
မုန်တိုင်း ဆင်လို
တိမ်ညို မှိုင်းထပ်
ပြက်လျှပ်ပြကာ
စိမ်းဝါ မိုးပန်း
ထွေထွေစွန်းက
ရေသွန်းသာကြည်
ပျော်ရမည်ကို

ဟူ၍ နေပြည်တော်၌ကျန်ရစ်ခဲ့သော ချစ်သူကို တမ်းတကာ စပ်ဆိုခဲ့သည်။ လက်ဝဲသုန္ဒရအမတ်ကြီးသည်လည်း မင်း မျက်သင့်၍ မဲဇာသို့ ရောက်နေခိုက်ဝယ် "မဲဇာတောင်ခြေ၊ ပွဲခါသြောင်ရေ၊ သဲသာသောင်မြေ" အစချီသော ရတုပိုဒ်စုံဖြင့် နေပြည်တော်ကို တမ်းတခဲ့ဖူးသည်။ ထိုနေ့ထူးနေ့မြတ်ကို ဗုဒ္ဓဘာသာဝင်အပေါင်းတို့က ကဆုန်လပြည့်ဘုရားနေ့ ဟူ၍ အထိမ်းအမှတ်ကို ကျင်းပကြသည်မှာ မြန်မာနိုင်ငံ၌သာမက၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံတို့၌လည်း ယင်းတို့၏ သဘာဝနှင့်အညီ စည်ကားစွာ ကျင်းပလေ့ရှိကြသည်။

# နယုန်လ

ရိုက်ချုန်းရယ်တဲ့ စည်ပုစွန်။
ငွေဝန်း စန္ဒာနှင့်
ကြယ်ဇေဋ္ဌာယှဉ်ကာပြည့်တယ်
ထွန်းသည့်ရောင်ဝှန်။
နွေနယုန် မေထုန်ရက်မှာလ
နဘောဘုံ ရေမှုန်တက်ပါလို့
လေဟုန်စက် ထိန့်ထိန့်လွန်
ခြိမ့်ခြိမ့်သွန်ပါလို့ စွေကာသဲ။
ခါပျော်ရန်
စာတော်ပြန်သဘင်ခန်းမှာလ
ဆင်မြန်းရန် ရဝေမယ်တို့
ငွေစံပယ် ငုံမြတ်လေးကိုတဲ့
ထုံးမင်မှာ ကုံးဆင်ဖို့ ရွေးကြလိမ့်
မွေးတဲ့လပဲ။

နယုန်လသည် မိုးကျသောလဖြစ်သည်။ ထိုလတွင် လယ်သမားတို့သည် ပျိုးကြဲကြသောကြောင့် စိန္တကျော်သူ ဦးသြက "နယုန် ဝါလ ကြဲကြပျိုးထောင်" ဟုစပ်ဆိုခဲ့သည်။ ဤကဲ့သို့ပျိုးထောင်ပျိုးကြဲ အလုပ်ကို

တောင်သူလယ်သမားတို့လုပ်ကြသောအခါ စိုက်ပျိုးရေး၌ အောင်မြင်စေကြောင်း ရည်စူး၍ ပုန်းမကြည်ပွဲကို ကျင်းပကြသည်။ ပုန်းမကြည်ဟူသော ဝေါဟာရမှာ ပုဗ္ဗကြယ်ဟူသောဝေါဟာရမှ ဆင်းသက်လာကြောင်း အဆိုရှိသည်။ ပုဗ္ဗကြယ်ကို ပသခြင်းကြောင့် ပုန်းမကြည်ပွဲ ဟု ခေါ်သည်ဟု ဆိုသည်။ ကောက်ညှင်းပေါင်းကို ဘဲဥပြုတ်နှင့်တကွ ပန်းကန်ထဲထည့်၍ သတ်မှတ်ထားသောလယ်မြေတဝိုက်၌ ပသပြီးလျှင် မြေပြင်ကို ရေသွန်းလောင်းရသည်။

ထိုလတွင် အရေးအကြီးဆုံးပွဲတော်မှာ ပထမပြန်စာမေးပွဲများ ကျင်းပခြင်းဖြစ်သည်။ ရှေးခေတ်အလိုကိုပြောရသော် နယုန်လသည် စာဆိုတော်လဟူ၍ပင် မှတ်ယူသင့်သည်။ အဘယ်ကြောင့်ဆိုသော် စာဆိုခြင်း စာပြန်ခြင်းတို့ကို ဤလ၌ကျင်းပကြသောကြောင့်ဖြစ်သည်။ သို့ရာတွင် လောကီနှင့်လောကုတ္တရာကိစ္စတို့ကို ခွဲခြားလိုက်သောအခါ ယခုခေတ် ကာလတွင် နတ်တော်လကို စာဆိုတော်လသတ်မှတ်ခဲ့ကြလေပြီ။

ပထမပြန်စာမေးပွဲကို အင်းဝပြည့်ရှင်သာလွန်မင်းတရားကြီး လက်ထက် သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်တွင် စတင်ကျင်းပသည်ဟု မြန်မာရာဇဝင်တို့တွင်ဆိုသည်။ ပထမပြန်စာမေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ပရိယတ္တိသာသနာထွန်းကားရေးဖြစ်သည်။ ပထမပြန်စာမေးပွဲ အတွက် ရှင်လောင်း ပဥ္စင်းလောင်းတို့ ဖြေဆိုရန် သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဆန်း၊ အလင်္ကာ၊ အဘိဓာန်၊ သဒ္ဒတ္ထဘေဒစိန္တာ၊ ကစ္စာယနသာရ၊ ဝါစ္စဝါစက၊ ဝိဘတျတ္ထ၊ ဒွေမာတိကာ၊ မာတိကာ၊ ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်းကျမ်းတို့ကို ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ ပထမကျော်အဆင့်တို့အတွက် ပြဋ္ဌာန်းသည်။ သီပေါမင်းတရားလက်ထက် သက္ကရာဇ် ၁၂၄၅ ခုနှစ်တွင် ပထမပြန်စာမေးပွဲဆိုင်ရာ စည်းကမ်းဥပဒေများကို ထုတ်ပြန်၍ စနစ်တကျ ကျင်းပသည်။ စာမေးပွဲဝင်သူတို့သည် ပါဠိကို နှုတ်တက် အာဂုံပြန်ဆိုရသည်။

အနက်အဓိပ္ပာယ်ကို နှုတ်ဖြင့်မေး၍ နှုတ်ဖြင့်ဖြေရသည်။ အနက်အဓိပ္ပာယ်ကို ပုစ္ဆာထုတ်၍လည်း စာရွက်ဖြင့်မေး၊ စာရွက်ဖြင့်ဖြေရသည်။ ပထမကြီး အောင်သူတို့တွင် အမှတ်အများဆုံးရသူကို ပထမကျော်ဘွဲ့ဖြင့် ချီးမြှင့်ပူဇော်သည်။

သီပေါမင်း ပါတော်မူပြီးနောက် ပထမပြန်စာမေးပွဲများသည် ကိုးနှစ်ခန့်အဆက်ပြတ်ခဲ့လေသည်။ သက္ကရာဇ် ၁၂၅၇ ခုနှစ် (ခရစ် ၁၈၉၄) တွင် ပထမပြန်စာမေးပွဲများ ပြန်လည်ကျင်းပရန် ဗြိတိသျှအစိုးရတို့က ဆုံးဖြတ်ပြီးလျှင် ၁၂၅၇ ခုနှစ် (ခရစ် ၁၈၉၆) နယုန်လကစ၍ ပထမပြန် စာမေးပွဲများကို နှစ်စဉ်ကျင်းပသည်။ သက္ကရာဇ် ၁၂၆၅ ခုနှစ်မှ စ၍ အစိုးရပထမပြန်စာမေးပွဲ၏အစဉ်ကိုလိုက်၍ မြန်မာနိုင်ငံတွင်းရှိ ဗုဒ္ဓဘာသာအသင်းများက ပရိယတ္တိစာမေးပွဲများကို ကျင်းပလာကြသည်။ ဤသို့လျှင် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းစာမေးပွဲ၊ ရန်ကုန်မြို့ စေတီယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟအသင်းစာမေးပွဲ၊ ညောင်တုန်းမြို့ သုဓမ္မာ ပရိယတ္တိ ပထမပြန်စာမေးပွဲ၊ သထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိသာသနာ့ဟိတ အသင်းစာမေးပွဲ၊ မော်လမြိုင်မြို့ ပရိယတ္တိ သဒ္ဓမ္မပါလအသင်းစာမေးပွဲ ဟူသော စာပြန်ပွဲ အမျိုးမျိုးတို့ ပေါ်ပေါက်လာလေသည်။ ယနေ့တိုင် ထိုစာပြန်ပွဲများကို ကျင်းပလျက် ရှိကြသည်။ သက္ကရာဇ် ၁၃၁၂ ခုနှစ်(ခရစ် ၁၉၅၀ ပြည့်)တွင် နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ ဖွဲ့စည်း၍ ဆာဦးသွင် နှစ်စဉ် ကျင်းပခဲ့သော တိပိဋကဓရရွေးချယ်ပွဲကို နိုင်ငံတော်က ကြီးမှူး၍ ကျင်းပခဲ့ရာ ယနေ့တိုင် ဖြစ်သည်။

# ဝါဆိုလ

အုံ့မှိုင်းငယ်တဲ့ နယ်ရစ်ခွင်။
ငွေစန်း အာသဠီနှင့်
ယှဉ်ကာမှီ ပုဏ္ဏာပြည့်တယ်
ထွန်းသည့်ဝေဟင်။
နဘန်မှာ ပြာမှိန်ခပါလို့
ဝသန္တာ ခါချိန်စမှာမို့
နာဂိန်ပ တာရာဆင်
အာကာခွင်က ပဇ္ဇုန်ဖျန်း။
ပဥ္စင်း တော်ခံ
မယွင်းနော် အခါတန်ပေါ့
မဟာဒါန် အဌ္ဌင်ယ်နှင့်
ဘဂဝါ အရဟံ ရင်ပြင်ဝမှာလ
တင်သရန် မာလာကုံးကြတယ်
ပုန်းညက်ငွေပန်း။

ကဆုန်လပြည့်ဘုရားနေ့ဟူသောအမှတ်ဖြင့် ယင်းနေ့ကို အမြတ်ဆုံးဟုယူဆကြောင်း ပြောပြခဲ့ပြီးပြီ။ ဝါဆိုလကား ဘုရားသာသနာတော်ကို ထူထောင်၍ သာသနာတော်၏အထောက်အပံ့ဖြစ်သော သံဃာအဖွဲ့အစည်း

ကို ကျစ်လျစ်ခိုင်မာစေရန် ပြုစုသောသဘောရှိခြင်းကြောင့် သာသနာပြု လုပ်ငန်းနှင့် ယှဉ်၍ စဉ်းစားလျှင် ဝါဆိုလသည်လည်း အထွတ်အမြတ်ပြုရာလ ဖြစ်ပေသည်။ အထူးသဖြင့် ဝါဆိုလပြည့်နေ့သည် ကဆုန်လပြည့်နေ့ နည်းတူ လွန်စွာထူးခြားသည်။ ဘုရားအလောင်းတော်သည် တုသိတာနတ်ပြည်၌ စုတေပြီးသော် လူ့ပြည်၌ ပဋိသန္ဓေနေသည်မှာ ဝါဆိုလပြည့်နေ့ ဖြစ်သည်။ နိမိတ်ကြီးလေးပါးကို မြင်၍ တောထွက်တော်မူသည်မှာလည်း ဝါဆိုလပြည့်နေ့ဖြစ်သည်။ ဘုရားအလောင်းတော်သည် ဘုရားအဖြစ်သို့ ရောက်၍ ဓမ္မစကြာတရားဦး ဟောတော်မူသည်မှာလည်း ဝါဆိုလပြည့်နေ့ ဖြစ်သည်။ သာဝတ္ထိပြည် သရက်ဖြူပင်၏အရင်း၌ တိတ္ထိတို့ကိုနှိမ်နင်း၍ တန်ခိုးပြာဋိဟာပြသောနေ့သည်လည်း ဝါဆိုလပြည့်နေ့ဖြစ်သည်။ ဤကဲ့သို့သော ထူးခြားချက် ငါးချက်နှင့်ပြည့်စုံသောကြောင့် ဝါဆိုလပြည့်နေ့ကို အထွတ်အမြတ်ပြုကြသည်။

ဝါဆိုလဟူသည် ရဟန်းသံဃာတော်တို့ မိမိ၏ကျောင်းအရာမ်အတွင်း၌ ဝါတွင်းသုံးလပတ်လုံး အရပ်တစ်ပါးသို့ မရွှေ့မပြောင်းဘဲ နေထိုင်သီတင်းသုံးခြင်းကိုရည်စူး၍ ဝါဆိုလဟုခေါ်ကြောင်း ပြဆိုခဲ့ပြီးပြီ။ မြတ်စွာဘုရားလက်ထက်၌ ဘိက္ခုနှင့်ဘိက္ခုနီမအပါအဝင် သံဃာသည် မိုးတွင်းကာလ၌ အခြားတစ်ပါးသောကာလ၌ကဲ့သို့ အရပ်တစ်ပါးသို့ ဒေသစာရီကြွချီလေ့ရှိသည်။ ဤကဲ့သို့ အရပ်ရပ်သို့လှည့်လည်သည်ရှိသော် စိမ်းစိုသောမြက်ခင်းနှင့်တကွ စိုက်ပျိုးထားသောလယ်ယာတို့သည် ပျက်စီးခြင်းသို့ ရောက်ကြကုန်၏။ ထိုအခါ လူဝတ်ကြောင်တို့က "ဘိက္ခု ဘိက္ခုနီမတို့သည် မိုးတွင်း၌အဘယ်ကြောင့် ခရီးသွားကြကုန်သနည်း၊ စိမ်းစိုသော မြက်ခင်းကိုနင်း၍ ပိုးမွှားအစရှိသောသတ္တဝါတို့၏ အသက်ကို ဖျက်ဆီးကြလေသည် တကား" ဟူ၍ ဝေဖန်ပြောဆိုကြလေ၏။ ဤသည်ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် "ဘိက္ခု ဘိက္ခုနီမ အပါအဝင် သံဃာသည် မိုးတွင်း၌

ဒေသစာရီလှည့်လည်သွားလာလျှင် ပါစိတ်အာပတ်သင့်၏”ဟု ဆုံးမ တော်မူလေသည်။ ထိုသည်မှ အစပြု၍ ဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိဖြစ်သော မိုးတွင်းသုံးလတွင် သံဃာသည် မိမိ၏ ကျောင်းအရပ်မှ တစ်ပါးသောအရပ်သို့ ခရီးသွားခြင်းမှ ရှောင်ကြဉ်ရသည်။ ဝါကပ်သောအခါ သံဃာသည် “ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ” ဟုရွတ်ဆို၍ မိုးတွင်းသုံးလပတ်လုံး ဤကျောင်းအရာမ်၌ ကပ်ရောက်ခိုကိုးပါ၏ ဟု အဓိဋ္ဌာန်ပြုရသည်။ ဤကဲ့သို့ ဝါကပ်ပါသည်ဟုဆိုပြီးလျှင် မိုးတွင်းကာလပတ်လုံး သံဃာတို့နှင့်ဆိုင်သော အကျင့်သီလသိက္ခာကို စောင့်ထိန်းကြရသည်ကို အကြောင်းပြု၍ ဝါဆိုလဟုခေါ်လေသည်။ ထိုလတွင် ရဟန်းတော်များ ကျောင်း၌ အစုံအလင် ရှိကြသောကြောင့် ဒါယကာ ဒါယိကာမတို့သည် ပဉ္စင်းတော်ခံပွဲကို ကျင်းပကြလေသည်။

ရှေးမြန်မာဘုရင်မင်းမြတ်တို့သည် နယုန်လ၌ စာပြန်ပွဲကို ကျင်းပပြီးသော် ရှင်သာမဏေနှင့်တကွသော ရဟန်းသံဃာတော်တို့ကို ပညာအရည်အချင်းအလိုက် အဆင့်ဆင့်ရွေးချယ်၍ ချီးမြှောက်ပူဇော်တော်မူကြသည်။ ထို့နောက် ပဉ္စင်းတက်ရန်အရွယ်ရောက်သော ရှင်သာမဏေတို့ကို ပဉ္စင်းခံပေးကြသည်။ ထို့ကြောင့် နယုန်လကုန်၍ ဝါဆိုလသို့ရောက်သောအခါ ပဉ္စင်းတော်ခံပွဲများကျင်းပကြသည်မှာ များစွာ သဘာဝကျပေသည်။ ရှေးအခါက ပဉ္စင်းတော်ခံပွဲကျင်းပပုံကို အင်ရုံရွာစား ဝန်ကြီးသီရိဥဇနာစီရင်သည့် လောကဗျူဟာကျမ်းမှ ကျွန်ုပ်တို့ သိကြရသည်။ ရှေးဦးစွာ ပဉ္စင်းလောင်း ရှင်လောင်းများ၏စာရင်းများကို လွှတ်တော်က ကောက်ယူ၍ ဘုရင်မင်းမြတ်နှင့် အိမ်ရှေ့မင်းသားတို့မှအစ ရှင်ဒကာ ပဉ္စင်းဒကာတို့ထံ အပ်နှံသည်။ ထို့နောက် ပဉ္စင်းလောင်းရှင်လောင်းတို့ကို ရွှေစည်းခုံသို့ ထမ်းစင်ဖြင့် ပင့်ဆောင်၍ လှည့်လည်ကြသည်။ ရွှေစည်းခုံတွင် ထိုပဉ္စင်းလောင်းရှင်လောင်းတို့ကို ဘုရင်မင်းမြတ်က “လူ့အဖြစ်ကို ရခဲလှသည်၊ လူဖြစ်ပါ

သော်လည်း ယောက်ျားကောင်းစင်စစ်ဖြစ်ခဲလှသည်။ ယောက်ျားကောင်း စင်စစ်ဖြစ်ပါသော်လည်း အသိပညာနှင့်ပြည့်စုံရန် ခက်ခဲလှသည်။ အသိပညာ ပြည့်စုံပါသော်လည်း ရဟန်းဘဝကို ရခဲလှသည်။ ပဥ္စင်းလောင်း ရှင်လောင်းတော်တို့သည် ရခဲကြီးခြင်းငါးပါးနှင့် ပြည့်စုံကြသည့်အခါ ရှင်တော် ဘုရား၏ အဆုံးအမနှင့်အညီ ကျင့်ဆောင်ကြရမည်”ဟူ၍ အမိန့်တော်ပြန်လေသည်။ ထို့နောက် ရှင်လောင်းပဥ္စင်းလောင်းတို့သည် မိမိတို့၏ အသီးသီးသော ကျောင်းသင်ခန်းသို့ ပြန်လည်ကြွရောက်ကြသည်။ ထို့နောက် အတွင်းတော်၊ အိမ်ရှေ့မင်းနှင့် အခြားဒါယကာ ဒါယိကာမ အသီးသီးတို့က ဆွမ်းပင့်ဖိတ်ကျွေးမွေးပြုစုသည်။ ထို့နောက် ဆိုင်ရာဆိုင်ရာတို့က ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်းအသုံးအဆောင်များကို အစုံအစေ့ လှူဒါန်းလေသည်။ ထို့နောက် ပဥ္စင်းလောင်း ရှင်လောင်းအသီးသီးတို့သည် မိမိတို့နှင့် ဆိုင်ရာဆိုင်ရာနေရာဌာနတို့၌ ရှင်သာမဏေဘဝ ပဥ္စင်းဘဝသို့ ရောက်ကြလေသည်။

ရှေးခေတ်က ဘုရင်မင်းမြတ်တို့သည် ဝါဝင်အမိန့်တော်ကို ထုတ်ပြန်သောဓလေ့ရှိသည်။ ထိုအမိန့်တော်ကို ရုံးတော်ကစီစဉ်၍ မောင်းတီးကာ ဆင်ထက်မှဖြစ်စေ၊ မြင်းထက်မှဖြစ်စေ မြို့တွင်း မြို့ပြင် လမ်းဆုံ လမ်းမတို့၌ အမိန့်တော်ပြန်ရသည်။ အမိန့်တော်၏သဘောမှာ ဝါဆိုကာလသို့ရောက်ပြီဖြစ်၍ တိုင်းသူပြည်သားတို့သည် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလကို တည်ဆောက်၍ အလှူပေးခြင်း၊ ဘာဝနာစီးဖြန်းခြင်း စသည်တို့ကို ဆောင်ရွက်ရမည်ဟု ဆိုလေသည်။

ယခုခေတ်၌ ဝါဆိုလတွင် ရှင်ပြုပွဲ ပဥ္စင်းခံပွဲများ ကျင်းပမြဲ ကျင်းပကြသည်။ အထူးသဖြင့် စုပေါင်းရှင်ပြုပွဲ ပဥ္စင်းခံပွဲများသည် အလွန်တာစားလျက်ရှိသည်။

# ဝါခေါင်လ

လစန်းရယ်တဲ့ ငွေဘုံဆောင်။
ပြည့်ဝန်းကြယ် သရဝဏ်နှင့်
နယ်တဝှန် ရှစ်ခွင်တိုင်းမှာ
မှိုင်းရီလို့ မှောင်။
ငွေတာရာ သိန္ဓာငယ်တို့
ဝေဟာမှာ အရှိန်ပြပါတဲ့
ချိန်သမယ လဝါခေါင်မှာ
ငွေသောင်မြစ် ပြည့်လျှမ်း။
ခတ္တာငုံ
ချပ်လွှာမှုံ တကြုကြုနှင့်
ပြည်နိဗ္ဗူ ပတ္တနာသန့်လို့
စာရေးတံ လှူတော်ပွဲကို
(အိုကွယ်) နွဲ့ပျော်ဖို့လှမ်း။

'ဝါဆိုဝါခေါင် ရေဖောင်ဖောင်' ဟူသောဆိုရိုးစကားနှင့်အညီ ဤနှစ်လအတွင်း မိုးဖြိုင်ဖြိုင်ရွာ၍ တောင်သူလယ်သမားတို့အလုပ်များသော အချိန်အခါဖြစ်သည်။ အထူးသဖြင့် ဝါခေါင်လသည် မိုးရာသီ၏ အလယ်၊ မိုးလယ်လဖြစ်၍ ထိုလတွင် ထွန်တုံးထွန်တံတို့ကိုကိုင်၍ တောင်သူ လယ်

သမားတို့ အင်တိုက်အားတိုက် လယ်ကို စိုက်ပျိုးကြသည်။ ဤကဲ့သို့ စိုက်ပျိုးချိန်အတွင်း လူအများသည် လုပ်ငန်းခွင်၌ မအားမလပ်ရှိကြ၍ ပွဲကြီးပွဲလမ်းများစွာမရှိချေ။ သို့ရာတွင် တစ်ခါတစ်ရံ အစာရေစာ ခေါင်းပါးသော အဖြစ်နှင့်ကြုံတွေ့ရတတ်သည်။ မနှစ်က သိုမှီးစုဆောင်းသော ဝမ်းစာစပါး ကုန်၍ မျက်မှောက်ကာလ၌လည်း စိုက်ပျိုးဆဲဖြစ်၍ ဆန်စပါး မရသေးသော ကြောင့် တိုင်းသူပြည်သားတို့ အကျပ်တွေ့ကြရသည်။ မြတ်စွာဘုရားသခင် လက်ထက်တော်၌ ဝေရဉ္ဇာမြို့သည် အစာခေါင်းပါး၍ အသက်မွေးမြူရန် ခဲယဉ်းသောအဖြစ်နှင့်ကြုံခဲ့ရ၏။ ထို့ကြောင့် လူတို့သည် စာရေးတံလက်မှတ် ဖြင့် အသက်မွေးကြရသည်။ စာရေးတံလက်မှတ် ဆိုသည်မှာ ယခုခေတ် ရာရှင်စနစ်ခေါ် စားနပ်ရိက္ခာအသုံးအဆောင်တို့ကို အများအတွက် မျှတ အောင် ဝေငှပေးရသောစနစ်မျိုးဖြစ်သည်။ ထိုကဲ့သို့ အကျပ်အတည်းတွေ့ရ သော ကာလတွင် ရဟန်းသံဃာတို့သည် ဆွမ်းခံရန် ခက်ခဲ၏။ တစ်ရံခါ သော် ဥတ္တရာ ပထတိုင်းသား မြင်းကုန်သည်တို့သည် မြတ်စွာဘုရား သီတင်း သုံးတော်မူသော အစာရေစာရှားပါးလှသည့် ဝေရဉ္ဇာမြို့သို့ဆိုက်ရောက်လာ ကြ၏။ ထိုအခါ ရဟန်းတို့သည် ဝေရဉ္ဇာမြို့၌ ဆွမ်းခံဝင်သော် ဆွမ်းမရကြ သဖြင့် မြင်းကုန်သည်တို့ထံ၌ ဆွမ်းအတွက် လှည့်လည်ကြ၏။ ထိုအခါ မြင်းကုန်သည်တို့သည် တစ်စလယ်စီမျှသော မုယောဆန်ကို သံဃာတော် တို့အား လှူဒါန်းရာ သံဃာတော်တို့လည်း ယင်းမုယောဆန်ကို ကျောင်း အရာမ်တွင်းသို့ယူဆောင်ပြီးလျှင် ဆုံ၌ဖွပ်၍ အာဟာရကိုမျှတရ၏။

ဤကဲ့သို့ ဆွမ်းအခက်အခဲနှင့်ကြုံတွေ့ရသောကာလ၌ ရဟန်း သံဃာတို့သည် သကာလဘတ္တခေါ် စာရေးတံဆွမ်းအလှူကို လက်ခံကြရ သည်။ စာရေးတံဆိုသည်မှာ စာအက္ခရာအမှတ်အသားပါသော ဝါးခြမ်းပြား ပင်ဖြစ်သည်။ ဤအလှူမျိုးကား သံဃာတော်အများကို ဒကာ ဒကာမတို့က ဆွမ်းပင့်ဖိတ်သောအခါ မည်သည့်ဒကာ ဒကာမသည် မည်သည့်သံဃာကို

ဆွမ်းကျွေးစေဟုဆုံးဖြတ်ရန်မရကောင်းသောကြောင့် စာရေးတံ ဝါးခြမ်းပြား၌ သံဃာအရေအတွက်ကို အမှတ်အသားပြု၍ ကံအလျောက်ဆွမ်းကပ်နိုင်ကြစေရန် အိမ်စဉ်အရ မဲနှိုက်စေ၍လှူသောအလှူ ဖြစ်သည်။ ထို့ပြင် တနည်းကား စာရေးတံဝါးခြမ်းပြားပေါ်တွင် အလှူခံပုဂ္ဂိုလ်၏အမည်ကိုရေး၍ စာမတတ်သူ မျက်မမြင်စသည်တို့က စာရေးတံမဲကို မွှေနှောက်နှိုက်ယူပြီးလျှင် လှူဖွယ်ဝတ္ထုပေါ်၌ ချထားရသည်။ ထိုအခါ အလှူခံပုဂ္ဂိုလ်သည် မိမိ၏ ကံကုသိုလ်အလျောက်ရအပ်သော လှူဖွယ်ဝတ္ထုကိုရလေသည်။

ဤဖြစ်ခဲ့ဖူးသော သာဓကတို့ကိုမှီ၍ ရှေးမြန်မာဘုရင်တို့သည် ဤဝါခေါင်လတွင် စာရေးတံမဲဖြင့် ဆွမ်းကွမ်းလှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းကြသည်။ ဤသည်ကို အစွဲပြု၍ ဝါခေါင်လတွင် စာရေးတံလှူပွဲကျင်းပကြသည်ဟုဆိုသည်။ ဤသည်ကိုရည်၍ ဦးယာက ဆယ့်နှစ် ရာသီဘွဲ့ လူးတား ဝါခေါင်လဘွဲ့၌

ရတုဝါခေါင်
တိမ်တောင်ပတ်ယှက်
သည်ရက်အခါ
မြတ်စွာထွတ်ထား
ရွှေစကားတွင်
ပွဲများခြိမ့်ခံ
စာရေးတံဟု
စီမံခင်းကျင်း

စသည်ဖြင့် စပ်ဆိုခဲ့သည်။

ဤဝါခေါင်လတွင် တောင်ပြုန်းညီနောင်နတ်ပွဲကိုလည်း ကျင်းပကြသည်။ ထိုနတ်ပွဲများတွင် လှေပွဲများကိုလည်း ကျင်းပကြောင်း ဦးအောင်ကြီး၏ ဆယ့်နှစ်ရာသီလူးတား ဝါခေါင်လဘွဲ့တွင် တွေ့ရသည်။ တောင်

ပြိုန်းပွဲတော်သည် ယနေ့တိုင် ပုပ္ပားရပ်၌ အလွန်စည်ကားစွာ ကျင်းပမြဲ ဖြစ်သော ပွဲတော်ဖြစ်သည်။ သို့ရာတွင် ထိုပွဲတော်သည် စာရေးတံပွဲ စသည်တို့ကဲ့သို့ တစ်မျိုးသားလုံး တစ်နိုင်ငံလုံးနှင့်ဆိုင်သော ပွဲတော် မဟုတ်၊ ဒေသတစ်ခု၌သာ ကျင်းပသောပွဲတော် ဖြစ်သည်။

# တော်သလင်းလ

သစ်ဆင်းရယ်တဲ့ လမာသာ။
မြစ်လုံးငယ် ဆူညံလို့
လှော်တက်သံ လှေပြိုင်ပွဲငယ်
နွှဲပျော်ကြရှာ။
ယုန်ရထား အိမ် သီတလမှာတဲ့
ပုဏ္ဏာဒိန် ကြည်ကြည်ပပါလို့
မည်ဘဒြ ကြယ်ပြုဗ္ဗာ
ယှဉ်လာ၍ ပြည့်ဝန်း။
ဒွါဒရာ
ငှက်ဖျိုင်းတာရာနှင့်
ရွှေရင်းမာ ငုံပွင့်ကင်းကြတယ်
သင်းတဲ့ သည်ပန်း။

"တော်သလင်း မြစ်တွင်း၊ သင်ဖြူးခင်း" ဟူသောဆိုရိုးစကား နှင့် အညီ ဤလတွင် ဧရာဝတီမြစ်ထဲတွင် လှိုင်းလေကင်းစင်၍ ကြေးမုံပြင်ကဲ့သို့ ညီညာပြန့်ပြူးသောရေပြင်၌ လှေပြိုင်ပွဲများကျင်းပရန် အကောင်းဆုံး အချိန်အခါဖြစ်သည်။ ထို့ကြောင့် ဤလတွင် ရှေးမြန်မာ ဘုရင်တို့သည် မြစ်ယံပွဲ ဟူ၍လည်းကောင်း၊ ပန်းလှသဘင်ဟူ၍လည်းကောင်း ခေါ်ဆိုမြဲ ဖြစ်သော

လှေပြိုင်ပွဲကို ဆင်ယင်ကျင်းပကြသည်။ ထိုလှေပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲသော လှေများမှာ လှော်ကားလှေဖြစ်သည်ဟု အမှတ်အသားပြုကြသည်။ လှော်ကားလှေ၏အကြောင်းကို ရွှေဘုံ နိဒါန်း၌ဖော်ပြထားသည်။ ထိုဖော်ပြချက်အရ အလောင်းစည်သူမင်းသည် သင်္ဘောနက်ဖောင်ဖြင့် ဇမ္ဗူဒိပ်ကျွန်းသို့ လှည့်လည်ရာ ဆင်ကို သတ်၍ ဆင်စွယ်ကို အသိုက်ပြုနေသော ကင်းကြီးတစ်ကောင်၏နေရာကိုတွေ့သည်ဟုဆိုသည်။ ထိုအခါ ထိုဆင်စွယ်အသိုက်ကို ဆောင်ယူသည်တွင် ကင်းကြီးသည် သမုဒ္ဒရာကို ကူး၍ လိုက်သည်။ သို့သော် မမီနိုင်သဖြင့် ခေါင်းနှင့်အမြီးကို ထောင်၍ ပြသည်။ အလောင်းစည်သူမင်းလည်း နေပြည်တော်သို့ရောက်လျှင် ခေါင်းနှင့်အမြီးကို ထောင်ပြသော ကင်း၏သဏ္ဌာန်လှေတော်ကို လုပ်စေပြီးလျှင် ယင်းကို လှော်ကားဟု အမည်တွင်စေသည်။ ထို့နောက်၌ကား ယင်းလှော်ကားတို့ဖြင့် လှေပြိုင်ပွဲကျင်းပကြသည်။ လှေပြိုင်ပွဲတွင် ထားသောပန်းတိုင်တွင် အဝါရောင် စက္ကူပေါ်၌အမည်းကွက်ခြယ်ထားသော စက်ကွင်းကိုချိတ်ဆွဲထားသည်။ ယင်းကို တေးကဗျာတို့၌ "ရွှေသားစက်ကွင်း" ဟုဖော်ပြစပ်ဆိုကြသည်။ ဘုရင့် လှေတော်သားများနှင့်တကွ ဘုရင်ကခွင့်ပြုသော အရပ်သားလှေ တော်သားများသည် ဆိုင်ရာဆိုင်ရာအဖွဲ့အလိုက် အုပ်စုအလိုက် လှေပြိုင်ကြသည်။ ယင်းလှေပြိုင်ပွဲတွင် လှော်ကားမှူးကြီးများက ကြီးကြပ်ကြသည်။ လှေပြိုင်ပွဲ အခမ်းအနားပြီးသောအခါ ဘုရင်မင်းမြတ်၏လှော်ကားကို ရှေ့ဆုံး၌ထားပြီးလျှင် ရာထူးရာခံအလိုက် လှေတော်များ လိုက်ပါ၍ လှေချင်း (ဝါ) လှေတော်သံတေးသီချင်းများဖြစ်သော တက်ရေး ၃၇ ပါးကို သီဆို၍ ရေစုန်ရေဆန် လှေတပ်ဖွဲ့ကြီးသည် မြစ်ယံ၌လှည့်လည်လေသည်။ ဤကဲ့သို့ မြစ်ယံတွင် လှည့်လည်သောအကြောင်းကြောင့်လည်း ထိုလှေပွဲကို မြစ်ယံပွဲဟု ခေါ်ဆိုကြသည်။ တက်ရေး ၃၇ ပါးထဲတွင် ဘုရား ရှိခိုး၊ ရွှေလောင်းထွက်၊ တက်ကောက်၊ တက်တန်း၊ တက်ထောင်၊ တက်ဝှက်၊ တက်လှ၊ စင်ရော်သုတ်၊

ဝမ်းဘဲတောင်ဖြန့်မှအစ စံပယ်ငုံ၊ ကိန္နရာ တောင်ယုက်၊ ရွှေငှက်တောင်ခတ် ဟူသောသီချင်းများ ပါသည်။ ယင်းတို့၏အမည်ကို လေ့လာကြည့်လျှင် လှေပွဲသဘင်ကို ဆင်ယင်ပုံနှင့်လှေလှော်ဟန် အမျိုးမျိုးတို့ကို ကျွန်ုပ်တို့ သိရသည်။

လှေသဘင်ကျင်းပသည့်အပြင် သစ်ဆင်းပွဲကိုလည်းကျင်းပလေ့ရှိသည်။ ထို့ကြောင့်လည်း တော်သလင်းသစ်ဆင်းလဟု အမှတ် သညာပြုကြသည်။ သစ်ဆင်းဟူသောဝေါဟာရကိုအနက်ဖော်ရာ၌ ဧရာဝတီမြစ်တွင်း၌ သစ်ဖောင်များမျှောသည်ကိုအစွဲပြု၍ အနက်ဖော်ကြသည်။ ဤ ကိစ္စနှင့် စပ်လျဉ်း၍ စာရေးဆရာကြီးဒဂုန်နတ်ရှင်က သူသည်လည်း ငယ်စဉ်က ဤကဲ့သို့မှတ်သားခဲ့ဖူးသည်။ သို့သော် သမန္တစက္ခုကျမ်းအရ သစ်ဆင်း သဘင်သည် လှေပွဲသဘင်ကိုပင် ဆိုလိုကြောင်း နှောင်းအခါ၌ အမှန်ကို တွေ့ရှိခဲ့သည်ဟုဆိုသည်။ မြစ်ထဲ၌ သစ်မျှောခြင်းသည် ပွဲသဘင် မဟုတ်ပါဟူ၍လည်း အတိအလင်းထပ်မံပြောဆိုသည်။ သစ်ဆင်း သဘင် ဆင်ယင်ပုံကိုလည်း ထင်ထင်ရှားရှား အောက်ပါအတိုင်း ရေးသားထားပါသည်။

> မနိမ့်လွန်း မမြင့်လွန်းသော ဝါးလုံးတိုင် လေးတိုင်ကို လှေနှစ်စင်း၌ ပူးကပ်ချည်နှောင်ပြီး ပုဆိုးအဝတ်အနီကို အမိုးပြုလုပ်လျက် ရေအောက်တွင်ပိုက်ချထားသည်။ ထိုတိုင်စင်မြင့်သို့ လူတက်၍ မြစ်တွင်းသို့ ခုန်ချသောအခါ ထိုသူ ရေစီးထဲ မျောပါမသွားစေရန် ရေတွင် ပိုက်ချ၍ ဆယ်ယူရန်အသင့်ထားသည်။
>
> တောင်သူလယ်သမားကြီးများသည် ဆန်စပါးစိုက်ပျိုးရာ၌ အဓိကဖြစ်သောမိုးကို လွန်စွာစိုးရိမ်တတ်ကြသဖြင့် နှစ်စဉ်နှစ်တိုင်း မိုးကောင်းစေရန် နည်းအမျိုးမျိုးဖြင့် ကြံဖန်ဆုတောင်းလေ့ရှိကြပါသည်။ ဤကိစ္စ၌လည်း မိုးကောင်းစေရန် အဓိကပြုကြလျက် နတ်ပွဲများကို ငါးကြော်၊ မုန့်ဖြူ၊ မုန့်နီ စသည်ဖြင့်

ပူဇော်ပသပြီးလျှင် နတ်ဆိုင်းများတီးလျက် ဤသစ်ဆင်းသဘင်ကို ကျင်းပကြပါသည်။ လေးတိုင်စင်မြင့်မှ မြစ်လယ် ရေထဲသို့ ခုန်ချလိုက်သူသည် အကယ်၍ ပက်လက်ကျသွားသည်ကို မြင်ပါက ထိုနှစ်၌ မိုးခေါင်မည်ဟု ယူဆကြသည်။ ထိုသူ မှောက်လျက် ကျသွားသည်ကို မြင်ကြပါမူ မိုးကောင်းမည်ဟု ယူဆကြပါသည်။

ထို့ပြင် ဆရာကြီးဒဂုန်နတ်ရှင်က ဤသစ်ဆင်းပွဲတော်အယူသည် ဒုတိယအင်းဝခေတ်တွင်ပေါ်ပေါက်၍ ကုန်းဘောင်ခေတ်လောက်တွင် တိမ်ကောသွားသည်ဟုယူဆသည်။ ထိုသို့တိမ်ကောခြင်းမှာ ထိုအယူကို အကျိုးမရှိ၍ပယ်လိုက်ခြင်းကြောင့်ဖြစ်သည်ဟုလည်းဆိုသည်။

ရှေးက ဘုရင်မင်းမြတ်တို့ကြီးမှူးသော လှေသဘင်တွင် အရပ်သူအရပ်သားများသည် ခွင့်ပြုမှပါရသဖြင့် မထင်ရှားချေ။ သို့သော် တစ တစနှင့် အရပ်သားများလည်း မိမိတို့ဘာသာ မိမိလှေသင်းများကိုဖွဲ့စည်း၍ ဧရာဝတီမြစ်ရိုးတစ်လျှောက်နှင့် မြစ်ဝကျွန်းပေါ်ဒေသတို့တွင် မိမိဒေသနှင့် မိမိလှေပြိုင်ပွဲများကိုကျင်းပကြသည်။ သို့သော် မင်းသုံးလှော်ကားလှေ မဟုတ်ချေ။ မိမိတို့ စိတ်ကြိုက်စနစ်ပုံစံထုတ်၍ ပြိုင်ကြရာ များသောအားဖြင့် ၎င်းတို့ကို လောင်းလှေဟု ခေါ်ကြသည်။ သို့ရာတွင် သက်ဆိုင်ရာအုပ်ချုပ်သူတို့က ထိထိရောက်ရောက်အားမပေးသဖြင့် လှေပြိုင်ပွဲများသည် တစတစနှင့် ကွယ်ပျောက်စရာရှိသည်။ သို့နှင့်လည်း အချို့သော မြို့ကြီးပြကြီးများ၌ လွတ်လပ်ရေးနေ့ စသောပွဲကြီးပွဲလမ်းများတွင်ဖြစ်စေ၊ တန်ခိုးကြီးဘုရားပွဲများတွင်ဖြစ်စေ လှေပြိုင်ပွဲကိုကျင်းပဆဲဖြစ်သည်။ သို့သော် ရှေးကကဲ့သို့ နာမည်ကျော်လှေသင်းများကား မရှိသလောက် နည်းပါးလှသည်။

# သီတင်းကျွတ်လ

ဆီမီးငယ်တဲ့ ထိန်ထိန်။
အိုင်မင်း ရေကြည်က
ကြာငါးမည် ငုံအာစွင့်တယ်
ဖူးပွင့်ခါချိန်။
အသဝနီ ယှဉ်ကာချည်းပါလို့
လင်းလာတဲ့ ငွေတာရိန်ရယ်
ပြာမှိန်လျက် မြူခြေဆိုင်း။
ဂါရဝေ
သက္ကစ္စံ ပဏာမေဖြင့်
သဒ္ဓါခြွေ ကန်တော့ပွဲကိုလ
မစဲပေါင် ကုသိုလ်ကို နှီးကြတယ်
မျိုးမြန်မာ့တိုင်း။

ဝါဆိုလပြည့်နေ့၌ ရဟန်းသံဃာသည် မိမိတို့၏ဆိုင်ရာ ဆိုင်ရာ ကျောင်းသင်ခန်း၌ကပ်ရောက်၍ သီတင်းသုံးပြီးသော် သီတင်းကျွတ် လပြည့်နေ့၌ ဝါမှထ၍ ဝါမဝင်မီ ရေးကအရပ်တစ်ပါးသို့ဒေသစာရီကြွချီမြဲအတိုင်း ကြွချီတော်မူ၏။ ဤကဲ့သို့ ဝါဆိုလပြည့်မှ သီတင်းကျွတ်လပြည့် အထိ

ရက်ပေါင်း ၉၀ သီတင်းပြည့်၍ ကျွတ်လွတ်သောကြောင့် ဝါကျွတ်သည်ဟု ခေါ်ဆိုကြ၏။ ထိုသို့ သီတင်းဝါလကျွတ်သောအခါ သက်ငယ်တို့သည် သက်ကြီးရွယ်ကြီး လူကြီးမိဘဆရာသမားတို့ထံ အိမ်တိုင်ရာရောက် သွားရောက်၍ ကန်တော့ကြ၏။ ဗုဒ္ဓဘာသာ တိုင်းရင်းသားတို့ကား ဆရာ ဘုန်းတော်ကြီးများ သီတင်းသုံးရာကျောင်းအရာမ်သို့ သွားရောက်၍ ပန်း၊ ဆီမီး၊ လှူဖွယ်ဝတ္ထုအမျိုးမျိုးတို့ကို လှူဒါန်းပူဇော် ကန်တော့ကြ၏။ ရှေးမြန်မာဘုရင်တို့၏လက်ထက်၌ ဘုရင်နှင့်မိဖုရားတို့၏ကန်တော့ခံပွဲများကို နန်းတွင်းနန်းပြင်တို့၌ကျင်းပလေ့ရှိကြသည်။ ဘုရင်နှင့်မိဖုရားတို့သည် သီတင်းကျွတ်လပြည့်နေ့တွင် အဋ္ဌင်္ဂသီလကို ဆောက်တည်၍ သီတင်းကျွတ် လပြည့်ကျော် တစ်ရက်နေ့တွင် မင်းညီမင်းသား မင်းဆွေမင်းမျိုးများ၏ ကန်တော့ခြင်းကို ရှေးဦးစွာ နန်းတွင်း၌ ခံယူကြသည်။ ထို့နောက် ဘုရင် မင်းမြတ်သည် တုရင်မကိုင်ရှုတို့ကို ဆင်မြန်း၍ မြို့တော်တွင်းသို့ လှည့်လည်ပြီးလျှင် တိုင်းသူပြည်သားတို့၏ ကန်တော့ခြင်းကို ခံယူပြန်သည်။ မြို့တွင်းမှ နန်းတွင်းသို့ ဘုရင်မင်းမြတ်ပြန်ဝင်တော်မူသောအခါ ဘုရင်နှင့်တကွ မိဖုရားခေါင်ကြီးသည် မှူးထမ်းရာထမ်းတို့၏ကန်တော့ခြင်းကို ခံယူပြန်သည်။ ထိုမှတဖန် ဘမယာသနပလ္လင်သို့ မင်းနှစ်ပါးကြွချီတော်မူသောအခါ တစ်ရာ့တစ်ပါးသော ထီးဆောင်းမင်းတို့က ကန်တော့ကြပြန်သည်။ ထိုအခါ ထိုပဒေသရာဇ်မင်းတို့က ရွှေပန်းပေါက်ပေါက်ဟုခေါ်ဆိုသော ရတနာ ရွှေငွေစိန်ကျောက်တို့ကို ဆက်သပူဇော်ကြသည်။

ထို့ပြင် ညချမ်းချိန်ခါ၌ မြို့ရွာတစ်ဝန်း မီးထွန်းပွဲတော်ကြီးကို ခြိမ့်ခြိမ့်သဲမျှ ကျင်းပကြသည်။ ထိုမီးထွန်းပွဲကို မြင်းမိုရ်ပွဲဟူ၍လည်း ကောင်း၊ တာဝတိံသာပွဲဟူ၍လည်းကောင်း ခေါ်ဝေါ်ကြသည်။

မြင်းမိုရ်ပွဲဖြစ်ပေါ်လာရခြင်းမှာ မြတ်စွာဘုရားသခင်သည် ဝါ တွင်းသုံးလပတ်လုံး တာဝတိံသာနတ်ရွာ၌ သီတင်းသုံး၍မယ်တော် သန္တုသိတ

နတ်သားအား အဘိဓမ္မာဒေသနာကို ဟောကြားတော်မူပြီးလျှင် လူ့ပြည်ဖြစ်သော သင်္ကဿနဂိုရ်ပြည်သို့သက်ဆင်းတော်မူခြင်းကို အကြောင်းပြု၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့တွင် မြတ်စွာဘုရား လူ့ပြည်သို့သက်ဆင်းသည်ကိုရည်စူး၍ မင်းရင်ပြင်တွင် မြင်းမိုရ်တောင်ကို ကိုယ်စားပြုသော မြင့်မားသော ပြာသာဒ်ကြီးကို ဆောက်လုပ်၍ လှေကားသုံးသွယ်ဆင်ယင်ပြီးလျှင် ဆီမီးထွန်းပွဲပူဇော်ကြသည်။

ဤကန်တော့ပွဲနှင့် ဆီမီးထွန်းပွဲတို့၏ အခြေခံအနက်အဓိပ္ပာယ်ကို ကြည့်လျှင် ရဟန်းသံဃာတို့၏ ပဝါရဏာပြုခြင်းကိစ္စနှင့် မြတ်စွာဘုရား ဟောကြားသော အဘိဓမ္မာအခါတော်နေ့၏ ထူးမြတ်သော ဝိသေသကို တွေ့ရပါလိမ့်မည်။ အဘိဓမ္မာအခါတော်နေ့နှင့်စပ်လျဉ်း၍လည်း ရှေးဦးစွာ တာဝတိံသာ၌ မြတ်စွာဘုရားတန်ခိုးပြာဋိဟာပြခြင်း၊ အဘိဓမ္မာ တရားကို ဟောတော်မူခြင်း၊ ပဝါရဏာပြုခြင်း၊ တာဝတိံသာမှဆင်းသက်ခြင်း၊ လူနတ်ဗြဟ္မာတို့ ပူဇော်သက္ကာရပြုခြင်း၊ လောကဝိစရဏတန်ခိုးတော်ကြောင့် သတ္တဝါ အပေါင်းတို့သည် စကြဝဠာတစ်ဝန်းလုံးကို တိုးလျှိုပေါက်မြင်ကြရခြင်း တည်းဟူသောအဖြစ်တို့သည် အံ့ဖွယ်သရဲ ဖြစ်ပေသည်။ ဤကဲ့သို့ ထူးခြားသော သဘာဝကြောင့် သီတင်းကျွတ်ပွဲတော်သည် လွန်စွာစည်ကား သိုက်မြိုက်စွာ ဆီမီးပူဇော်ကြရာဝယ် ကုသိုလ်ကောင်းမှုပြုကြရသဖြင့် ဤပွဲသဘင်ကို ဆင်ယင်ကျင်းပသူတို့သည် အပြစ်ကင်းစင်သော ပျော်ရွှင်မှုကို ရကြလေသည်။

အထက်တွင် ဝါကျွတ်ခြင်းအကြောင်းကို ဆိုခဲ့သည်။ သို့ရာတွင် ဝိနည်းအလိုမှာ သီတင်းကျွတ်လပြည့်ပြီဆိုရုံမျှနှင့် ဝါကျွတ်ပြီဟု မယူဆရသေး။ ရဟန်းသံဃာတို့အတွက် ပဝါရဏာပြုပြီးမှသာ ဝါကျွတ်သည်ဟု ခေါ်ရသည်။ ပဝါရဏာဆိုသည်မှာ ရဟန်းတော်တို့အချင်းချင်း ဖိတ်ကြားခြင်းဖြစ်၏။ တစ်နည်းဆိုသော် ပန်ကြားခြင်းလည်းဟူ၏။ ရှေးဦးစွာ မထေရ်

ကြီးဖြစ်သောရဟန်းသည် လက်ဝဲပခုံးပေါ်၌ ကေသီကိုစံပယ်တင်၍ ဆောင့် ကြောင့်ထိုင်ပြီးလျှင် လက်အုပ်ချီလျက် 'အရှင်တို့၊ သံဃာကို ဖိတ်ကြားပါ၏။ အရှင်တို့သည် အကျွန်ုပ်အပေါ်၌အပြစ်ကို မြင်လျှင်ဖြစ်စေ၊ ကြားလျှင် ဖြစ်စေ၊ အပြစ်ရှိလိမ့်မည်ဟုယုံမှားသံသယရှိလျှင်ဖြစ်စေ အကျွန်ုပ်တို့အား အစဉ်သနားသည်ကို အကြောင်းပြု၍ ပြောဆိုကြကုန်လော့၊ အပြစ်မြင်သည် ရှိသော် ထိုအပြစ်ကို အကျွန်ုပ်ကုစားပါအံ့' ဟု ဆို၍သုံးကြိမ်တိုင်တိုင် ဖိတ်ကြားရသည်။

ထို့နောက် အစဉ်အတိုင်း သီတင်းငယ်သော ရဟန်းတို့ကလည်း အထက်နည်းတူ လက်အုပ်ချီကာ 'အရှင်ဘုရားတို့၊ သံဃာကို ဖိတ်ကြားပါ၏' ဟု သုံးကြိမ်သုံးခါရွတ်ဆို၍ 'အပြစ်ရှိလျှင်ပြောကြပါ'ဟု အချင်းချင်း အပြန်အလှန်ဖိတ်ကြားရသည်။ သဘောအဓိပ္ပာယ်မှာ သံဃာတော်အချင်းချင်း အပြစ်တွေ့မတွေ့ ဝေဖန်ပြောဆို၍ အပြစ်တွေ့လျှင် အပြစ်ပြေပျောက်စေရန် ဝိနည်းတော်အတိုင်း ဆောင်ရွက်နိုင်ကြစေဖို့ ဖြစ်သည်။ ဤကဲ့သို့ သံဃာတော်အချင်းချင်း အပြစ်မြင်မမြင် ဝေဖန် ပြောဆို၍ အပြစ်ကင်းစင်စေရန်ဆောင်ရွက်ကြခြင်းသည် သံဃာ၏သုပ္ပဋိပန္နဂုဏ်ကို လက်တွေ့ကျင့်သုံးခြင်းပင်ဖြစ်သည်။ ဤဓလေ့သည် ဗုဒ္ဓသာသနာတော်၏ ထူးကဲမွန်မြတ်သော ဓလေ့ကြီးတစ်ရပ်ဖြစ်ပေသည်။

ထို့ကြောင့် အချို့သောပညာရှိတို့က လူဝတ်ကြောင်တို့သည် ဤအစဉ်ကိုလိုက်၍ ငယ်သူက ကြီးသူကိုလည်းကောင်း၊ လူအပေါင်းတို့က မိဘဆရာသမား ရဟန်းတော်များကိုလည်းကောင်း မိမိတို့၌အပြစ် ရှိခဲ့သော် ထိုအပြစ်တို့မှ ပပျောက်ရန် ကန်တော့ပါ၏ဟု ဆို၍ ကာယကံမြောက် ကန်တော့ကြသောပွဲတော်ကြီးပေါ်ပေါက်သည်ဟု ဆိုကြသည်။ အဘိဓမ္မာတရားကို ဟောကြားတော်မူသောမြတ်စွာဘုရားသခင်ကိုလည်း ရည်စူး၍ ဆီမီး ထွန်းညှိပူဇော်ကြသည်ဟူ၍လည်း ဆိုကြသည်။ ယခုခေတ်၌ကား

အဘိဓမ္မာအခါတော်နေ့တွင် အဘိဓမ္မာကို ရွတ်ဖတ်ခြင်း၊ လေ့လာခြင်း၊ အမေးအဖြေ ပြုခြင်း၊ စာပြန်ပွဲကျင်းပခြင်းစသည်တို့ကို ရှေးကထက် တစ်မူ ထူးခြား၍ ဆောင်ရွက်လျက်ရှိနေကြသည်။

သီတင်းကျွတ်ပွဲတော်များတွင် ရှေးခေတ်က စာဆိုတော်မယ်ခွေ ၏ အဲချင်းပါစကားအရ 'ရွှေဆင်လှူတဲ့ မီးပူဇော်ပွဲ'လည်းရှိကြောင်း ဦးသော် ဇင်က ဖွင့်ဆိုထားသော အချက်ရှိသည်။ လောကဗျူဟာကျမ်းခေါ် အင်ရုံ စာတမ်း၌ ယင်းရွှေဆင်လှူပွဲအကြောင်းကို ရေးသားထားသည်။ သီတင်း ကျွတ် လဆန်း ၈ ရက်နေ့တွင် ရာဇမဏိစူဠာဘုရားကိုပူဇော်ရန် ရွှေဆင်ရုပ် လေးစီးကိုပြုလုပ်ရသည်။ လဆန်း ၈ ရက်နေ့ညမှစ၍ လပြည့်နေ့နံနက် တိုင်အောင် ရွှေဆင်တော်နှင့်တကွ ဆီမီးတို့ကို ဘုရားမှာထွန်း ညှိပူဇော်သည်။ ဤနည်းတူ အခြားသောတန်ခိုးကြီးဘုရားများ၌လည်း ဆီမီးပူဇော်ပွဲများကို ကျင်းပကြသည်။ ဤဓလေ့သည် သက္ကရာဇ် ၉၉၀ ပြည့်တွင် နန်းတက် သော သာလွန်မင်းတရားကြီးလက်ထက်တော်မှ စတင်ပေါ်ပေါက်သည်ဟု ဆိုသည်။ မြင်းမိုရ်ပွဲနှင့်ရွှေဆင်လှူပွဲသည် သီတင်းကျွတ်လအတွင်း ဆိုင်ရာ ဆိုင်ရာနေ့ရက်များတွင် တစ်ပြိုင်တည်းကဲ့သို့ ကျင်းပခဲ့ဟန်တူသည်။

ရဟန်းသံဃာသည် ဝါတွင်းသုံးလပတ်လုံး ကျောင်းအရာမ်မှ မခွာဘဲ ရဟန်းကျင့်ဝတ်သီလကိုတည်ဆောက်သည်။ ထိုအစဉ်အလာကို မှီး၍ လူဝတ်ကြောင်တို့ကလည်း ထိုဝါတွင်းသုံးလ၌ ထိမ်းမြားမင်္ဂလာ ပြုခြင်း ကို ရှောင်ကြဉ်၍ သီတင်းသီလနှင့်မွေ့လျော်ကြသည်။ သီတင်း ဝါလကျွတ် သောအခါ၌မူကား လူတို့၏ဓလေ့အတိုင်း အိမ်ရာထောင်ထားခြင်းကိုပြုကြ သဖြင့် သီတင်းကျွတ်လျှင် မင်္ဂလာပွဲများကျင်းပလေ့ရှိကြသည်။

# တန်ဆောင်မုန်းလ

ငွေစန်းရယ်တဲ့ ပုဏ္ဏမီ။
ရွှေကျီးညို တာရာနှင့်
ကြတ္တိကာ ယှဉ်ပြိုင်လျှမ်းတယ်
ချမ်းစ ရာသီ။
လှူကထိန် ခါတော်ပွဲငယ်နှင့်
ခဝဲပွင့် ဝါစီစီ
သာကြည်လဲ့ မြူရှင်း။
လတန်ဆောင်မှာ
ကြွပြောင်ပြောင် အသရေတင့်ပါဘိ
ရွှေမြင်းမိုရ် ဝါထိန်ထိန်နှင့်
ခါအချိန်မြောက်လေသွေးတယ်
အေးတဲ့ငွေနှင်း။

တန်ဆောင်မုန်းလပြည့်နေ့တွင် တန်ဆောင်တိုင်ပွဲတော်ကို ကျင်းပမြဲဖြစ်သည်။ ထိုပွဲတော်၌ ဆီမီးတန်ဆောင်တို့ကို ထွန်းညှိ၍ မြတ်စွာဘုရားအား ပူဇော်ကြသည်။ ပူဇော်ရာ၌ ကျောင်းကန်ဘုရား၊ စေတီပုထိုးစသည်တို့၌သာလျှင် ပူဇော်ကြသည်မဟုတ်။ နေအိမ်အတွင်း အပြင် လမ်းကြီးလမ်းငယ် အသွယ်သွယ်၌လည်း ဆီမီးထွန်းညှိပူဇော်လေ့ရှိကြသည်။ ဆီမီးဆိုသည်မှာ

ဆီကို လောင်စာအဖြစ်ဖြင့် သုံးစွဲသော မီးဖြစ်သည်။ ထိုလောင်စာကို မြေစေး ဖြင့် ဖုတ်သော ဆီမီးခွက်ထဲထည့်၍ ချည်ခင်ကိုသော်လည်းကောင်း၊ ဖျော့ကို သော်လည်းကောင်း မီးစာ အဖြစ်ဖြင့် သုံးစွဲ၍ ဆီမီးထွန်းညှိကြသည်။ ဤ ဆီမီးကို ဆီစိမ်စက္ကူဖြင့် ပြုလုပ်သော ဆီမီးအိမ်ထဲ၌လည်း ထည့်၍ ထွန်းညှိ လေ့ရှိသည်။ ဆီမီးအိမ်ကိုလည်း ပုံစံအမျိုးမျိုးဖြင့် လုပ တင့်တယ်အောင်စီမံ သည်။ ဤကား ရှေးလူကြီးတို့ ဆီမီးထွန်းညှိပုံဖြစ်သည်။ နောင်အခါသော် ဖယောင်းတိုင် ကိုသုံးစွဲလာကြ၏။ ထိုအခါ နိုင်ငံခြားမှ တရုတ် မီးပုံး၊ ဂျပန် မီးပုံး စသည်တို့ကို တင်သွင်းလာရာ နိုင်ငံခြားဖြစ်မီးပုံးတို့ဖြင့် ဆီမီး ပူဇော်ကြ ပြန်သည်။ သို့ရာတွင် တိုင်းရင်းဖြစ်မီးပုံးများကား တိုင်းရင်းသားတို့၏ စိတ် တိုင်းကျ တီထွင်လုပ်ကိုင်သော မီးပုံးများဖြစ်၍ တိမ်ကောသွားခြင်း မရှိချေ။ ယခုခေတ်၌ လျှပ်စစ်ဓာတ်အားကို တစ်နိုင်ငံလုံးလိုလိုသုံးစွဲနိုင်ကြပြီဖြစ်၍ အနီ၊ အဝါ၊ အပြာ၊ အစိမ်းရောင်လျှပ်စစ်မီးလုံးတို့ဖြင့် မီးပူဇော်လျက်ရှိကြ သည်။

ရှေးသုတေသီတို့က ဗုဒ္ဓသာသနာ မထွန်းကားမီ၌ တန်ဆောင် တိုင် မီးထွန်းပွဲသည် မီးနတ်ပူဇော်ပွဲမျှသာဖြစ်သည်ဟု ဆိုကြသည်။ ကြတ္တိ ကာ နက္ခတ်နှင့်စန်းယှဉ်သောလသည် မိုးသားကင်းစင်၍ ကောင်းကင်၌ နက္ခတ်တာရာတို့ လွန်စွာမှထွန်းလင်းတောက်ပသောလ ဖြစ်သည်။ စိတ် နှလုံးကြည်နူးဖွယ်ရာဖြစ်သော နက္ခတ်အပေါင်းစသည့် ထိုတန်ဆောင်မုန်း လပြည့်နေ့ဝယ် မီး နက္ခတ်ပူဇော်ပွဲနှင့် နတ်မင်းကြီး ပူဇော်ပွဲများကို ကျင်းပကြ သည်ဟုအဆိုရှိသည်။ နတ်မင်းကြီးဆိုသည်မှာ ဗိဿနိုးဟူ၍လည်း ခေါ် သော မဟာဝိနာယကနတ်မင်းကြီးဖြစ်သည်။ ထိုနတ်မင်းကြီးသည် ဝါဆို လဆန်း ၁၂ ရက်နေ့မှစ၍ အိပ်ရာ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့မှ နိုးသည်။ ထို့ကြောင့် တန်ဆောင်မုန်းလကို နတ်နိုးလ ဟူ၍လည်း ခေါ်ကြ သည်။ ထိုလသည် ဆေးပေါင်းခသော လလည်း ဖြစ်၍ တန်ဆောင်မုန်းလ

အတွင်း မဲဇလီရွက်ကို သုပ်၍စားလျှင် ရောဂါဘယကင်းသည်ဟု ယူဆကြသည်။

ထို့ပြင် ထိုမီးနက္ခတ်ပူဇော်ပွဲနှင့်အတူ ကျီးမနိုးပွဲဆိုသည်ကိုလည်း ကျင်းပကြသည်။ ထိုပွဲမှာ အပျော်အပါးသက်သက် အချင်းချင်း ကျီစယ်သော ပွဲဖြစ်သည်။ လပြည့်နေ့သန်းခေါင်အချိန်၌ လူတို့အိပ်မောကျနေစဉ် အိမ်ပြင်တွင်ထားသော ပန်းအိုးစသည့် လူ့အသုံးအဆောင် ပစ္စည်းတို့ကို နောက်ပြောင်ပျော်ရွှင်လိုသူတို့သည် တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်း၍ ဝှက်ထားကြသည်။ ဤဓလေ့ကို လူကြီးမိဘတို့က မနှစ်သက်ကြ၍ မြို့ကြီးပြကြီးများတွင် မတွေ့ရချေ။ သို့သော် ကျေးလက် တောရွာအချို့တွင် တွေ့ရှိနိုင်သည်။ အများက မနှစ်သက်သော ကျီစယ်ခြင်းဖြစ်၍ တစ်စတစ်စနှင့် ထိုဓလေ့ပပျောက်ဖွယ်ရှိသည်။

ဇာတ်နိပါတ်များတွင် ကြတ္တိကာသဘင် ဆင်ယင်ကျင်းပကြောင်း ပြဆိုသည်။ ဥမ္မာဒန္တီဇာတ်တွင် ထိုသဘင်ဆင်ယင်ကျင်းပကြောင်း အတိအလင်း ဖော်ပြသည်။ သို့ရာတွင် သာသနာတော်တွင်းသို့ ကျရောက်သော အခါ ဗုဒ္ဓဘာသာဝင်တို့သည် နက္ခတ်သဘင်ကို မြတ်စွာဘုရားအား ဆီမီးပူဇော်ပွဲအဖြစ်သို့ပြောင်း၍ယူကြသည်ဟု သုတေသီတို့က ဆိုကြသည်။ ဆိုလတ္တံ့သော ကထိန်အကြောင်းကိုလေ့လာလျှင် ဤအချက်သည် ထင်ရှားလာပါလိမ့်မည်။

ကထိန်ပွဲတော်ဟုဆိုရာ၌ ကထိန်ဟူသောစကားသည် "ကထိန" ဆိုသော ပါဠိစကားကို မြန်မာမှုပြုထားသောစကားဖြစ်သည်။ ထိုစကား၏ အဓိပ္ပာယ်အရင်းအမြစ်မှာ ကြံ့ခိုင်ခြင်း၊ ခိုင်ခံ့ခြင်း၊ မြဲမြံခြင်း ဟူ၍ဖြစ်သည်။ ထိုရင်းမြစ်အဓိပ္ပာယ်ကိုယူ၍ ကထိန်ဟူသောဝေါဟာရကို (၁)ကထိန် အာနိသင်သည် ကထိန်ခင်းသောကျောင်းတိုက်အတွင်း၌ မြဲမြံခိုင်ခံ့ တည်တံ့သောကြောင့် ကထိန်မည်၏ဟူ၍လည်းကောင်း၊ (၂) တောသစ်ပင်တို့ တောတွင်း

မှာ ပေါက်ရောက်စည်ကားကြီးပွားသကဲ့သို့ ခိုင်ခံ့သောအလှူဖြစ်ခြင်းကြောင့် ကထိန်မည်၏ ဟူ၍လည်းကောင်း၊ (၃) ဘုရားအစရှိသော သူတော်ကောင်း တို့က ခိုင်မာတည်မြဲစေသော အလှူ၏သဘာဝကို ချီးမွမ်းအပ်သောကြောင့် ကထိန်မည်၏ဟူ၍လည်းကောင်း အဖွင့်ဝဏ္ဏနာပြုကြသည်။

ကထိန်ပွဲပြုလုပ်သောအခါ ကထိန်ခင်းသည်ဟု ဆိုကြသည်။ ကထိန်ခင်းသည်ဆိုသည်မှာလည်း သီတင်းကျွတ်လပြည့်ကျော်တစ်ရက် နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လအတွင်းကာလကို သတ်မှတ် ၍ သံဃာကိုလှူခြင်း ဖြစ်သည်။ သာမန်စကားဖြင့် ဝိသေသထူးသော သင်္ကန်းလှူပွဲကြီးဟုဆိုနိုင်ရာသည်။ ဤ၌ သံဃာဆိုသည်မှာ မိမိကြည်ညို သောရဟန်း၊ သိကျွမ်းသောရဟန်း၊ မိမိကိုးကွယ်သောကျောင်းတွင် ကျောင်း ထိုင်သောရဟန်းစသောစိတ်တွင် ပုဂ္ဂိုလ်စွဲအားဖြင့်ရည်စူးထားသော ရဟန်း ကို မဆိုလို။ သံဃာဂိုဏ်းဝင် ရဟန်းအစုအပေါင်း အဖွဲ့အစည်းကို ရည်စူးမှ သာ သံဃာကိုရည်စူးသည် မည်၏။ ထို့ကြောင့် ကထိန်သင်္ကန်း ကပ်သော အခါ အလှူရှင်ပရိသတ်တို့က ကထိနစီဝရံ သံဃဿဒေမ၊ ဤ ကထိန် သင်္ကန်းကို သံဃာအားလှူဒါန်းပါသည်ဟု ဆိုရသည်။

ကျွန်ုပ်တို့ တွေ့နေကျ မြင်နေကျမှာ ဒါယကာ ဒါယိကာမတို့က သင်္ကန်းကပ်လှူပူဇော်သည်ကိုသာ တွေ့မြင်နေကြသည်။ စင်စစ် ကထိန် သင်္ကန်းကို ရဟန်း၊ သာမဏေ၊ သီလရှင်၊ ဖိုးသူတော်စသည်တို့ကလည်း လှူနိုင်သည်။ အလှူဝတ္ထုမှာ ဒုကုဋ်ခေါ် နှစ်ထပ်သင်္ကန်းကြီး၊ ဧကသီ၊ ခါးဝတ် သင်းပိုင်ဟူ၍သုံးမျိုးဖြစ်သည်။ ယင်းတို့အနက် တစ်မျိုးမျိုးကို လှူလျှင်လည်း ကထိန်အလှူပင်ဖြစ်သည်။

ကထိန်သင်္ကန်းကိုခံယူနိုင်သောပုဂ္ဂိုလ်ကား ကထိန်ခင်းမည့် ကျောင်းတိုက်မှာ ဝါမထပ်လျှင် ဝါဆိုလပြည့်ကျော်တစ်ရက်နေ့မှာ ဝါကပ် ခဲ့ပြီး၍ သီတင်းကျွတ်လပြည့်နေ့မှာ ပဝါရဏာပြုသောရဟန်းဖြစ်ရမည်။

ဝါထပ်လျှင် ဒုတိယဝါဆိုလပြည့်ကျော်တစ်ရက်နေ့မှာ ဝါကပ်ခဲ့ပြီး၍ ထုံးစံအတိုင်း သီတင်းကျွတ်လပြည့်နေ့မှာ ပဝါရဏာပြုသော ရဟန်းဖြစ်ရမည်။ ဝါကျိုး ဝါပြတ်သောရဟန်း၊ ဝါဆိုဝါကပ်မပြုသော ရဟန်း၊ အခြား ကျောင်းတိုက်မှ ဝါကပ်လာသောရဟန်းတို့ကား ကထိန် သင်္ကန်းကို ခံယူခြင်း မပြုနိုင်ချေ။

ကထိန်ခင်းဖို့ရန် သံဃာအားလှူဒါန်းသောသင်္ကန်းကို သံဃာတော်က ဝတ်စရာသင်္ကန်းမရှိသောရဟန်းကို ဦးစားပေးရွေးချယ်၍ ပေးရမည်။ ရဟန်းအားလုံး သင်္ကန်းပြည့်စုံနေလျှင် ဝါအကြီးဆုံးမထေရ်ကို ပေးရမည်။ ပေးသောအခါသိမ်ဝင်၍ ဉတ္တိဒုတိယကမ္မဝါစာကိုရွတ်ဖတ် ကံပြုပြီးမှ ပေးရသည်။ ဤကဲ့သို့သော သဘောကြောင့် ကထိန်သင်္ကန်းကို ဉတ်သင်္ကန်းဟု ခေါ်ခြင်းဖြစ်သည်။ ကထိန်ခင်းသောအခါ ကထိန် သင်္ကန်းမရသော ရဟန်းများက ကထိန်သင်္ကန်းရသောရဟန်းကို ဝမ်းမြောက်ကျေနပ်ကြောင်း ပြောဆိုမြွက်ကြားရန် တိုက်တွန်းညွှန်ကြားရသည်။ ဤသို့ သာဓုအနုမောဒနာပြုကြသောအခါ အနုမောဒနာပြုသော ရဟန်းတို့သည် ကထိန်အကျိုးကို ကထိန်သင်္ကန်းရသောရဟန်းနှင့် ထပ်တူထပ်မျှ ရကြသည်။

ကထိန်အကျိုးငါးပါးမှာ (၁) ထင်ရှားရှိသောရဟန်းအား ခွင့်မပန်ဘဲ ဒါယကာ ဒါယိကာမတို့၏အိမ်သို့ လှည့်လည်သွားလာခြင်းကြောင့် အာပတ် မသင့်ခြင်း၊ (၂) ရဟန်းသည် အဓိဋ္ဌာန် တင်ထားသောသင်္ကန်းကို သွားလေရာရာမယူဘဲ ပေါ့ပေါ့ပါးပါးသွားလာ နေထိုင်ခြင်းကြောင့် အာပတ်မသင့်ခြင်း၊ (၃) မအပ်သောနည်းဖြင့်ဆွမ်း ဖိတ်ခြင်းကိုလက်ခံ၍ဆွမ်းစားခြင်းကြောင့် အာပတ်မသင့်ခြင်း၊ (၄) သင်္ကန်းကို အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲ အလိုရှိသလောက်ထားခြင်းကြောင့် အာပတ်မသင့်ခြင်း၊ (၅) ကထိန်ခင်းသော ကျောင်းတိုက်မှာ လှူ၍ရသမျှ သံဃိကအဝတ်အထည်များကို ကျောင်းတိုက်ရှိ သံဃာများက ဝေဖန်ယူနိုင်ခြင်းဟူ၍ဖြစ်သည်။ ဤကား ကထိန် အာနိ

သင် ရသောရဟန်းများ၏ ခံစားခွင့်များပေတည်း။ အကျယ်ကို သိလိုသော် မြောင်းမြအရှင်ကုမာရ ရေးသားစီရင်သော "ဗုဒ္ဓအလိုတော်ကျ ကျင့်သုံး နေထိုင်နည်း" ကို ဖတ်ရှုရန် တိုက်တွန်းလိုပါသည်။ ထိုစာအုပ်တွင် ကထိန်ကို စည်းကမ်းတကျ ခင်းရာ၌ ရဟန်းရှင်လူတို့လိုက်နာရမည့် အချက်များကို ဖော်ပြထားသည်။ ဤဆယ့်နှစ်လအကြောင်းစာတမ်း၌ အကျယ် မဆိုသာပါ။ ကထိန်စနစ်ကိုသိစေလိုသောကြောင့်သာလျှင် အညွှန်း သဘောဖြင့် အကြောင်းစုံကို အကျဉ်းချုံး၍ ထည့်သွင်းရေးသားလိုက်ခြင်း ဖြစ်ပါ၏။

ကထိန်ခင်းခြင်းနှင့် တစ်ဆက်တည်း မသိုးသင်္ကန်းရက်သောပွဲလည်း ရှိသည်။ ယင်းပွဲနှင့်စပ်လျဉ်း၍ အချို့က ဘုရားရှင် မယ်တော် မိနတ်သားသည် သားတော်ဘုရားလောင်း တောထွက်၍ ရဟန်းဝတ်တော့မည်ဟု သိသောအခါ သင်္ကန်းကပ်လို၍ ညဥ့်ချင်းပြီး သင်္ကန်းရက်ချုပ်သည်ကို အကြောင်းပြု၍ မသိုးသင်္ကန်းရက်ပွဲ ပေါ်ပေါက်သည်ဟုဆိုသည်။ သို့ရာတွင် ဦးသော်ဇင်ကမူ သက္ကရာဇ် ၁၁၅၀ ပြည့်နှစ်တွင် အမရပူရပထမမြို့တည်နန်းတည် ဘိုးတော်ဗဒုံမင်းတရားကြီးက မင်းဆရာတော်အား လျှောက်ထားမေးမြန်းသည့် စကားကို အထောက်အထားပြု၍ "မသိုးသင်္ကန်းမှာလည်း ကျမ်းဂန် မလာ မရှိ။ ရဟန်းတို့မှာ ကထိန်ပုဆိုးကိုရသည့်နေ့ရက်အတွင်း ပြီးပြေအောင် အခြားနေ့ရက်မကူး၊ မသိုးစေဘဲ ချုပ်ဆိုးလုပ်ဆောင်၍ ကထိန်ခင်းရသည်ကိုအစွဲပြု၍ လူတို့မှာလည်း မသိုးသင်္ကန်းလုပ်ဆင်၍ လှူဒါန်းကြသည့်အရာသာဖြစ်သည်" ဟူ၍ ဆိုသည်။ မသိုးသင်္ကန်းရက်ရာ၌ အဆင့် ၁၅ ဆင့်ရှိသည်။ နေဝင်သည်နှင့်တစ်ပြိုင်နက် ယင်းအဆင့်ဆင့်တို့ကို တစ်ခုပြီးတစ်ခုဆောင်ရွက်ခဲ့ရာ နောက်တစ်ရက်မကူးမီ (နံနက်အရုဏ်မတက်မီ) အားလုံးပြီးစီးရသည်။ ယင်းလုပ်ငန်းအဆင့်ဆင့်မှာ

၁။ ဝါကြဲခြင်း

၂။ ဝါကောက်ခြင်း

၃။ ဝါဖန်ခြင်း
၄။ ဝါကြိတ်ခြင်း
၅။ ဝါဖတ်ခြင်း
၆။ (ဖတ်ပြီးဝါကို) မိုင်းတောင့်လုပ်ခြင်း
၇။ မိုင်းတောင့်ကို ချည်မျှင်ဖြစ်အောင် ရစ်တွင်ငင်ခြင်း
၈။ ငင်ပြီးချည်မျှင်ကို ချည်ခင်ဖြစ်အောင်လုပ်ခြင်း
(ယင်းကို "သေ" သည်ဟုခေါ်သည်)
၉။ သေပြီးချည်ခင်ကို အရောင်ဆိုးခြင်း
၁၀။ အရောင်ဆိုးပြီး ချည်ခင်ကိုဖြေခြင်း
၁၁။ ဖြေပြီးချည်ခင်ကို တည င်းလုံးသို့ပြောင်းခြင်း
၁၂။ တည င်းလုံးမှတဆင့် ရက်ကန်းရှယ်ခြင်း
၁၃။ ရက်ကန်းရှယ်ပြီး၍ စင်ပေါ်တင်ခြင်း
၁၄။ စင်ပေါ်တင်၍ ရက်ကန်းရက်ခြင်း
၁၅။ သင်္ကန်းချုပ်ခြင်း

ဟူ၍ဖြစ်သည်။ သင်္ကန်းအချိန်မီမပြီးလျှင် သိုးသည်ဟု ခေါ်သည်။ ပြီးလျှင်ကား မသိုးသင်္ကန်းဖြစ်လေသည်။ ယင်းသင်္ကန်းကို မြတ်စွာဘုရား ရုပ်တုတော်၌ လွှမ်းခြုံဆင်မြန်းပေးပြီးလေသော် မသိုးသင်္ကန်းကပ်ပွဲ အထမြောက်လေသည်။ ဤစကားစဉ်ကိုလေ့လာခြင်းအားဖြင့် ရှေးက နတ်ပူဇော်ပွဲ နက္ခတ်သဘင်သည် သာသနာတော်ခေတ်၌ ဗုဒ္ဓပူဇော်ပွဲဖြစ်လာသည်ကို တွေ့ကြပါလိမ့်မည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် ကထိန်ပွဲတော်အပြင် သျှင်မာလဲပွဲတော်ကိုလည်း ကျင်းပလေ့ရှိသည်။ ထိုပွဲတော်၏ဇာစ်မြစ်မှာ ဤသို့ ဖြစ်သည်။ သီဟိုဠ်ကျွန်း အဇ္ဇရမြစ်အနီး ကုရောဒနဇနပုဒ်၊ စူဠကဏ္ဍက ကျောင်းတော်ကြီး၌ မာလိယမဟာဒေဝမထေရ်သည် သီတင်းသုံးတော်မူသည်။ ထို

မထေရ်ကို မြန်မာတို့က သျှင်မာလဲ (ဝါ) ရှင်မာလဲဟုခေါ်ဆိုကြသည်။ သျှင်မာလဲသည် စျာန်အဘိညာဉ်နှင့်ပြည့်စုံသောကြောင့် တာဝတိံသာ နတ်ပြည်သို့တက်၍ စူဠာမဏိစေတီတော်ကို ဖူးမြော်လေ့ရှိ၏။ တစ်ခါသော် သျှင်မာလဲသည် ပြုမြဲအတိုင်း စူဠာမဏိစေတီသို့ကြွတော်မူရာ အရိမေတ္တေယျ ဘုရားလောင်းနတ်သားနှင့်တွေ့၏။ ထိုအခါ အလောင်းတော် နတ်သားက သျှင်မာလဲအား လူ့ပြည်၌ တန်ဆောင်မုန်း လပြည့်နေ့ ရောက်တိုင်း ဂါထာတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော ဝေဿန္တရာဇာတ်တော်ကို ဟောကြားပါမည့်အကြောင်း လျှောက်ထားလေသည်။ ဤသို့ လျှောက်ထားသည်ကိုအကြောင်းပြု၍ သျှင်မာလဲမထေရ်သည် ဝေဿန္တရာ ဇာတ်တော်ကို တန်ဆောင်မုန်းလပြည့်နေ့တိုင်း ဟောကြားတော်မူလေသည်။ ဤသည်ကိုအစွဲပြု၍ သျှင်မာလဲပွဲတော်ကို လူတို့ ဆင်ယင် ကျင်းပကြသည်။ ထို့နေ့တွင် ဝေဿန္တရာဇာတ်တော်ကို ဟောသည့်အခါ လှော်ကားခေါ် လှေထက်တွင် အသီးတစ်ထောင်၊ အပွင့် တစ်ထောင်၊ ထမင်းဆုပ်တစ်ထောင်၊ ဆီမီးတစ်ထောင်တင်၍ ဘုရားရှင်ကိုရည်မှန်းကာ ကပ်လှူ ပူဇော်ကြရသည်။ ဤ သျှင်မာလဲပွဲတော်ကို “ထောင်ပြည့်ပွဲတော်” ဟုလည်း ခေါ်ကြသည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီက ဖျာပုံမြို့တွင် နှစ်စဉ် ကြီးကြီး ကျယ်ကျယ် ကျင်းပခဲ့သည်ဟုသိရ၏။ သို့သော် မြန်မာ့စွယ်စုံကျမ်းတွင် ထိုကျင်းပသောလမှာ တော်သလင်းလ ဖြစ်သည်ဟု မှတ်တမ်းတင်ထားသည်။ ယခုခေတ်၌ သျှင်မာလဲ ပွဲတော်ဟူ သောအမည်ဖြင့် ပွဲတော်ကျင်းပကြသည်ကို တွေ့ရခဲသည်။ ဆီမီးတစ်ထောင်လှူသောပွဲအဖြစ်ဖြင့်ကား ရံဖန်ရံခါ ကျင်းပမြဲကျင်းပကြသည်။ အထူးသဖြင့် ရွှေတိဂုံစေတီရင်ပြင်၌ ဆီမီးတစ်ထောင်ပူဇော်ကြသည့် အလေ့အထကို စဉ်းစားကြည့်လျှင် သျှင်မာလဲ ပွဲတော်ဓလေ့ထုံးစံမှ နွယ်လာသည်ဟု ယူဆစရာအကြောင်းရှိသည်။

ဆရာကြီးဒဂုန်နတ်ရှင်၏အဆိုမှာ တန်ဆောင်မုန်းလ ရာသီတွင်

ရေးအခါက ကြာသင်္ကန်းကပ်လှူပူဇော်ပွဲကို ကျင်းပလေ့ရှိသည်ဟု ဆိုသည်။ ကမ္ဘာပေါ်ဦးက ဇောခိပင်နှင့်ရွှေပလ္လင်ပေါက်ရာဌာနတွင် သင်္ကန်းပရိက္ခရာ အစုံပါရှိသော ကြာရုံပေါက်သည်။ ဘုရားတစ်ဆူပွင့်သောကမ္ဘာတွင် ကြာရုံ၌ ကြာတစ်ပွင့်၊ နှစ်ဆူပွင့်သောကမ္ဘာတွင် ကြာနှစ်ပွင့်စသည်ဖြင့် ငါးဆူပွင့်သော ကမ္ဘာတွင် ကြာငါးပွင့် ပွင့်သည်။ ကြာပွင့်တွင်ပါရှိသော သင်္ကန်းပရိက္ခရာကို သုဒ္ဓါဝါသဘုံ၌ သိမ်းဆည်းထားရ သည်။ ဤကြာပွင့်ပါ သင်္ကန်းကိုရည်စူး၍ ကြာသင်္ကန်းကပ်သောဓလေ့ ပေါ်ပေါက်သည်။ ရှမ်းပြည်နယ်တွင် ကြာ သင်္ကန်းကို ဘုရား၌ ကပ်လှူသော အလေ့အထ ရှိဖူးသည်။ ယခုအခါ ဤ ပွဲတော်ကို တွေ့ရခဲသည်။

# နတ်တော်လ

ငွေနှင်းငယ်တဲ့ မှုန်ဝေဝေ။
ပျံ့မွှေးခိုင်သဇင်နှင့်
ဂမုန်းအင် ပန်တော်ဦးကြတယ်
ထူးတဲ့လပေ။
မိဂသီ ပုဏ္ဏာလင်းပါလို့
ရွှေဟသ်ာ တာရာငွေလို
ဖြာဖြာဝေလျက် စံကွန့်မြူး။
ပဏ္ဏာတင်
ပိန္နဲမဟာရှင်၏
ခါသဘင် ပျော်ရွှင်ပွဲမှာလ
ဖော်ကွဲသူ မကြည်သာဖို့
ရထည်လွှာ ခြုံလို့ကွေးရတယ်
အေးတဲ့ လထူး။

တန်ဆောင်မုန်းလတွင် မုတ်သုန်လေ ဆုတ်ခွာခဲ့ပြီးနောက် နတ်တော်လတွင် ရေခိုးရေငွေ့ အတန်ငယ်ကင်းစင်၍ အေးမြစ ပြုလာသည်။ ဤလ၏ ဝိသေသမှာ နတ်ပွဲများကျင်းပကြခြင်းဖြစ်သည်။ ဟံသာဝတီပါ မင်းတရားကြီးနှင့် အလောင်းမင်းတရားကြီးတို့၏ခေတ်၌ ဝန်ကြီးသီရိ

ဥဇနာရေးသားသော လောကဗျူဟာအင်ရုံစာတမ်းတွင် ဘုရင်မင်းမြတ်တို့သည် ရွှေစည်းခုံဘုရားဇရပ်၌ထားသော မဟာပိန္နဲနတ်ကို အချိုအဆိမ့် နွားနို့ ထောပတ်တို့ဖြင့် ပူဇော်ကြောင်း ပြဆိုသည်။ သံတော်ဆင့် ဦးခြိမ့်၏ ဝေါဟာရလိနတ္ထဒီပနီ၌လည်း မဟာပိန္နဲပူဇော်ပွဲကို ပြဆိုပြီးနောက် မဟာဂီရိနတ်မောင်နှမကိုလည်း ပူဇော်ကြောင်း မှတ်တမ်းတင်သည်။ အချို့သော ပညာရှင်တို့က ဤမဟာပိန္နဲနတ်ပွဲသည် ပုဂံခေတ်က ရှိခဲ့ဟန်မတူ၊ သံတော်ဆင့်ဦးခြိမ့်က မဟာပိန္နဲအကြောင်းကို ရေးမှတ်ခဲ့သော်လည်း သူ၏ လက်ထက်၌ ထိုနတ်ပွဲ၏အစဉ်အလာမရှိတော့ပါ။ ဗဟုသုတအလို့ငှာ မှတ်တမ်းတင်ခြင်းသာဖြစ်သည်။ ဥဇနာမင်းကြီး လက်ထက်၌ကား ပုပ္ပားနတ်တောင်သို့ တက်၍ မဟာဂီရိနတ်မောင်နှမကို ပူဇော်ကြောင်းသိရသည် စသည်ဖြင့် ဆိုကြပါသည်။ ဤအဆိုကိုထောက်ရှုကြည့်သော် မဟာပိန္နဲပူဇော်ပွဲသည် တစ်စတစ်စပပျောက်ပြီးလျှင် မဟာဂီရိနတ်မောင်နှမပူဇော်ပွဲသည်သာလျှင် ခေတ်စားလာသည်ဟု တွေးဆရန်ရှိလေသည်။ ထို့ပြင် ဘိုးတော်ဘုရားလက်ထက်က မင်းဆရာတို့သည် မဟာပိန္နဲပူဇော်ပွဲကို နတ်တော်လတွင် ကျင်းပခြင်းမှာ ရာဇမတ္တဏ်ကျမ်းနှင့်မညီသောကြောင့် တန်ဆောင်မုန်းလ၌ ကျင်းပစေရန် အမိန့်တော်ထုတ်ပေးပါမည့်အကြောင်း ဘုရင့်ထံ လျှောက်ထားဖူးသည်။ သို့သော် ယင်းအမိန့်သည် မတည်ဘဲ နတ်တော်လ၌ နတ်ပွဲကျင်းပမြဲ ကျင်းပကြသည်။ စင်စစ် ရာဇမတ္တဏ်ကျမ်း၌လည်း မဟာပိန္နဲကို ရှာမတွေ့ဟုလည်း ဆိုကြသေး၏။ ထို့ကြောင့် မြန်မာအရင်းအမြစ်ကိုကြည့်၍ပြောရလျှင် မဟာဂီရိနတ်မောင်နှမပူဇော်ပွဲသည်သာလျှင် မြန်မာ့ရိုးရာပွဲဟုဆိုနိုင်ရာသည်။

မြန်မာသက္ကရာဇ် ၂၂၆ ခုနှစ်တွင် သေဉ်လည်ကြောင်မင်း နန်းတက်သည်။ ထိုအခါ ရောဝတီမြစ်ကြော၌ မျှောလိုက်သော စံကားပင်မှ ပန်းပဲမောင်တင့်တယ်နတ်မောင်နှမတို့ကို ပုပ္ပားတောင်၌ထား၍ နွားဖြူ နှင့်

သေအရက်များကိုတင်၍ ပူဇော်ပသကြသည်။ ပုပ္ပားနတ်ကို ပူဇော်ကြသော ပုဂံသူပုဂံသားတို့သည် နတ်တော်လတွင် ကျွဲခေါင်း၊ နွားခေါင်းများကို အိမ်ဦး၌ ဆွဲ၍ ပူဇော်ခဲ့ကြသည်။ သို့ရာတွင် မြန်မာသက္ကရာဇ် ၉၁၈ ခုနှစ် ဟံသာဝတီဆင်ဖြူရှင်မင်းတရားကြီးလက်ထက်တော်တွင် တိရစ္ဆာန်များကိုသတ်၍ ယဇ်ပူဇော်သောဓလေ့ကိုပပျောက်အောင် ဆောင်ရွက်လိုက်ရာ သက်သတ်လွတ် ဘောဇဉ် အာဟာရများဖြင့် ပူဇော်သောဓလေ့ဖြစ်ထွန်းခဲ့လေသည်။ သို့ရာတွင် မုန့်များဖြင့်ပူဇော်သောအခါ အကြော်အလှော်ကို နတ် မကြိုက်သဖြင့် ဓားလှီးမုန့်၊ မုန့်ဖက်ထုပ်စသည်တို့နှင့်သာ ပူဇော်ရသည်ဟုဆိုကြသည်။

ဆရာကြီးဒဂုန်နတ်ရှင်၏အာဘော်အရမှာ ဘိုးတော်မင်းတရားလက်ထက်မှအစပြု၍ ပူဇော်ပုံ ပူဇော်နည်းပြောင်းလဲသွားခဲ့ရာ ထိုနတ်တော်လတွင် နတ်ကဲ့သို့မြင့်မြတ်သောပညာရှိကြီးများကို ဘုရင်တို့က ချီးမြှင့်ပူဇော်၍၊ ဘွဲ့နှင်းသဘင်များခင်းကျင်းသော ဓလေ့တစ်ရပ် ပေါ်ထွန်းလာသည်ဟူ၍ ဖြစ်သည်။ ၁၉၄၂–၄၃ ဂျပန်အုပ်ချုပ်ရေးခေတ်တွင် စာရေးဆရာအသိုက်အဝန်းသည် မြန်မာနိုင်ငံစာရေးဆရာအသင်းကို တည်ထောင်ကြသည့်အခါ နတ်တော်လဆန်းတစ်ရက်နေ့ကို စာဆိုတော်နေ့ဟုသတ်မှတ်လိုက်ကြလေသည်။ ဤသည်မှစ၍ နတ်တော်လ ရာသီသည် စာဆိုတော်ပွဲရာသီဖြစ်လာခဲ့လေသည်။

# ပြာသိုလ

အာဒိစ္စရယ်တဲ့ ဖန်သူရိန်။
ပြင်လမ်း သူခွာလို့
ဒက္ခိဏာ ယဉ်အစွန်းမှာ
ထွန်းတဲ့ ခါချိန်။
ပြာသိုမှာ ဖြာစိုနှင်းရယ်နှင့်
ခါအလို ခွာညိုသင်းပါဘိ
မြင်းခင်းမြတ် တော်သဘင်မှာ
ပျော်ရွှင်ကြ ပြည်လုံး။
ပုဏ္ဏာမာ
ဖုသျှုငယ် ယုန်စန္ဒာနှင့်
မှုန်ပြာပြာ ဝဠာတွင်းမှာလ
ငွေပုစွန်တာရာ လင်းတယ်
နှင်းမြူပိတ်ဖုံး။

ပြာသိုလသည် ဆောင်းဥတု၏အလယ်ဥတုဖြစ်ခြင်းကြောင့် ဆီးနှင်းထူထပ်၍ အအေးဓာတ်လွန်ကဲသောအချိန်အခါဖြစ်သည်။ ထို အေးမြသော ရာသီတွင် ကိုယ်လက်လှုပ်ရှားကစားပျော်မြူးရန် အလွန် ကောင်းလှပေသည်။ ဤအကြောင်းကြောင့် ပြာသိုလတွင် မြင်းခင်း သဘင် ဆင်ယင်ကျင်းပခဲ့ကြသည်မှာ လွန်စွာသဘာဝကျသည်။ ဤမြင်းခင်းသဘင်တွင်

မင်းညီမင်းသား မှူးမတ်များနှင့်တကွ စစ်သေနာပတိများသည် မိမိတို့၏ အဆောင်အယောင် စစ်ဝတ်တန်ဆာတို့ကိုဝတ်စား ဆင်ယင်၍ ဓားရေး၊ လှံရေး၊ လေးရေး၊ သေနတ်ရေး၊ မြင်းရေး၊ ဆင်ရေး စသည်တို့ကို လေ့ကျင့်ပြသကြသည်။ ဤသည်ကိုရည်၍ အင်းဝမြို့ဘွဲ့ ဆယ့်နှစ်ရာသီလူးတားတွင် ဦးအောင်ကြီးက ပြာသိုလ၌ "မိန်ညိုချပ်ဝတ်၊ လျောက်ပတ်ဆောင်ယောင်၊ မှူးခေါင်မတ်များ၊ မင်းသားမင်းမြေး၊ ဆုံးရေးမတ်လျက်၊ စွယ်ယှက်ချီပင့်၊ ချွန်းဖွင့်တိုက်လျှင်၊ ဆင်တပ်ပြင်၍၊ ခြေလျင် ခြေချင်း၊ မြင်းလည်း မြင်းလျောက်၊ ထိုးမြှောက်လှံလေး၊ ခုန်ပြေးသံလျင်၊ စိုင်းနှင့်ကြွားလွှား၊ ဓားသွားနတ်ငင်၊ မွှမ်းမွှမ်းဖြင့်မျှ၊ သဘင် မြင်းခင်း၊ စစ်ဆင်ကျင်းသည်" ဟု ဆင်ခင်း၊ မြင်းခင်း၊ လှံရေးခင်း၊ ဓား ရေးခင်း စသည်တို့ကို သရုပ်ဖော်၍ စပ်ဆိုခဲ့သည်။

မြင်းခင်းသဘင်ဆင်ယင်ကျင်းပရာ၌ မြင်းစီးသူရဲကောင်းတို့သည် မြင်းကို ထိုင်လျက်၊ ရပ်လျက်၊ အိပ်လျက်၊ ရှေ့ပြန်နောက်ပြန်ပြုလျက် စီးပြကြသည်။ မြင်းစီးလျက်ပင် အဲမောင်းကိုလှံဖြင့်ပစ်ခြင်း၊ ဓားရေးပြခြင်း စသည်တို့ကိုလည်း ပြုလုပ်ကြသည်။ အဲမောင်းဆိုသည်မှာ ထိပ်တွင်အလံလွှင့် ထူထားသော စက်ဝန်းကြီးများဖြစ်သည်။ အဲမောင်းလှံထိုးပွဲနှင့်စပ်လျဉ်း၍ မောင်းထောင်သာသနာပိုင်လူထွက် အမတ်ကြီး မဟာဓမ္မသင်္ကြန်သည် အဲမောင်းရေး ၃၇ ချင်းသံပေါက်ကို စပ်ဆို၍ မြင်းစီးနည်း ၃၇ သွယ်ကို ပြဆိုခဲ့သည်။ ဤသည်ကို ထောက်ရှုလျှင် မြင်းခင်းသဘင်၌ ပါဝင် ဆင်နွှဲကြသောသူတို့၏ မြင်းရေးသည် မည်မျှ အဆင့်အတန်းမြင့်မည်ကို ခန့်မှန်းနိုင်ရာသည်။ မြင်းရေးပြသောအခါ မြင်းစီး၍သံပရာသီးကို လှံဖျား၌ စွပ်နေအောင် ထိုးခြင်း၊ ဓားနှင့် အပိုင်းပိုင်းဖြတ်ခြင်း စသည့်ခဲယဉ်းသော လေ့ကျင့်ခန်းများလည်း ပါဝင်သည်။ မြင်းမစီးဘဲနှင့်လည်း သံပရာသီးကို လှံဖြင့် ထိုးခြင်း၊ ဓားနှင့်ပိုင်းခြင်း စသည်တို့ကိုလည်း ပြုလုပ်ကြသည်။ ရေပြည့်အိုး တင်ကာ ထောင်ထားသောငှက်ပျောတုံးကို မြင်းစီးရင်း ဓားဖြင့် တစ်ချက်တည်း ပြတ်

အောင် ပိုင်းရသော မြင်းရေး၊ ဓားနှင့်တွက်ရသော မြင်းရေး စသည်တို့မှာ လွန်စွာအံ့သြဖွယ်ရာဖြစ်ပေလိမ့်မည်။ ဓားနှင့်တွက်ရာ၌ နောက်ပြန် တွက်ရသည်လည်း ရှိသည်ဟု ဆိုသည်။ ဓားအတွက် မကျင်လည်လျှင် မြင်းကို ဓားထိတတ်သည်။ သီပေါမင်းတရားကြီးလက်ထက်တွင် မြင်းခင်းသဘင်ကျင်းပပုံ အသေးစိတ်ကို ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး၌ ဖော်ပြထားသည်။ ထိုမြင်းခင်းသဘင်၌ အဲမောင်းရေး၊ သေနတ်ရေး၊ စက်ရေး စသည်တို့ကို မင်းညီမင်းသား စစ်သည်ဗိုလ်ပါတို့က အသီးသီးပြကြရသည်။ ထိုမြင်းရေးစသည်ပွဲများ၌ အောင်မြင်သူတို့ကို ဘုရင်မင်းမြတ်က ဆုတော်ငွေနှင့်တကွ ခေါင်းပေါင်း၊ ပဝါအုပ်၊ သဇင်ပန်းခိုင် စသည်တို့ကို သနားတော်မူသည်။

မြင်းရေးအပြင် စက်ထိုးပွဲဟူ၍လည်းရှိသည်။ စက်ထိုးပွဲမှာ အမြင့်သံတောင်ခြောက်ဆယ် ငါးဆယ် လေးဆယ်မြင့်သောစက်ကို လှံကျင်ထိုး၍ ပြရသည်။ လှံကျင်ကား အဝေးမှလှံကို လျင်လျင်မြန်မြန်လွှတ်ခြင်းပင် ဖြစ်သည်။ ဟံသာဝတီဦးဘရင်၏အမှတ်အသား၌ကား အမြင့် ၁၅ တောင်ရှိ စက်ဝိုင်းတိုင်ကို ၁၅ တောင်မှအဆင့်ဆင့်အတောင် ၆၀ အထိဝေးသော သတ်မှတ်ထားသည့်နေရာတို့မှ ကျပ်ပြားဝိုင်းဟု ဆိုသော စက်ဝိုင်းကို နှစ်တောင်သုံးတောင်ခန့်ရှိသော လှံကိုလွှတ်၍ထိုးရသည်ဟူ၍ တွေ့ရသည်။ ယှဉ်ပြိုင်သူတစ်ဦးလျှင် လှံဆယ်ချောင်းရှိရာ ယင်းတို့ဖြင့် လှံဆယ်ချက် ထိုးရသည်။ ပထမ ၁၅ တောင်အဝေးမှနေ၍ လှံကို လွှတ်ပြီးလျှင် တစ်စတစ်စနှင့် အတောင် ၆၀ အဝေးမှနေ၍ လှံကိုလွှတ်ရသည်။

မြင်းခင်းပွဲနှင့်အတူ ဆင်ခင်းပွဲကိုလည်း ကျင်းပသည်။ ယင်းကား ဆင်တိုက်ပွဲပင်ဖြစ်သည်။ တိုက်ဆင်များသည် အတူနေဆင်များ ဖြစ်ကြ၍၊ ငယ်ကြောက်ဖြစ်သောဆင်သည် နိုင်ရင်းဖြစ်သောဆင်ကို မထိုးဝံ့၊ မသတ်ဝံ့ ရှိတတ်သည်။ ထိုအခါ နိုင်ရင်းဆင်ကို "ဆုန်း"ဟု ခေါ်သော ဟသ်ပြဒါး

ဖြင့် သုတ်လိမ်းပေးသည်။ ထိုအခါ ငယ်ကြောက်သော နိုင်ရင်းသော မရွေး အားလုံးသောဆင်တို့သည် "စွယ်ယှက်ချိတ်ငင်၊ ဦးတင်ရေ့တိမ်း၊ ဘယ်ယိမ်း ညာလှည့်" နှင့်အချင်းချင်း ထိုးသတ်ကြသည်။

ဆင်ခင်းနှင့်စပ်လျဉ်း၍ ဟံသာဝတီဦးဘရင်၏အမှတ်၌ ဤသို့ပြ ဆိုထားသည်။ နတ်တော်လတွင် ဖမ်းမိထားသောဆင်တို့ကို ဆင်ကျုံး၌ ယဉ်ပါးအောင်သွန်သင်ပြီးလျှင် ပြာသိုလပြည့်နေ့၌ ယင်းဆင်တို့၏အရည် အသွေးကို စမ်းသပ်လေ့ရှိသည်ဟု ဆိုသည်။ ဤသို့စမ်းသပ်ရာ၌ ပထမ အဆင့်တွင် ဒိုင်းကို တစ်ပြိုင်နက်တီး၍လည်းကောင်း၊ သေနတ် တစ်ပြိုင် တည်းပစ်၍ လည်းကောင်း၊ ပေထုပ်များကိုလည်း တစ်ပြိုင်နက် ဖောက်၍ လည်းကောင်း အသံပေးသည်။ ဒုတိယအဆင့်တွင် မြင်းတပ်က ခွာသံပေး သည်။ ထိုအခါ ဆင်က နောက်ပြန်လှည့်၍ကြည့်လျှင် ယင်းဆင်ကို ဆင်မရဲ ဟုခေါ်၍ ဆက်လက်မသုံးတော့ချေ။ ကြောက်တတ်သောဆင်ကို နောက် ထပ်ကျင့်ပေးခြင်းမပြုသော အဓိပ္ပာယ်ဖြစ်သည်။ တတိယအဆင့်၌ ဆင်ချင်း တိုက်ပေးသည်။ ဤသို့တိုက်ပေးရာ ၌ နိုင်ရင်းဆင်ကို အခြားဆင်များ မမှတ် မိအောင် "ဆုန်း" သုတ်ပေး သည်။ စတုတ္ထစမ်းသပ်ခြင်း၌ ကျားရေစွပ်ထား သော စက်ကျားရုပ်နှင့် ဆင်ကိုခြောက်လှန့်သည်။ မကြောက်သောဆင်သည် စက်ကျားရုပ်ကို နှာမောင်းဖြင့်ဖျက်ဆီးလေသည်။ ထိုအခါ စမ်းသပ်ချက် အောင်ပြီဖြစ်၍ ယင်းဆင်ကို ယတြာရဆင်ဟုခေါ်သည်။ ယင်းကို မင်းသုံး သည်။ သို့တည်းမဟုတ် စစ်တပ်၌သုံးသည်။

ယခုခေတ်ကာလ၌ မြင်းခင်းပွဲ ဆင်ခင်းပွဲစသည်တို့ တိမ်ကော သွားခဲ့လေပြီ။ စစ်ရေးစစ်ရာ၌ အနည်းဆုံးတင့်ကား၊ လေယာဉ်ပျံ၊ တိုက် သင်္ဘော၊ တော်ပီဒိုစသည်တို့ဖြင့် လေ့ကျင့်နေကြသောခေတ်၌ ပင်ကိုသူရ သတ္တိနှင့်စွမ်းပကားကိုပြရာဖြစ်သော ဆင်ရေး မြင်းရေးစသည်တို့ကို ဤ ခေတ်၌ မမြင်ကြရတော့ချေ။

# တပို့တွဲလ

ပေါက်လဲရယ်တဲ့ ပွင့်စီစီ။
ဝတ်ပန်းသူရာရေကြောင့်
ဆက်ရက်တွေ သံစုံကျူးတယ်
မြူးသည့်ရာသီ။
ငွေသော်တာ ကြယ်မာဃငယ်နှင့်
ထွန်းလျှံပ ပြည့်ကာညီ
ပြာရီလဲ့ မြူခိုး။
ယာဂုပွဲကိုတဲ့
လှူမြဲအလွန်ရွှင်လို့
ခုနစ်စင် တာရာလျှမ်းသည်နှင့်
ဆူးပန်းတွေ ဝေဝေပွင့်ကြတယ်
ထူးတင့် မည်ြိုး။

တပို့တွဲလ၌ အချမ်းပိုသည်။ မြတ်စွာဘုရားရှင်၏လက်ထက်၌ တပို့တွဲလမှ တပေါင်းလသို့အကူးကြား ရစ်ရက်သည် အလွန်အေးမြသည်။ ဝိနည်းတော်အရ ဘုရားသခင်သည် ရဟန်းတို့ကို မီးမလှုံရန် တားမြစ်ပိတ်ပင်သည်။ တားမြစ်ရခြင်းအကြောင်းမှာ မီးနှင့်မျက်စိမသင့်ခြင်း၊ မီးလှုံခြင်း

ကြောင့် အဆင်းပျက်ခြင်း၊ ခွန်အားဆုတ်ယုတ်ခြင်း၊ မီးလှုံရင်း အပေါင်းအဖော်တို့နှင့်မွေ့လျော်နေခြင်း၊ ယင်းတို့နှင့်အကျိုးမရှိသောစကားများကို ပြောဆိုခြင်း ဟူ၍ ဖြစ်သည်။ သို့ရာတွင် အဆိုပါ တပို့တွဲလကုန် တပေါင်းလအကူး ကြားရှစ်ရက်သည် အလွန်တရာအေးမြသောကြောင့် ထိုရက်များအတွင်း ရဟန်းမီးလှုံရန်ခွင့်ပြုတော်မူရုံမျှမကသေး၊ မိမိကိုယ်တော်တိုင်လည်း မီးလှုံတော်မူလေ့ရှိ၏။ ဤသည်ကို အစွဲပြု၍ တပို့တွဲလ၌ မီးပုံသဘင်ကို ဆင်ယင် ကျင်းပကြသည်။ မီးပုံဟူသော အသုံးအနှုန်းမှာ အရပ်စကားဖြစ်သည်။ စာပေအမှတ်အသားအရမှာမူ မီးဖုန်းသဘင်ဟုရေးရသည်။ အလှူရှင် ဒကာ ဒကာမတို့သည် မီးဖုံးပွဲကို ကျင်းပရန်အလို့ငှာ တောသို့တက်၍ နံ့သာစသော ထင်းများကို လူစုလူဝေးနှင့်ခုတ်ကြသည်။ ထို့နောက် ထိုထင်းများကို စုပုံ မီးရှို့၍ ဘုရား ကျောင်း တန်ဆောင်းတို့၌ အပူဓာတ်ကို လှူဒါန်းပူဇော်သည်။ အချို့ကလည်း မီးမယ်ဖျူးခေါ် မီးလင်းဖို၌ အမွှေးနံ့သာထင်းများကို ထည့်၍ မီးဖိုကာ ပူဇော်ကြသည်။ ဤပွဲသဘင်ကို ဆင်ယင် ကျင်းပရာ၌ ဆောင်ရွက်ရမြဲထုံးစံမှာ လူ ၁၀၀၀ စု၍ နံ့သာထင်းခုတ်ပြီးလျှင် ထင်းစည်း ၁၀၀၀၊ မီးလင်းဖို ၁၀၀၀၊ ယာဂုအိုး ၁၀၀၀၊ ထန်းစင် ၁၀၀၀ တို့ကိုစီမံပြီးလျှင် ဘုရား၊ ကျောင်း၊ တန်ဆောင်းများ၌ မီးအပူဓာတ်ကို လှူဒါန်းပူဇော်ကြသည်။ ဤသဘင်နှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကျုံဒိုးရှိ ဓမ္မသုခကျောင်း၌ မီးပုံပွဲတော်ကျင်းပပုံကို မန်းသင့်နောင်က "ကရင်ပြည်နယ်အလှ"စာအုပ်တွင်မှတ်တမ်းတင်ထားသည်မှာ လွန်စွာမှတ်သားဖွယ် ကောင်းလှပေသည်။

တပို့တွဲလပြည့်နေ့မတိုင်မီ လဆန်းရှစ်ရက်နေ့ကစပြီး
မီးပူဇော်လို သူတို့သည် စင်းလုံးချော သက်ရင်းပင်များကို ခုတ်ယူ
ပြီးလျှင် အခွံခွာ၍ နနွင်း ဖြင့် လိမ်းကျံကာ သုံးဆင့်စည်းနှောင်ထား
ကြ၏။

ခြောက်သွေ့သောအခါ မီးပုံပွဲကျင်းပရာသို့ လပြည့်နေ့မတိုင်မီ လာရောက်စုပုံကြ၏။

မီးပုံတိုင်များစိုက်ထူရန် မြေကွက်လပ်တွင် အတောင် ၃၀ အရှည် ရှိသော ဥရှုတိုင်ကြီး ငါးတိုင် စိုက်ထား၏။ ထိုတွင် ထင်းစည်း၊ မီးပုံစည်းများကိုမှီ၍ စိုက်ထူ၏။

နံနက်လေးနာရီတွင် ဆရာတော်က ဝတ်ပြုဆုတောင်းရာ ရဟန်း ရှင်လူ တို့သည် ရှိခိုး ကန်တော့ကြ၏။ ထို့နောက် ဆရာတော်က မီးစတင် ရှို့လေရာ ရဟန်းရှင်လူတို့လည်း နီးရာမီးပုံတွင် သူ့ထက်ငါဦးအောင် ရှို့ကြလေသည်။

ဤအဆိုကိုကြည့်ခြင်းအားဖြင့် ရိုးရာအလိုက်ကျင်းပသော မီးပုံပွဲကို ကရင်ပြည်နယ်၌ ယနေ့တိုင်ကျင်းပမြဲဖြစ်သည်ဟုဆိုနိုင်ရာသည်။ ရှေးခေတ်ကကျင်းပသော မီးပုံပွဲတွင် ယာဂုအိုး ၁၀၀၀ လှူဒါန်းလေ့ရှိကြောင်း အထက်၌ပြဆိုခဲ့သည်ကို ကျွန်ုပ်တို့အထူးသတိမူကြရန်ရှိသည်။ ယင်းကို ထောက်ရှုလျှင် မီးပုံပွဲနှင့်ယာဂုပွဲဆက်စပ်နေသည်ကိုတွေ့ရပါလိမ့်မည်။ မီးပုံပွဲကျင်းပရင်းနှင့် ယာဂုအလှူဖြစ်ပေါ်လာလေသလော။ ယာဂုပွဲ ကျင်းပရင်းနှင့် မီးပုံပွဲဖြစ်ပေါ်လာသလော။ ဤနှစ်လီကို မဝေခွဲနိုင်ပါ။ စင်စစ် ဤ အလှူနှစ်မျိုးသည် တစ်ခုနှင့်တစ်ခုဆက်စပ်၍ တစ်ပြိုင်တည်း ဖြစ်ပေါ်လာသည်ဟုဆိုနိုင်ရာသည်။ ယာဂုပူဇော်ပွဲအစဉ်အလာကို ဝိနည်း ပိဋကတ် မဟာဝဂ်ပါဠိတော်၌ပြဆိုထားသည်။ တစ်ရံခါသော် မြတ်စွာဘုရားသည် များစွာသောသံဃာတော်တို့နှင့်အတူ အန္ဓဝိန္ဒရွာသို့ ဒေသစာရီကြွချီတော်မူရာ ဇနပုဒ်၌ နေသောသူတို့သည် ဆန် ဆီ ဆား ဆေး စသော လှူဖွယ်ဝတ္ထုတို့ကို လှည်းဖြင့်တင်၍ မြတ်စွာဘုရားကြွချီရာသို့ လိုက်ပြီးလျှင် ဆွမ်း ဘောဇဉ် အာဟာရတို့ကို ကပ်လှူပူဇော်ကြလေသည်။ ထိုအခါ ပုဏ္ဏား တစ်ယောက်သည်လည်း အလားတူ ဆွမ်းလုပ်ကျွေးလိုပါသော်လည်း မိမိ အလှည့်

မကျနိုင်သောကြောင့် အရှင်အာနန္ဒာကို ချဉ်းကပ်၍ ယာဂုနှင့်တကွ ပျားသကာမုန့်ချိုတို့ကို မြတ်စွာဘုရားနှင့်တကွ သံဃာတော်တို့အား ဆက်ကပ်ခွင့်ရပါရန် လျှောက်ထား တောင်းပန်လေ၏။ အရှင်အာနန္ဒာလည်း ဤအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားရာ မြတ်စွာဘုရားလည်း ပုဏ္ဏားအလိုရှိသည့် အတိုင်း ကပ်လှူပူဇော်စေရန် သည်းခံတော်မူလေသည်။ ဤသည်မှ စ၍ ယာဂုလှူပွဲအစဉ်အလာပေါ်ပေါက်သည်။ ဝိနည်းတော်အရ တပို့တွဲနှင့် တပေါင်း စပ်ကြား၌ ရဟန်းတို့ မီးလှုံစေရန် ခွင့်ပြုသောအကြောင်းနှင့် ဆက်စပ်ကြည့်လျှင် ယင်းမီးပုံပွဲနှင့် ယာဂုအလှူပွဲမှာ တစ်ဆက်တည်းဖြစ်ပေါ်လာသည်ဟု ယူဆရန်ရှိလေသည်။

ယာဂုဟူသည်မှာ ခေတ်စကားနှင့်ပြောရလျှင် ဆန်ပြုတ်ပင် ဖြစ်သည်။ သို့သော် လုံးတော်ဆရာတော်၏ အာဘော်အရ မြတ်စွာဘုရားသခင်သည် လေအနာနှိပ်စက်ခြင်းခံရလေသော် အရှင်အာနန္ဒာအား ယာဂုဆွမ်းခံချေဟု မိန့်တော်မူသဖြင့် မာတုဂါမတစ်ဦးထံအလှူခံရာ ထို မာတုဂါမက ချင်းစိမ်း၊ ငရုတ်၊ ကြက်သွန်၊ နှမ်းတို့ဖြင့်စီရင်ထားသော ယာဂုဆွမ်းကိုကပ်သဖြင့် လေနာငြိမ်းသည်ဟုဆိုသောကြောင့် ယာဂုသည် ငရုတ်၊ ကြက်သွန်စသည်တို့ပါသောဆန်ပြုတ်တစ်မျိုးဟုယူဆနိုင်သည်။ မင်းတုန်းမင်း လက်ထက် ယာဂုအလှူပွဲအကြောင်းကို ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး၌ ဖတ်ရှုနိုင်သည်။ ယင်းအလှူပွဲ အကြောင်း၌ ရွှေမြို့တော် လေးပြင်လေးရပ်တရုတ်၊ ကုလားမျိုးခြားမှစ၍ တိုင်းသူပြည်သား အားလုံးတို့သည် လူတစ်ကိုယ် ဆန်တစ်စလယ်ကျ စုဆောင်း၍ ယာဂုကျိုရာ၊ ယင်းယာဂု၌ ကောက်ညှင်း၊ ဆန်၊ ဆီ၊ ဆား၊ နှမ်း၊ ချင်း စိမ်း၊ မြေပဲ၊ အုန်းသီး၊ သစ်ကြားသီး စသည်တို့ကို ထည့်၍ ကျိုသည်ဟု ဆိုသည်။

ယင်းယာဂုကျိုခြင်းကိုပင်လျှင် ယခုခေတ်၌ ထမနဲထိုးသည်ဟု ဆိုကြောင်း မှတ်သားရသည်။ ထမနဲ (ဝါ) ထမင်းနဲ့ဟူသောစကားသည်

(ကောက်ညှင်း) ထမင်းကိုနဲ့ခြင်းဟူသောအသုံးအနှုန်းမှ ဖြစ်ပေါ်လာသည်။ ရှေးအရေးအသားအချို့တွင် ထမင်းနဲ့ဟူ၍ပင်ရေးကြသည်။ အချို့ကလည်း နှမ်းကိုကဲ၍ထည့်ခြင်းကြောင့် နှမ်းမနဲ့ဟူ၍လည်းခေါ်ကြောင်း ဆိုကြသည်။ ယင်းထမင်းနဲ့ထိုးခြင်းနှင့်စပ်လျဉ်း၍လိုသောပစ္စည်းအချိန် အဆကို တေးထပ် စပ်ဆိုရာ အောက်ပါအတိုင်း

× × × စားတော်ရ ဆန်ပေါက်ဝါ
လေးပြည်သာ ထည့်မြဲ။
ချိန်ပိဿာ လျှံကြည့်ရွဲအောင်လို့
နှမ်းဆီလဲ ထည့်ပြန်။
မြေပဲဆန် အငွှသုညငယ်နှင့်
ဒွတ္တိံသ တိလဗီဇံ။
အုန်းသီးစိတ် ကျပ်ဝီသံငယ်
လောန တံ ချိန်သတ်နှင့်
ချင်း နဖတ် သိင်္ဂီမျှင်ရွှေ
သုံးကျပ်မသွေ။

ဟူ၍သိရသည်။ အဓိပ္ပာယ်မှာ ကောက်ညှင်းဆန်လေးပြည်၊ နှမ်းဆီတစ် ပိဿာ၊ မြေပဲဆန် ၈ဝ သား၊ နှမ်း ၃၂သား၊ အုန်းသီးစိတ် ၂ဝ သား၊ ဆား ၇ သား၊ ချင်းစိမ်း ၃ သားတို့ကို ဒယ်အိုးတွင်နှံ့အောင်မွှေ၍ နဲ့ရသည်ဟူ၏။ ဤကား ယာဂုမှထမနဲဖြစ်လာပုံတည်း။ ဤသဘောကြောင့် ယာဂုနှင့် ထမနဲ အတူတူပဲဟု ဆိုရိုးရှိ၏။

# တပေါင်းလ

တပေါင်းရယ်တဲ့ မိန်ရာသီ။
ရွက်ဟောင်းကို လေနှင်လို့
ပန်တော်ဝင် ရွှေအင်ကြင်းငယ်
သင်းပျံ့ခဲ့ပြီ။
နီတျာ သန္တာနှစ်လိုပ
စီအမွှာ ညှာသရစ်ကယ်တို့
ဝနာသစ် ပြောင်းခါမှီ
ဆောင်းရာသီရယ်တဲ့ ကုန်ကျွမ်း။
ဘရဂုဏ္ဏီမှာ
တူအညီ သော်တာပြည့်ပါလို့
မျှော်ကြည့်သူ ကြည်ကြည်သာ၍
သည်အခါ ငွေတောင်ဦးမှာလ
သဲစေတီ သဘင်ထူးကို
မြူးလို့ ပျော်ခန်း။

တပေါင်းလသည် ဆောင်းရာသီ ဆုတ်ခွာစဉ် နွေရာသီ ဝင်လုသော အချိန်အခါဖြစ်သည်။ ဆောင်း၏သဘာဝမကုန်သေးသောကြောင့် ညအခါ၌ အလွန်အေးသည်။ သို့သော် နွေ၏သဘာဝသည် ထင်ရှားပြလာပြီ ဖြစ်၍ နေ့ခင်း၌ အလွန်ပူပြင်းသည်။ ဤသည်ကိုရည်၍ "နေ့ပူလို့ ညချမ်း၊

တပေါင်းလ လသရမ်း” ဟု ဆိုစမှတ်ပြုကြသည်။ သို့သော် ကဗျာ ကဝိပညာရှိတို့ကမူကား တပေါင်းလကို သာယာတင့်တယ်သော လဟု မှတ်ယူကြသည်။ တပေါင်းလကုန်လုနီး ဝသန္တရတုကို သက္ကတ၌ “ဂိတု ရာဇ”ဟု ခေါ်သည်။ ဤသည်ကိုထောက်၍ တပေါင်းလသည် ရတု (ဝါ) ရာသီဥတု တကာတို့တွင် ဘုရင်ဖြစ်သည်ဟုလည်း ဆိုကြသည်။

ဤအချက်ကို သာဓကထုတ်ဆောင်ပြရလျှင် “ပေလေးပင်၊ ရှင်လေးပါး”တွင်အပါအဝင်ဖြစ်သော ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်ခေမာတို့နှင့်ခေတ်ပြိုင်ဖြစ်သူ ရှင်အုန်းညိုစပ်ဆိုသော ဂါထာ ခြောက်ဆယ်ပျို့ကို ညွှန်းရလိမ့်မည်။ ထိုဂါထာခြောက်ဆယ်ဟူသည်မှာ မြတ်စွာဘုရားသခင်အား ခမည်းတော်သုဒ္ဓေါဒနမင်းက ဖူးမြော်လိုသောကြောင့် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ကြွမြန်းတော်မူပါရန် ကာဠုဒါယီသည် တပေါင်းလ၏သာယာပုံကို လျှောက်ထားသောဂါထာများ ဖြစ်သည်။ ဗုဒ္ဓဝင်အဋ္ဌကထာတွင် ယင်းဂါထာအရေအတွက်ကို ၆၄ ဂါထာဟုပြသည်။ အပါဒါန်အဋ္ဌကထာ၌မူ ၆၃ ဂါထာဟုပြသည်။ ရှင်အုန်းညိုသည် အပါဒါန် အဋ္ဌကထာ၌လာသောဂါထာများကို မှီငြမ်းပြု၍ ၆၀ ထက်ပိုလွန်နေသော အရေအတွက်ကို ပဓာနမပြုဘဲ ဂါထာခြောက်ဆယ်ပျို့ဟုအမည်ပေးကာ စပ်ဆိုသည်ဟု ဂန္ထဝင်၌ကျွမ်းကျင်သူတို့ကဆိုကြသည်။ အကျယ်ကို အထက်၌ပြဆိုခဲ့ပြီးဖြစ်သည်။

တပေါင်းလ၌ မြန်မာနိုင်ငံတန်ခိုးကြီးဘုရားများတွင် ဘုရားပွဲတော်များအသီးသီးကျင်းပကြ၏။ ထေရာအပါဒါန်၌ သဲပုံစေတီပူဇော်ခြင်းသမိုင်းကိုပြဆိုထားသည်။ နာရဒမည်သောရသေ့သည် ယမက တောင်အနီးကျောင်းသင်ခန်း၌သီတင်းသုံးစဉ် အမရိကမည်သောမြစ်သို့ချဉ်းကပ်၍ သဲပုံစေတီကိုတည်ပြီးလျှင် ယင်းစေတီကို သက်တော်ထင်ရှား မြတ်စွာ ဘုရားကဲ့သို့ ရည်စူးကာ ရှိခိုး၏။ ဤအကျိုးဆက်ကြောင့် ကွယ်လွန်သောအခါ

ဖြဟ္မာ့ပြည်သို့ရောက်ပြီးလျှင် ဘ၀အဆက်ဆက်၌ နတ်ဘုံနတ်နန်း၌ သိကြားမင်းအဖြစ် အကြိမ်ကြိမ်၊ လူ့ပြည်၌ စကြ၀ဠာမင်းအဖြစ် အကြိမ်ကြိမ် နတ်စည်းစိမ် လူ့စည်းစိမ်တို့ကို ခံစားရ၏။ ဤသည်ကို ရည်၍ တပေါင်းလ ဘုရားပွဲသည် သဲပုံစေတီ တည်ထားကိုးကွယ်ခြင်းမှ အစပြုသည်ဟု ဆိုကြသည်။

မင်းတုန်းမင်းတရားကြီး၏လက်ထက်တွင် ဗြိတိသျှပိုင် မြန်မာနိုင်ငံသို့ မှူးကြီးမတ်ရာများကိုစေလွှတ်၍ ရွှေတိဂုံဘုရား ထီးတော် တင်သည်။ ထီးတော်တင်၍ ပြီးသောအခါ မြန်မာသက္ကရာဇ် ၁၂၃၃ ခု၊ တပေါင်းလပြည့် (ခရစ် ၁၈၇၂၊ မတ်လ ၁ ရက်) နေ့တွင် ရွှေတိဂုံ ဘုရားပွဲတော်ကို ကျင်းပသောအခါ ပရိသတ်အလွန်များပြား စည်ကားကြောင်းနှင့် မြန်မာဂေဇက်သတင်းစာတွင်ဖော်ပြပါရှိသည်ဟု ဦးသော်ဇင်၏အမှတ်အသားတွင် တွေ့ရသည်။ စင်စစ် မြန်မာနိုင်ငံ ဗြိတိသျှတို့ လက်အောက်သို့မရောက်မီ ပဝေသဏီကပင် ဂျပန်ခေတ်မှတစ်ပါး နှစ်အဆက်ဆက် အစဉ်မပြတ် ရွှေတိဂုံဘုရားပွဲတော်ကို ကျင်းပခဲ့သည်မှာ ယနေ့တိုင်အောင်ပင် ဖြစ်သည်။

စာရေးဆရာကြီး ဒဂုန်နတ်ရှင်၏အမှတ်အသား၌ သာယာဝတီမင်းလက်ထက်တွင် ဆွမ်းတော်ကြီးပွဲတော်ကို စတင်ကျင်းပသည်ဟု ဆိုသည်။ ထိုပွဲတော်ကို ကဆုန်လပြည့်နေ့တွင်ကျင်းပသည်ဟုလည်း ဆိုသည်။ သို့ရာတွင် ဆရာကြီး ရေးသားစီရင်သော 'စာပေ၀တ်ဆံ အမှတ် ၅' တွင် တပေါင်းလအကြောင်းကို ရေးသားရာ၌ သက္ကရာဇ် ၁၂၁၄ (ခရစ် ၁၈၅၂) ခုနှစ်တွင် မင်းတုန်းမင်းတရားကြီးသည် ဆွမ်းတော်ကြီးပွဲကို သာယာဝတီမင်းလက်ထက်ကထက် ကြီးမားကျယ်ပြန့်အောင် ဆောင်ရွက်ခဲ့သည် ဟု ဆိုခြင်းကြောင့် ထိုခေတ်မှစ၍ တပေါင်းလဆွမ်းတော်ကြီးပွဲ ဖြစ်ပေါ်လာသည်ဟုယူဆရန်ရှိသည်။ သီပေါမင်း ပါတော်မူပြီးနောက်၌မူကား ဆွမ်းတော်ကြီးပွဲတော်အပြင် အရဏ်တော်ဟုခေါ်သော ဆွမ်းတော်ကြီးအလှူခံပွဲကို

အတီးအမှုတ်အကအခုန်နှင့် အရပ်တကာ လည်၍ မြို့တိုင်း ရွာတိုင်း၌ ကျင်းပကြသည်။ ဤအရဏ်တော်လှည့်ခြင်းနှင့်ဆွမ်းကြီးလောင်းခြင်းဓလေ့သည် ယနေ့တိုင်အောင်ရှိနေသည်။ များသောအားဖြင့် တပေါင်းလ၌ ကျင်းပမြဲဖြစ်သော်လည်း၊ တစ်ခါတစ်ရံ ဆွမ်း ကွမ်းလုံလောက်စေခြင်းအလို့ငှာ ခြောက်သွေ့သောရာသီများ၌လည်း ထိုပွဲများကို ကျင်းပလေ့ရှိကြသည်။

ရှေးက ရွှေတိဂုံဘုရားပွဲတော်ကျင်းပသည့်အခါ ထင်ရှားသောဆရာ ဘုန်းတော်ကြီးတစ်ပါးပါးပျံလွန်တော်မူသည်နှင့်ကြုံကြိုက်လျှင် ဘုန်းကြီးပျံပွဲကိုလည်း ကျင်းပလေ့ရှိသည်။ ရွှေတိဂုံဘုရားတောင်ဘက်မုခ်ခြေရင်းရှိ မြေကွက်လပ်မြက်ခင်းပြင်တွင် ထန်းပင်များကို ကျားရုပ်၊ လူရုပ်၊ ဗြဟ္မာရုပ်သဖွယ် ခပ်ပန်းချီအနုပညာစွမ်းအားဖြင့် စီရင်ဖန်တီး၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို လောင်တိုက်၌သွင်းကာ သာခုကီဠနသဘင်ကို ဆင်ယင် ကျင်းပလေ့ ရှိသည်။ ဘုန်းကြီး ပျံလွန်တော်မူသည်မှာ တစ်နှစ်အတွင်း မည်သည့်လ၌ပင်လျှင် ပျံလွန်စေကာမူ တပေါင်းလ၌ သာလျှင် သင်္ဂြိုဟ်မြဲဖြစ်သည်။ တပေါင်းလရာသီတွင် စပါးရောင်းချ၍ ငွေစရှင်ကြသဖြင့် ဤကဲ့သို့ဘုန်းကြီးပျံပွဲများကို ဘုရားပွဲနှင့်ကြုံကြိုက်စဉ် ကျင်းပကြဟန်တူသည်။ သို့ရာတွင် သူရိယသတင်းစာ၌ မြန်မာနိုင်ငံရေးတွင် ထင်ရှားသော သူရိယသတင်းစာအယ်ဒီတာဦးဘဖေ (ဘကြီး ဘဖေ)က ဘုန်းကြီးပျံ စရိတ်သည် တစ်နှစ်လျှင် ငွေဆယ်ကုဋေကျော် ကုန်ကျပြီးလျှင် နိုင်ငံခြားစက္ကူကုန်သည်များကို အလုပ်အကျွေးပြုသည်နှင့်တူကြောင်း ဝေဖန်ခဲ့ဖူးသည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ ဝိဝါဒတစ်ရပ် ပေါ်ခဲ့ရာ ယင်း ဝိဝါဒကိုငြိမ်းစေရန် ဆရာကြီးသခင်ကိုယ်တော်မှိုင်းက "ဆယ်ကုဋေကျော် ဂဏ္ဍိ"ကို ရေးသည်။ ထို့နောက်ပိုင်းတွင် ဘုန်းကြီးပျံပွဲများကို ရှေးကကဲ့သို့ ကြီးကျယ်ခမ်းနားစွာကျင်းပသောဓလေ့သည် တစ်စတစ်စနှင့် ပပျောက်သွားလေသည်။

ဘုရားပွဲများနှင့်နီးနွယ်၍ စည်တော်ကြီးပွဲများ ကျင်းပကြောင်းကိုလည်း ဆရာကြီးဒဂုန်နတ်ရှင်က မှတ်တမ်းတင်ခဲ့သည်။ စည်တော်ကြီးပွဲများမှာ ပုံကြီးဇာတ်ခင်းသည်နှင့် ဆင်ဆင်တူသည်။ စည်တော်ကြီးပွဲ၌ ဟန်အက ကသူတစ်ဦး၊ နှဲသမားတစ်ဦး၊ လင်းကွင်းတီးတစ်ဦး၊ ပုံတိုတီး တစ်ဦး ဟု လေးဦးပါစမြဲဖြစ်သည်။ နှောင်းကာလ၌ သီချင်းဆို၍ ဟန်ပြသူ ခေါင်းဆောင် တစ်ဦး၊ စည်တော်တီးနှစ်ဦး၊ ပုံတိုတီးတစ်ဦး၊ နှဲသမားတစ်ဦး ပေါင်း ငါးဦး ပါဝင်သည်။ စည်တော်ကြီးပွဲ၌ပါဝင်သူ အားလုံးသည် ခေါင်းပေါင်းဖြူ ဖော့လုံးနှစ်စထောင်၊ ပိတ်ဖြူဝန်အင်္ကျီ လက်ပွ၊ ပုဆိုးခါးပုံထိုး၍ ဟန်က အနေဖြင့် တီးမှုတ်သီဆိုကပြကြရသည်။ သီပေါမင်း လက်ထက် မှစ၍ စည်တော်တီးပွဲများကို ဘုရားပွဲတိုင်း၌ ပါဝင်ခဲ့ကြသည်။ ယခုခေတ်၌ စည်တော်တီးကို ဘုရားပွဲများ၌ များစွာ မတွေ့ရတော့ချေ။ သို့သော် အချို့သော သမင်္ဂလာဆိုင်ရာအခမ်းအနားတို့၌မူကား စည်တော်ရွမ်းသော အဖွဲ့များ ပါဝင်လေ့ရှိကြသည်။

ဆိုခဲ့ပြီးသောစကားအစဉ်တို့မှာ နောင်လာနောက်သားလူငယ်များ မှတ်သားစရာ ဆယ့်နှစ်ရာသီပွဲတော်များ၏အကြောင်းဖြစ်သည်။ မြန်မာတို့အဖို့ လတိုင်း လတိုင်း ပွဲတော်လဖြစ်သည်။ ပွဲတော်များမှာ သာသနာရေးနှင့်စပ်ဆိုင်သည်လည်းရှိသည်။ လူမှုရေးနှင့်စပ်ဆိုင်သည်လည်းရှိသည်။ လူမှုရေးသဘော၌ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအဓိက နိုင်ငံဖြစ်သောကြောင့် တောင်သူလယ်သမားတို့၏လုပ်ငန်းနှင့်စပ်လျဉ်းသည့် ပူဇော်ခြင်းကိစ္စများလည်း ပါဝင်သည်။ ဂါရဝ နိဝါတ တရားထွန်းကားလေအောင် လူကြီးမိဘတို့အား ကန်တော့သောကိစ္စများလည်း ပါဝင်သည်။ လူထုတစ်ရပ်လုံးကိုစည်းရုံး၍ ရပ်ရွာစည်ကားသာယာအောင် ဆောင်ရွက်သော

ကိစ္စများလည်းပါဝင်သည်။ အရိုးကိုအရွက်မဖုံးသာဟူသောစကားအတိုင်း မိမိတို့၏ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းရန် အလို့ငှာ ရာသီတို့၏ အကြောင်း၊ ရာသီပွဲများအကြောင်းကို နှောင်းလူတို့ သိသင့်သိထိုက်လှသော ကြောင့် အခြေခံအချက်အလက်များကို ပြုစုရေးသားလိုက်ပါသည်။ ဗဟု သုတ ရှာမှီးလိုသော ခေတ်လူငယ်တို့သည် အကျယ်ကိုသိလိုလျှင် ဤအခြေ ခံ အချက်တို့ကိုမူတည်၍ မိမိတို့ဘာသာ မိမိတို့ ဆက်လက် သုတေသနပြု ကြပါက မြန်မာမှုဆိုင်ရာ အသိတရားများ ဖွံ့ဖြိုးလာပေလိမ့်မည်။

မောင်ထင်

ရန်ကုန်မြို့

၁၉၈၇ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့။